www.burmeseclassic.com

တက္ကသိုလ်

# နှောင်ပင့်ဒေါင်

အရိုးဖြူဂိုကျား
သွေးနီအရိုင်း

စာစဉ်(၄)

www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်

# နေလင်းအောင်

## အရိုးဖြူကိုကျော်းသွေးနီအရိုင်း

(စာစဉ်–၄)

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၅၀၀၀၇၆၀၁၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၁၂၁၀၂၀၇

၂၀၀၇ ခုနှစ်
ပထမအကြိမ်၊ အုပ်ရေ ၅၀၀
တန်ဖိုး ၁၀၀၀/-ကျပ်

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင် (ချိုတေးသံစာပေ)
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ
ဦးသန်းဝင်း (ကျော် ပုံနှိပ်တိုက်)
အမှတ် ၂၃၉၊ ခေမာသီလမ်း
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးရိုက်
ဦးဝင်းကျော်မိုး (မုံရွေး ပုံနှိပ်တိုက်)
အမှတ် ၁၄၀၊ ၄၅ လမ်း
ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။

**ဒို့တာဝန် အရေးသုံးပါး**

- ☆ ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

**ပြည်သူ့သဘောထား**

- ☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက် (၄) ရပ်**

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

- ☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက် (၄) ရပ်**

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၄၄)

## အရိုးမြူကိုဏ်းချုပ်ကြီး

လိုဏ်ဂူအမိုးပေါ်၌ ခရီးတစ်ဝက်ခန့် ပြေးမိသောအခါ သူတို့ ဟန့်တားခံရတော့၏။

ကျုံဖေက ဟန့်တားသူအား ကြည့်လိုက်ရာ ဝါယီချန်ဖြစ်ကြောင်းကို တွေ့လိုက်ရသည်။

ကျုံဖေက ဝါယီချန့်အား အေးဆေးစွာ ပြောဧ၏။

"ဝါယီချန် .... မင်းသမီးတောင် အမြင်မှန်ရနေပြီ .... မင်းက ခုထိ အမြင်မှန် မရသေးဘူးလား ...."

ဝါယီချန် အံ့အားသင့်သွားလေတော့၏။ အဘယ့်ကြောင့်ဆိုသော် ဤနာမည်ကို သမီးနှင့် ဟူရှန်ဖုံမှတစ်ပါး မည်သူမျှ မသိသောကြောင့် ဖြစ်သည်။

သူမ၏အမည်ကို ဤကျွန်းပေါ် ရောက်သည့်အချိန်မှစ၍ မသုံးခဲ့သောကြောင့် ဖြစ်သည်။

ယခု အဘယ်ကြောင့် ကျုံဖေတို့လူစုက သိရှိနေပါသနည်း။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဤအချက်မှာ အရေးမကြီးပါ။

သူမအတွက် အရေးကြီးနေသည်မှာ သူမ၏သမီး ဝါဝီရှာပင် မဟုတ်ပါလား။

ထို့ကြောင့် သူမက ....

"ရှင်တို့ ကျွန်မသမီးကို လွှတ်ပြီး အေးအေးဆေးဆေး အညှံခံပါ .... အပြစ်ဒဏ်တော့ ခံရမှာပဲ .... ဒါပေမယ့် အသက်တော့ မသေစေရဘူး .... ကျွန်မ တာဝန်ယူတယ် ...."

ကျူးဖေက သက်ပြင်းချလိုက်သည်။

"အဲဒါ လုံးမဖြစ်နိုင်တဲ့ စေ့စပ်မှုပဲ .... ဒီတော့ ဓားနဲ့ပဲ ဖြေရှင်းကြတာပေါ့ ...."

ထို့နောက် ဓားထုတ်ကာ ဝါယီချုန်အား တိုက်ခိုက်တော့သည်။

ကျူးဖေသည် ဝါယီချုန်ကို လုံးဝမကြောက်ပါ။

အဘယ့်ကြောင့်ဆိုသော် သူ့သမီးဝါဝီရှာကို ဒိုင်းသဖွယ်ခံပြီး တိုက်ခိုက်နေသောကြောင့်ပါတည်း။

ဝါယီချုန်မှာ အခက်ကြုံသွား၏။ ကျာပွတ်ကိုသုံး၍ မရတော့ပေ။

ထို့ကြောင့် ရှောင်ကာ တိမ်းကာ သတိထားပြီး ပြန်လည်တိုက်ခိုက်နေရတော့သည်။

သူ့တိုက်ခိုက်မှုများမှာ လုံးဝအားမပါတော့ပေ။

ထိုစဉ် တာမိုက ဝါယီချုန်၏ နောက်သို့ လျှပ်တစ်ပြက်ခုန်ဝင်ကာ ဝတ်စုံနီ ဝါယီချုန်၏ သွေးကြောကို ထိုးပိတ်လိုက်လေ၏။



ဝါယီချုန်မှာ အငိုက်မိသွားပြီး သွေးကြောပိတ်ခံလိုက်ရတော့သည်။

စင်စစ် ဝါယီချုန်မှာ ဤမျှမညံ့ပါ။ သမီးဓားစာခံနေသောကြောင့်သာ သူတို့ ဝါယီချုန်ကို ဖမ်းမိခြင်း ဖြစ်ပါ၏။

ကျူးဖေက သက်ပြင်းချကာ ပြောသည်။

"ကဲ .... ကျုပ်တို့ အခု ဓားစာခံတစ်ယောက်တော့ ထပ်ရပြန်ပြီ ...."

ထိုစဉ် အဝါရောင်ဝတ်စုံနှင့် မိန်းကောင် ဟန်ဆောင်ထားသော လူဆယ်ယောက်ခန့် ရောက်ရှိလာပြန်သည်။

ကင်စီးဂွမ်နှင့် တာမိုတို့မှာ ကျူးဖေအား စကားပြောရန် အချိန်မရပါ။ ပြေးဝင်ကာ တိုက်ခိုက်လိုက်ကြရပြန်သည်။

အဝါရောင်ဝတ်စုံနှင့် လူများမှာ သိုင်းပညာ အဆင့်မမြင့်ပါ။

ထို့ကြောင့် မကြာမီပင် လေးငါးယောက်ခန့် လဲကျသွားပြီး ကျန်လူများအားလုံး ထွက်ပြေးသွားကြလေတော့သည်။

ထိုစဉ် ကင်စီးဂွမ်က အားလုံးကို တိုင်ပင်၏။

"အခု ကျုပ်တို့အားလုံး ဂူထဲဝင်ရင် ကောင်းမလား .... ဒါမှမဟုတ် ကမ်းခြေကိုသွားပြီး အစီအစဉ်ပြန်ဆွဲရင် ကောင်းမလား"

စင်စစ် သူတို့ရဲ့သုံးဖော်ချည်းဆိုလျှင် ကင်စီးဂွမ်သည် ကမ်းခြေသို့ ပြန်သွားမည်ဆိုပြီး ထွက်သွားရုံသာ ရှိသည်။ သို့သော် သူတို့ထဲ၌ ကျူးဖေ ပါနေသည်။ ကျူးဖေ ပါနေခြင်းအတွက် ဤသို့ တိုင်ပင်ခြင်း ဖြစ်သည်။

www.burmeseclassic.com



ဤသည်ကို ကျုံဖေ သိ၏။ သူတို့ တလေးတစား နေရာပေးနေသူများအား သူ မဆန့်ကျင်လိုပေ။

“နောင်ကြီး ကင်စီးဂွမ် ကမ်းခြေကိုပဲသွားပါ .... ဟိုကျမှ အစီအစဉ် ပြန်ဆွဲလို့လည်း နောက်ကျမယ်တော့ မထင်ပါဘူး .... ဘာဖြစ်လို့လဲဆိုရင် ဂူထဲဝင်ရင် ထပ်တလဲလဲ တိုက်နေရတာနဲ့ ဆယ့်နှစ်နာရီ ပြည့်သွားတောင်း ပြည့်သွားနိုင်လို့ပါပဲ ....”

ကင်စီးဂွမ်က ခေါင်းညိတ်၏။

“ကဲ .... အမြန်ဆုံး ကမ်းခြေကို ပြန်မယ် ....”

ကျုံဖေတို့လူစုမှာ ကမ်းခြေသို့ ချောမောစွာ ပြန်လည်ရောက်ရှိလာသည်။ ဟာန်ဂိုက ....

“ဟာ .... တို့တော့ ဒုက္ခပဲ ....”

ဟု အလန့်တကြား ရေရွတ်လိုက်၏။

တာမိုက ....

“ဘာကြောင့်လဲ ....”

ဟာန်ဂိုက ....

“ကျုပ်တို့အတွက် ယူဆန်ဖုံတို့သားအဖ ထားပစ်ခဲ့တဲ့လှေ မရှိတော့ဘူးဗျ .... အရိုးဖြူဂိုဏ်းသားတွေတွေ့ပြီး မြှုပ်ပစ်လိုက်ပြီလား မသိဘူး ....”

မှန်ပေသည်။ လှေမရှိတော့ပေ။ မည်သူ့လက်ချက်မှန်းလည်း မသိကြပေ။ သူတို့လေးဦး ခေါင်းချင်းရိုက် တိုင်ပင်ကြပြန်၏။

ထိုစဉ် တာမိုက ....



“ကျုပ်ပြောချင်တာကတော့ ကျုပ်တို့အားလုံး ဟိုဘက်ကျွန်းမှာ ပြန်ခိုရင်ကောင်းမယ် .... အဲဒီမှာ သေသေချာချာပြန်ပြင်ဆင်ရမယ် .... ဝါယီချန်နဲ့ ဝါပီရှာတို့ဆီက အကြံဉာဏ်တောင်းရမယ် ....”

ဟာန်ဂိုက ကန့်ကွက်လိုက်၏။

“နံပါတ်နှစ် .... ခင်ဗျား ဘာတွေလျှောက်ပြောနေတာလဲ .... ဘယ်မှာလဲလှေ .... လှေမရှိဘူးဆိုမှ ခင်ဗျားက ရေလမ်းအကြောင်း လာပြောနေတယ် ....”

တာမိုက သက်ပြင်းချပြီး ....

“အင်း .... လှေမရှိတော့လည်း လှေရအောင် ရှာကြတာပေါ့။ ဒီမှာ အမည်းရောင်လှေရှိမှာ သေချာတယ် .... ဒီလှေတစ်စင်းရရင်တော့ တို့လွတ်ပါပြီ .... သူတို့ လှေထားတဲ့နေရာ ရှာကြမယ်”

ဝါယီချန်က ပြုံးလိုက်ပြီး ....

“လှေကို ရှင်တို့က ဘယ်မှာရှာမှာလဲ ....”

ကျုံဖေက ခေါင်းညိတ်ကာ ....

“အင်း .... ကျွန်းပေါ် ပတ်ရှာကြမယ် .... လှေတစ်စင်းရရင်တော့ တို့လွတ်ပါပြီ .... သူတို့ လှေထားတဲ့နေရာ ရှာကြမယ်”

ဝါယီချန်က ပြုံးလိုက်ပြီး ....

“လှေကို ရှင်တို့က ဘယ်မှာရှာမှာလဲ ....”

ကျုံဖေက ခေါင်းညိတ်ကာ ....

“အင်း .... ကျွန်းပေါ် ပတ်ရှာကြမယ် .... လှေတစ်စင်းရရင် ပြေးလို့ရပြီ ....”

www.burmeseclassic.com

www.burmeseclassic.com



ဝါယိချန်က ....

"ရှင်တို့ အချိန်အလကားကုန်နေဦးမှာပဲ .... ရေတော့ တစ်စင်းမှ ရမှာမဟုတ်ဘူး .... "

တာမိုက ....

"ဘာကြောင့် မရရမှာလဲ .... ဒီမှာ ရေမည်းတွေရှိတာပဲ"

ဝါယိချန်က ....

"ကျွန်မကလည်း မရှိဘူးလို့ မပြောပါဘူး .... ဒါပေမယ့် ရေက ဘယ်မှာထားတယ်ဆိုတာ ရှင်တို့သိလို့လား .... "

လူထူးသုံးယောက်မှာ ပါးစပ်ပိတ်သွား၏။

ကျူဖေက ....

"ဒါဆို ဘယ်မှာသိမ်းထားသလဲ .... "

"မြေအောက်လိုဏ်ဂူထဲမှာ .... ဒီဂူဟာ ကမ်းခြေကို တစ်ဆက်တည်း ထွက်လို့ရတယ် .... ရဆွယ်ရှိနေတာကိုး .... ဒီနေရာကို ရှင်တို့ ရှာဖို့ လွယ်မှာ မဟုတ်ဘူး .... အတွင်းလူတွေပဲသိတယ် .... "

ကျူဖေက ပြုံးလိုက်၏။

ကင်စီးဝွမ်က ခေါင်းညိတ်ကာ ....

"မင်းတို့ကို ငါ ပြောပါရစေ .... ဟူရှန်ဖုံသာ ယုတ်မာတဲ့လူဆိုတာ သိရက်သားနဲ့ ငါတို့နဲ့ ဘာလို့ မပူးပေါင်းကြတာလဲ .... ငါတို့ကို လွတ်အောင် အကြံပေးစမ်းပါ .... ငါတို့လွတ်ရင် မင်းတို့လွတ်တာနဲ့ အတူတူပဲ မဟုတ်လား .... ဒီအတိုင်းသာဆို အားလုံးသေမှာပဲ .... တို့က အောက်လမ်းသိုင်းသမားတွေ မဟုတ်ပါဘူး .... လူကောင်း



သူကောင်းတွေ ဒုက္ခရောက်မယ့် အလုပ်ဆိုရင် ဘာမှ မလုပ်ပါဘူး"

ဝါယိချန်မှာ တွေဝေသွား၏။

ဟူရှန်ဖုံ ထွက်လာလျှင် ကင်စီးဝွမ်တို့ တစ်ဦးမျှ အသက်ရှင်ရန် မလွယ်ပါ။ ဟူရှန်ဖုံက သူတို့ကိုသတ်မည်ဆိုလျှင် သူတို့ကလည်း မိမိတို့ သားအမိကို သည်အတိုင်း လွှတ်ပေးလိုက်ကြမည် မဟုတ်ပါ။ ပါးကိုက်လျှင် နားကိုက်မည့် သူများသာ ဖြစ်ပါသည်။

ထိုစဉ် ကျူဖေက ဝင်ပြောလာ၏။

"ဝါယိချန် .... ကျူမ်တို့က ခင်ဗျားကို ကူခိုင်းတာ မဟုတ်ပါဘူး .... ရေတွေထားတဲ့ နေရာသာပြောပါ .... လွတ်အောင်ကြံပါ့မယ် .... ဒီအတွက် ခင်ဗျားတို့စေတနာ အလကား မဖြစ်စေရပါဘူး"

ဝါယိချန်မှာ တွေဝေသွား၏။

အတန်ကြာမှ ခေါင်းညိတ်ကာ မျက်နှာဖုံးကို ဆွဲချွတ်လိုက်၏။

ဝါယိချန်က ....

"အရိုးဖြူဂိုဏ်းမှာ စည်းကမ်းတစ်ခုရှိတယ် .... ဂိုဏ်းချုပ်ရဲ့ အမိန့်မရဘဲ မျက်နှာဖုံးချွတ်တဲ့လူဟာ သေဒဏ်ပေးခံရမယ့် သစ္စာဖောက်ပဲ .... ကျွန်မအခု မျက်နှာဖုံးချွတ်လိုက်ပါပြီ .... "

လူထူးလူဆန်းသုံးယောက်မှာ ထိုစကားကြောင့် ဝမ်းသာသွားလေသည်။

ဝါယိချန်ကို သုံးယောက်စလုံး ဂါရဝပြုလိုက်ကြ၏။

သူတို့သည် ဝါယိချန်အား သွေးကြောဖွင့်ပေးရန် ဟန်ပြင်လိုက်

www.burmeseclassic.com

www.burmeseclassic.com



ဝါယိချွန်က ....

"သွေးကြောဖွင့်မနေနဲ့ .... သူ ထွက်လာဖို့ သိပ်မလိုတော့ဘူး။ ခြောက်နာရီလောက်ပဲကျန်မယ် .... သူက ကျွန်မတို့ သားအမိကို တော့ သံယောဇဉ်ရှိဖို့ များပါတယ် .... ဓနီးနဲ့ သမီးကိုး .... ရှင်တို့က ကျွန်မတို့ကို သယ်ပိုးထားရင်း သူက စိုးရိမ်မှာပဲ .... ကဲ .... ကျွန်မ လှေထားတဲ့နေရာကို လိုက်ပြမယ် .... "

ဟန်ဂိုက ဝါယိချွန်အား ထမ်းလိုက်၏။

ဝါယိချွန်က ....

"ကမ်းခြေရဲ့ ဘယ်ဘက်ခြမ်းကို ပတ်ပြီးသွားပါ .... လမ်းမှာ မေးတဲ့လူမှန်သမျှ မညှာပါနဲ့ .... သူတို့ လွတ်သွားလို့ မဖြစ်ဘူး"

ကျူဖေက ခေါင်းညိတ်လိုက်၏။

သို့သော် ရင်ထဲ၌ လေးလံနေ၏။

သူတို့ကို ဘယ်သူမှန်းမသိဘဲ သုတ်သင်ရမည် ဖြစ်သည်။

ထိုအထဲ၌ ယန်ချင်ထန်၊ ယိဖျောင်းရှမ်းတို့ မောင်နှမသုံး ယောက်နှင့် ဟန်စုချင်တို့ ပါဝင်နေလျှင် မည်သို့ရှိမည်နည်း။

သို့သော် အခြေအနေက မတတ်သာပါ။

ဝါယိချွန်က ....

"ကဲ .... မြန်မြန်သွားကြ .... "

အားလုံးက ကိုယ်ဖော့ပညာကို အစွမ်းကုန်သုံးကာ ပြေးလာ ခဲ့လေတော့သည်။ ထို့နောက် တောင်၏ ဘယ်ဘက်ခြမ်းဆီသို့အသွား၌ ကျောက်လမ်းဘေးမှ အရိပ်နှစ်ခု ထွက်ပေါ်လာလေသည်။



သေသေချာချာ ကြည့်လိုက်ရာ စောစောပိုင်းက တိုက်ခိုက်ခဲ့ သော ဝတ်စုံနီ လူပုကလေးနှစ်ယောက် ထွက်ပေါ်လာလေသည်။

ဝါယိချွန်က ....

"သူတို့ကို သတိထား .... ဒီလူနှစ်ယောက်ဟာ ဟူရှန်ဖုံရဲ့ မွေး စားသားတွေပဲ .... သူတို့က ညီအစ်ကို ဖုံဝူနှင့် ဖုံတိုလို့ ခေါ်တယ်၊ သူတို့ သိုင်းပညာမဆိုးဘူး .... ရှင်းနိုင်ရင်ရှင်းပစ် .... "

ဟု သတိပေးလိုက်လေသည်။

တာမိုက ဂေါ်ပြားကိုထုတ်လိုက်၏။

ထို့နောက် ဖုံဝူနှင့် ဖုံတိုတို့အား တိုက်ခိုက်တော့၏။

ဖုံဝူနှင့် ဖုံတိုကလည်း လက်နက်ပုန်းနှင့် ပစ်ခတ်သည်။

တာမိုမှာ လက်တစ်ထောင် တာမိုဖြစ်၏။ လက်နက်ပုန်းထားရာ ၌ နံပါတ်တစ်ရှိသည်။ လက်နက်များ ပစ်လိုက်သည်နှင့် သူက သိလိုက် သည်။

ထိုလက်နက်ပုန်းများ၌ အဆိပ်ရှိနေကြောင်း သိသဖြင့် ဂေါ်ပြား နှင့် ယမ်းတုတ်ပစ်သည်။

ဖုံဝူနှင့် ဖုံတိုသည် တာမိုအား တကယ်တမ်း ရင်ဆိုင်ရသော အခါ မနိုင်ကြချေ။

တဖြည်းဖြည်း နောက်ဆုတ်ရတော့သည်။

တစ်ကွက်တွင် တာမိုအသာစီးရသွားသည်။

ဂေါ်ပြားနှင့် ရိုက်ချလိုက်သည်။

"ထန် .... "

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် အသံတစ်ချက် ထွက်ပေါ်လာပြီး ဂေါ်ပြားမှာ ချိုင့်သွားသည်ကို တွေ့လိုက်ရလေသည်။ တာမို၏လက်မောင်း ထုံကျဉ်သွား၏။ သူ၏ ဂေါ်ပြားလက်နက်ပင် ဖြုတ်ကျမတတ် ဖြစ်သွားသည်။

တာမိုမှာ အကြီးအကျယ် ထိတ်လန့်သွားတော့သည်။ သူ၏ ဂေါ်ပြားအား ချိုင့်ဝင်အောင် လက်နက်ပုန်းနှင့် ပစ်သူမှာ အတွင်းအားအလွန်အဆင့်မြင့်နေသူဖြစ်ကြောင်း သိလိုက်ရသောကြောင့်ပင်။

"ဒုက္ခပဲ .... ဟူရှန်ဖုံ ရောက်လာပြီ .... "

ဝါယီချုန်က ပူပင်စွာ ပြောလိုက်လေ၏။

ဝါယီချုန်၏အသံမှာ သိပ်မကျယ်ပါ။ သို့သော် အားလုံးက ကြားလိုက်၏။

ကျုံဖေမှာ အံ့ဩနေ၏။

ဟူရှန်ဖုံ ထွက်လာရန် ငါးနာရီမျှ လိုသေးသည်ဟု သိရှိထား၏။

သို့သော် ယခု မည်သည့်အတွက်ကြောင့် စော၍ ထွက်လာရပါသနည်း။

ဖုံဝူနှင့် ဖုံတိုတို့က ဝမ်းသာအားရနှင့် အော်လိုက်၏။ ထိုအော်သံသည် ကျွန်းပေါ်၌ ပျံ့လွင့်သွားသည်။

"ဖေဖေ .... ဖေဖေကြီးလာပြီ .... "

အားလုံးက လှမ်းကြည့်လိုက်၏။

ပိန်လှီသော လူတစ်ယောက် သူတို့ထံသို့ လျှောက်လာနေသည်ကို တွေ့လိုက်ရလေသည်။



ပေါ့ပါးလှသည်ကား အမှန်ပင်။

ထိုလူမှာ အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ထား၏။ မျက်လုံးမှာ စူးရှနေ၏။ တောက်ပနေ၏။ ပါးများ ချိုင့်ဝင်နေ၏။ မျက်လုံးများ ချိုင့်ဝင်နေ၏။ ရုပ်ရည်ကလည်း ဆိုးရွားကြမ်းတမ်းလှသည်။

သူ ငယ်ငယ်က ချောမောခဲ့သည်ဆိုလျှင် မည်သူကမျှ ယုံလိမ့်မည် မဟုတ်ပါ။

အသည်းငယ်သူများအဖို့ မျက်နှာကို တွေ့မြင်ရုံနှင့်ပင် ဒူးတုန်လောက်ပေသည်။

သူသည် ကျုံဖေတို့ လူစုအနီးသို့ ရောက်ရှိလာလေ၏။

ထိုလူကား အရိုးဖြူဂိုဏ်းချုပ် ဟူရှန်ဖုံပင် ဖြစ်ပါသတည်း။

ဟူရှန်ဖုံက ရယ်မောလိုက်ပြီး ....

"မင်းတို့တစ်သိုက် ငါ့ရဲ့ကျွန်းကိုလာပြီးတော့ သောင်းကျန်းဝံ့တာ အတော့်ကို ရဲတင်းတာပဲ .... လူကြည့်တော့လည်း နှစ်ယောက်နဲ့တစ်ပိုင်းပဲ .... တကယ့်လူတွေပဲ .... "

လူထူးသုံးယောက်မှာ ရင်ထိတ်နေ၏။

ကျုံဖေမှာ ဝမ်ပုကျင်ကို သွားပြီးသတိရမိသည်။

"ခင်ဗျားဟာ မီးကျွန်းရွာကတည်းက သေဖို့ကောင်းခဲ့တယ်၊ အခုတော့ မိစ္ဆာကျွန်းမှာပဲ သေရမှာပေါ့ .... "

ဟူရှန်ဖုံက အေးစက်စွာ ရယ်မောလိုက်၏။

"မင်းတို့ပုံစံကြည့်ကတည်းက အရင့်အမာ သိုင်းသမားတွေမှန်း သိပါတယ် .... "

www.burmeseclassic.com



တာမိုတို့က စောင့်၍ နားထောင်နေ၏။

ဟူရှန်ဖုံက ဆက်၍ ပြော၏။

"ငါ မီးကျွန်းက ပြေးလာရတာ မှန်တယ် .... ဘာကြောင့် ငါပြေးလာရသလဲဆိုတာ မင်းတို့ သိကြတယ် မဟုတ်လား .... ငါ့ကို လူနှစ်ယောက်နဲ့ တစ်ပိုင်း လာတိုက်လို့ ပြေးရတာ မဟုတ်ဘူး .... ဂိုဏ်းကြီးငါးဂိုဏ်းနဲ့ သိုင်းသမားတစ်ထောင်ကျော် လာတိုက်လို့ ပြေးရတာ .... မင်းတို့ကို ငါ လုံးဝဂရုမစိုက်ဘူးဆိုတာ နားလည်ထားကြ"

ဤကား အမှန်ပင်။

မီးကျွန်းသခင်သည် သိုင်းတပ်ပေါင်းစုကြီးကို ကြံ့ကြံ့ခံတိုက်ပြီးမှ ရှုံးသွားခြင်း ဖြစ်ပေသည်။

သူသည် ချက်ချင်းပင် ကျုံဖေတို့ လူစုရှေ့သို့ ရောက်ရှိလာလေ၏။

သူ ရောက်လာသည်နှင့် လူထူးလူဆန်းသုံးယောက်က ဝိုင်း၍ တိုက်ခိုက်ကြသည်။

ဟူရှန်ဖုံက အေးအေးပင် တိုက်ခိုက်သည်။

လူထူးသုံးယောက်မှာ ထိတ်လန့်သွား၏။ ဟူရှန်ဖုံ၏ သိုင်းကွက်မှာ ထူးဆန်းလှ၏။

ထို့ကြောင့် ရင်ဆိုင်မတိုက်ရဲ၍ နောက်သို့ ဆုတ်ပေးရသည်။

စင်စစ် ဟူရှန်ဖုံမှာ အအေးလက်ဝါးသိုင်းအား အောင်မြင်စွာ မလေ့ကျင့်ရသေးပါ။

သူ၏ဇနီးနှင့် သမီး ရန်သူ၏လက်ထဲ ကျရောက်နေပြီဟူသော



သတင်းကြောင့် ထွက်လာခဲ့ခြင်း ဖြစ်ပါသည်။

ယခု ဟူရှန်ဖုံက ဆက်တိုက်ဆိုသလိုပင် လူထူးလူဆန်းသုံးယောက်စလုံးအား တိုက်ခိုက်နေလေသည်။

လူထူးလူဆန်းသုံးယောက်မှာ ဟူရှန်ဖုံ၏ မြင့်မားလှသော သိုင်းပညာကို ကြည့်ကာ ရင်ထိတ်မိ၏။ သူတို့၏ မလှပသော အနာဂတ်ကို မြင်လာမိကြသည်။

ဟူရှန်ဖုံအား ခုခံလိုလျှင် ပူးပေါင်းတိုက်ကွက်ကို သုံးမှဖြစ်မည်ဟု ကင်စီးဝွမ် သိလိုက်၏။

"မိုးမြေ .... "

ကင်စီးဝွမ်က အော်လိုက်၏။

ချက်ချင်းပင် သူတို့က မိုးနှင့် မြေ သိုင်းကွက်ပုံအတိုင်း နေရာယူလိုက်လေသည်။ သူတို့၏ အထက်မြက်ဆုံး ပူးပေါင်းသိုင်းကွက်ဖြစ်၏။

သူတို့၏ တစ်သက်တာအတွင်း မည်သည့်ရန်သူကိုမျှ ဤသိုင်းကွက်ကို အသုံးပြုရသည့် အခြေအနေသို့ မရောက်ခဲ့ပေ။

ယခု ဟူရှန်ဖုံနှင့် ရင်ဆိုင်ရသည့်အတွက်ကြောင့်သာ ထိုသိုင်းကွက်ကို အသုံးပြုလိုက်ခြင်း ဖြစ်ပါသည်။

ဟူရှန်ဖုံက ရယ်မောလိုက်လေသည်။

"မင်းတို့က သုံးယောက်ပေါင်းမှ ငါ့ကိုနိုင်မယ်လို့ ထင်နေကြသလား၊ စမ်းကြည့်ဦးပေါ့လေ .... "

ဟူရှန်ဖုံက ထိုမျှသာ ပြော၏။

www.burmeseclassic.com

www.burmeseclassic.com



[illegible] လက်ဝါးရိုက်များမှာ ရှပ်ထွေးစွာ ထွက်ပေါ်လာ [illegible]

[illegible] လက်ဝါးချင်း ရင်မဆိုင်ရဲပါ။

တာမိုကမူ သူ၏ ဂေါ်ပြားနှင့် ခုခံလိုက်၏။

"ဖုန်း ...."

တာမို၏ ဂေါ်ပြားနှင့် ဟူရှန်ဖုံ၏ လက်ဝါးမှာ ထိတွေ့သွားပြီး ကပ်သွားလေသည်။

တာမို ရင်ထိတ်သွား၏။ ဂေါ်ပြားအား ပြန်ဆွဲလိုက်သည်။ သို့သော် မရပါ။

ဂေါ်ပြားမှတစ်ဆင့် အတွင်းအားတစ်ခုက သူ့ထံသို့ အတင်းတိုးဝင်လာနေသည်ကို ခံစားလိုက်ရလေသည်။

တာမိုမှာ မျက်နှာပျက်သွား၏။

သူက ဂေါ်ပြားကို လွှတ်ပေးရတော့မည် ဖြစ်သည်။ မလွှတ်ပါကလည်း ဟူရှန်ဖုံ၏ အတွင်းအားကို မခုခံနိုင်ပါချေ။

ထို့ကြောင့် သူ ဂေါ်ပြားကို လက်လွှတ်လိုက်ရလေသည်။ ထိုစဉ်မှာပင် ....

"ဝှစ် .... ဝှစ် .... ဝှစ် .... "

ဟူသော အသံများ ထွက်ပေါ်လာပြီး အပ်ကလေးများမှာ ဟူရှန်ဖုံ၏ မျက်နှာဆီသို့ ပစ်လွှင့်သွားလေသည်။

ထိုအပ်ကလေးများမှာ ကျိုဖေက ပစ်လွှင့်တိုက်ခိုက်လိုက်ခြင်းသာ ဖြစ်ပါသည်။



ဟူရှန်ဖုံမှာ ကျိုဖေ၏ လက်နက်ပုန်းများကြောင့် လုယူထားသော ဂေါ်ပြားကိုလွှတ်ကာ နောက်ကျွမ်းထိုးရှောင်တိမ်းလိုက်ရလေသည်။

တာမိုမှာ သက်သာရာရသွားသည်။ သူက ဂေါ်ပြားကို ပြန်ကောက်လိုက်၏။

ထိုစဉ် အရိုးဖြူဂိုဏ်းချုပ် ဟူရှန်ဖုံက ရှေ့သို့ ပြန်တိုးလာကာ တိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

ကင်စီးဂွမ်က တွေးမိသည်။ သူတို့မှာ ဟူရှန်ဖုံအား ပြန်မတိုက်နိုင်ပါ။ ခုခံ၍သာ နေရ၏။

ကြာလျှင် ရှုံးနိမ့်ရန်အတွက် ပိုများသည်ဟု ယူဆလိုက်၏။ ထို့ကြောင့် သူက ဟန့်တားလိုက်ပြီး ....

"နေပါဦး .... ကျုပ်တို့ ပြောစရာရှိတယ် .... "

ဟူရှန်ဖုံက ....

"ဘာလဲ .... အရှုံးပေးပြီလား .... "

ကင်စီးဂွမ်က ခေါင်းခါရင်း ....

"အရှုံးပေးတာ မဟုတ်ပါဘူး .... ခင်ဗျားရဲ့ ဇနီးနဲ့ သမီး ကျုပ်တို့ လက်ထဲမှာ .... သူတို့အသက်ကို ခင်ဗျား ပြန်လိုချင်သလား"

ဟူရှန်ဖုံက ရယ်မောလိုက်၏။

"မင်းတို့က ငါ့ကို အကျပ်ကိုင်တယ်ဆိုပါတော့ .... မင်းတို့လည်း ငါ့လက်ထဲမှာပဲ .... မင်းတို့ လူက အားလုံးခြောက်ယောက်တောင် ရှိသေးတယ် .... "

www.burmeseclassic.com

www.burmeseclassic.com



ဟန်ဂိုက ထိုစကား ကြားသောအခါ ဝမ်းသာသွား၏။

ထို့ကြောင့် ....

သူက မေးလိုက်၏။

"ခြောက်ယောက် ဟုတ်လား .... "

"ဟုတ်တယ် .... မိန်းကလေးသုံးယောက် .... ယောကျ်ားသုံးယောက် .... "

ယန်ချင်ထန်တို့ သားအဖ၊ ယိဖျောင်းရှမ်းတို့ သားအဖ၊ ဟန်ချင်တို့ဖြစ်ကြောင်း နားလည်လိုက်၏။

သူတို့အားလုံးမှာ အတိတ်မေ့ဆေး အကျွေးခံရပြီးပြီလော။ သူ မသိပါ။

သူက စဉ်းစားရင်း အကြံရလာ၏။

ထို့ကြောင့် ဟူရှန်ဖုံအား လှမ်းပြောလိုက်၏။

"ဟူရှန်ဖုံ .... ခင်ဗျားက ကျုပ်တို့လူတွေကို ဖမ်းထားသလို ကျုပ်တို့ကလည်း ခင်ဗျားရဲ့ လူတွေကို ဖမ်းထားတာပဲ .... ဒီတော့ ကျုပ်တို့ လူခြောက်ယောက်နဲ့ ခင်ဗျားရဲ့ လူနှစ်ယောက်လဲမယ်"

ဟူရှန်ဖုံ ရယ်မောလေတော့၏။

"လဲပြီး ဘာလုပ်မှာလဲ .... မင်းတို့က သေလူတွေပဲ .... "

"လဲမလဲသာပြောပါ .... "

"ငါက ခြောက်ယောက်ပေးရမယ် ဟုတ်လား .... လဲရင် အ တူချင်းပဲ လဲပေါ့ .... "

ကျုံဖေက နှာခေါင်းရှုံ့လိုက်၏။



"ခင်ဗျားဟာ ဂိုဏ်းချုပ်ကြီးတစ်ယောက်၊ ဈေးဆစ်ရလောက်အောင် သူရဲဘော မကြောင်သင့်ဘူး .... "

ဟူရှန်ဖုံ ဒေါသထွက်သွားလေ၏။

"မင်း ဘာစကားပြောတာလဲ .... "

"ကျုပ် အမှန်ပြောတာ .... ဒီကျွန်းဟာ ခင်ဗျားရဲ့ ပိုင်နက်၊ ခင်ဗျား အင်အားတွေဟာလည်း အများကြီး .... ခင်ဗျားကိုယ်တိုင် ကျုပ်တို့ကို သတ်နိုင်တယ်လို့လည်း ပြောနေသေးတယ် .... ကျုပ်တို့ လူခြောက်ယောက် ပြန်ထွက်လာတာနဲ့ ခင်ဗျား ရှုံးပြီလို့ တွက်ထားသလား .... "

ဟူရှန်ဖုံမှာ တွေဝေသွား၏။ သူ ဖမ်းထားသော လူခြောက်ယောက်မှာ သိုင်းပညာ မဆိုးပါ။

သို့သော် ....

ကျုံဖေတို့လောက် အဆင့်မြင့်ကြောင်း သူ သိသည်။

ထို့အပြင် ကျုံဖေတို့လူစုမှာ ဤကျွန်းပေါ်မှ ထွက်ပြေးရန်လည်း လမ်းမရှိပေ။

သူ့ဘက်မှ အဖမ်းခံထားရသူမှာ သူ၏ ဇနီးနှင့် သမီးပင်ဖြစ်၏။

သူသည် ရက်စက်ကြမ်းကြုတ်သော်လည်း သမီးနှင့် ဇနီးအပေါ်တွင် ထိုက်သင့်သလောက်တော့ သံယောဇဉ်ရှိပေသည်။

ဟူရှန်ဖုံက ဖုံဂူနှင့် ဖုံတိုတို့ဘက်သို့လှည့်၍ အမိန့်ပေးလိုက်၏

www.burmeseclassic.com

www.burmeseclassic.com



"ကဲ .... ငါဖမ်းထားတဲ့ ခြောက်ယောက်ကို သွားခေါ်လာခဲ့စမ်း .... "

ဖိုဝူနှင့် ဖိုတိုတို့ ပြေးထွက်သွားလေ၏။



မကြာမီ ဖိုဝူနှင့် ဖိုတို ပြန်ရောက်လာ၏။ သူ၏နောက်၌ လူခြောက်ယောက် ပါလာသည်။

အဝါရောင်ဝတ်စုံများ ဝတ်ဆင်ထားကြသဖြင့် ကျုံဖေတို့ မျက်မှောင်ကုတ်သွားသည်။

သေသေချာချာကြည့်လိုက်ရာ ယိဖျောင်းရှမ်းမှာ ရှေ့ဆုံးမှ ထွက်လာသည်။ သူ၏ အမူအရာအရ ယိဖျောင်းရှမ်းမှာ အဆိပ်မိမိပုံ မရသေးကြောင်း သိသာသည်။

ကျန်ငါးယောက်မှာမူ အဆိပ်မိနေဟန်ရှိသည်။ နဖူးနထိုင်း ဖြစ်နေကြသည်။

ဟူရှန်ဖုံက ယိဖျောင်းရှမ်းတို့ ခြောက်ယောက်အား ကျုံဖေတို့ ထံ ပို့ပေးလိုက်၏။

လဲမည့်လဲတော့လည်း လွယ်လွယ်ကူကူပင်။

ဟူရှန်ဖုံက ....

"ကဲ .... ငါက လွှတ်ပေးပြီ .... မင်းတို့က ပြန်လွှတ်ပေးပါ"

www.burmeseclassic.com

www.burmeseclassic.com



ကျုံဖေက လွှတ်ပေးရန် ဟန်ပြင်လိုက်၏။

ယိဖျောင်းရှမ်းက လေသံဖြင့် တီးတိုးပြောလိုက်၏။

"ဘာ .... ဘာလို့ လောနေတာလဲ .... ကမ်းစပ်ရောက်မှ လွှတ်ပေးမယ်လို့ ပြောလိုက် .... "

ကျုံဖေက အံ့အားသင့်သွား၏။

"အကြောင်းကို ပြောပါဦး .... "

တီးတိုး ပြန်မေးလိုက်၏။

"ကျွန်မပြောသလို လုပ်ပါ .... ကျွန်မက အဆိပ်မိတဲ့ လူတွေကို ဖြေဆေးပေးနိုင်ပြီ .... ရက်တစ်ရာ မကျော်ရင် ကုသလို့ရတယ်"

ကျုံဖေမှာ ဝမ်းသာသွားသည်။

သူတို့လေးယောက် ဟူရှန်ဖုံအား ခုခံနိုင်ရုံသာရှိ၏။

ယခု ယန့်ချင်ထန်တို့ကိုပါ ဖြေဆေးပေးနိုင်လျှင် အင်အားပို တောင့်လာမည် ဖြစ်ပါသည်။ စည်းရုံးသော အင်အားသည် ရန်သူကို နိုးရွံ့စေမည်ကား အမှန်။ မြက်ဖြင့် ထုံးဖွဲ့သော ကြိုးပင်ဖြစ်သော်လည်း ဆင်ကို ချည်နိုင်သည် မဟုတ်ပါလား။ ထို့ကြောင့် သူက ယိဖျောင်းရှမ်း ပြောနိုင်းသည့်အတိုင်း ပြောလိုက်၏။

"ကျုပ်တို့ အခု မလွှတ်နိုင်သေးဘူး .... ကမ်းခြေရောက်မှ လွှတ်ပေးမယ် .... "

ဟူရှန်ဖုံ ဒေါသထွက်သွားလေတော့၏။

"မင်း ဘာစကားပြောတာလဲ .... ကတိဖျက်တာလား"

ကျုံဖေက ရှင်းပြ၏။



"ကျုပ်တို့အားလုံးဟာ ခင်ဗျားရဲ့ ပလိုင်းထဲကဖားလို့ ယုံကြည်နေရင် ကျုပ်တို့ တောင်းဆိုချက်ကို ခင်ဗျား ဘာမလိုက်လျောစရာ ရှိသလဲ .... ကျုပ်တို့ကိုကြောက်နေတယ်ဆိုရင်တော့ ခုချက်ချင်း ခင်ဗျားရဲ့ သမီးနဲ့ ဇနီးကို လွှတ်ပေးလိုက်မယ် .... "

ကျုံဖေ၏ စကားပြောကျင်လည်ပုံကို ကင်စီးဝွမ် သဘောကျသွား၏။

"ဒီလူဟာ လက်ရုံးရည်သာ မကဘူး .... နှလုံးရည်လည်းရှိတယ် .... ဟူရှန်ဖုံ မလိုက်လျောဘဲ လုံးဝမနေနိုင်ဘူး .... "

ဟူရှန်ဖုံက စဉ်းစားလိုက်၏။

လူထူးလူဆန်းသုံးယောက်နှင့် ကျုံဖေ အားလုံးလေးယောက်ကို သူက မမှုပါ။

သူ၏ အအေးလက်ဝါးသိုင်း သုံးရန်ပင် မလိုပါ။ အခြား သိုင်းပညာများနှင့်ပင် အနိုင်ရနိုင်သည်ဟု တွေးမိလိုက်၏။ ထို့ကြောင့် သူက သဘောတူရန် ဟန်ပြင်လိုက်သည်။

ထိုစဉ် အတွေးတစ်ချက် ဝင်လာ၏။

ကျုံဖေတို့မှာ ရေခဲခုန်ချပြီး ထွက်ပြေးရန် ကြံစည်နေသလော။ မဖြစ်နိုင်ပါ။

ပင်လယ်ထဲ၌ မည်သို့လွှတ်အောင် ကူးခတ်ပြေးနိုင်ပါမည်နည်း။

နောက်ဆုံး သူက မလွှတ်နိုင်ဟု ယူဆလိုက်၏။

ထို့ကြောင့် သူက သဘောတူလိုက်လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ .... မင်းတို့ ကြိုက်တဲ့နေရာကိုသာ သွားကြပါ .... ငါဟာ မင်းတို့ကို လုံးဝ တန်းတူတယ်လို့ မယူဆပါဘူး .... "

ယိဖျောင်းရှမ်းမှာ ဟူရှန်ဖုံ သဘောတူလိုက်သော‌ကြောင့် ဝမ်းသာသွားလေသည်။



သူတို့က ကမ်းခြေသို့ ဆင်းလာ၏။

ယိဖျောင်းရှမ်းက လေသံဖြင့် ....

"ဘဘတို့ ဟူရှန်ဖုံကို အချိန်ဆွဲပြီး ခုခံထားပါ .... ဦးဦးယန်ချင်ထန်တို့ ကျွန်မအဖေတို့ကို ရအောင် ကျွန်မ ကုသပေးပါ့မယ်ရှင်"

လူထူးလူဆန်းသုံးယောက်က ခေါင်းညိတ်လိုက်လေသည်။

ကျုံဖေမှာ ရင်ထဲ၌ လေးလံနေ၏။

ထို့ကြောင့် ယိဖျောင်းရှမ်းအား မေးလိုက်၏။

"သမီးက တကယ်ပဲ ဖြေဆေးရလို့လား .... "

ယိဖျောင်းရှမ်းက ....

"အတိတ်မေ့ အဆိပ်မိထားတဲ့လူဟာ ရက်တစ်ရာမကျော်ရင် သူတို့ကို ဆားရည်များများ တိုက်ကျွေးတာနဲ့ အဆိပ်ပြယ်တယ်လို့ ပြောကြတယ် .... "

ကျုံဖေက ....

"ဘယ်က ကြားလာတာလဲ .... "

www.burmeseclassic.com

www.burmeseclassic.com



ယိဖျောင်းရှမ်းက ....

"ငတ်စုံနီတွေ ပြောနေတာ ကြားလာခဲ့တာပါ .... "

သူတို့ စကားတပြောပြောနှင့် ဆင်းလာရာ မကြာမီ ကမ်းခြေသို့ ရောက်ရှိလာလေတော့သည်။

အရိုးဖြူဂိုဏ်းချုပ် ဟူရှန်ဖုံက ရပ်နေ၏။

သူ့အား ကျုံဖေနှင့် လူထူးလူဆန်းလေးယောက်က ဝိုင်းရံထားလေသည်။

မကြာပါချေ။

တိုက်ခိုက်မှုမှာ စတင်တော့သည်။



ယိဖျောင်းရှမ်းမှာ ပထမဦးဆုံး သူမ၏ဖခင် ယိထင်းဟောင်ကို ဆွဲကာ ကမ်းခြေသို့ ခေါ်လာ၏။

ထို့နောက် သွေးကြောပိတ်ကာ ခေါင်းကို ပင်လယ်ထဲသို့ နှစ်လိုက်တော့သည်။

ယိဖျောင်းရှမ်းမှာ သူမ၏ဖခင်အား ရေထဲ၌ အတန်ကြာနှစ်ပြီးနောက် ပြန်ဖော်လိုက်၏။

ထို့နောက် သွေးကြောကိုဖွင့်ကာ နှိပ်ပေးလိုက်လေသည်။

ယိထင်းဟောင်းမှာ အန်ချလိုက်ပြီးနောက် သတိပြန်ရလာသည်။

သတိရလာလာချင်း ယိဖျောင်းရှမ်းကို တွေ့သောအခါ အံ့အားသင့်သွားလေသည်။

"သမီး ဘယ်တုန်းက ရောက်နေတာလဲ .... ဒီနေရာ ဘယ်နေရာလဲ .... "

ယိဖျောင်းရှမ်းက ....

www.burmeseclassic.com

www.burmeseclassic.com



"နောက်မှ သမီးပြောပြမယ် .... ဟိုမှာ ဦးလေးတို့လည်းရှိတယ် .... သူတို့ကို ပင်လယ်ရေထဲနှစ်လိုက်ပါ .... "

ယိထင်းဟောင်မှာ ဘာမှနားမလည်ပါ။

သမီးဖြစ်သူ ခိုင်းသည့်အတိုင်းပင် ယန်ချင်ထန်အား ပင်လယ်ထဲ ရေထဲနှစ်လိုက်၏။

ယိဖျောင်းရှမ်းကလည်း ကျန်လူများကို တစ်ယောက်ပြီးတစ်ယောက် ရေနှစ်ကာ ကုသပေးလိုက်လေ၏။ မသိတော့လည်းအခက်၊ သိတော့လည်းတစ်ချက်ပင်။

ဟူရှန်ဖုံ၏ နာမည်ကြီးလှသော အဆိပ်ဖြေဆေးမှာ အံ့သြဖွယ်ရာ ဆားရေပင်ဖြစ်နေလေ၏။

မကြာမီ အားလုံး သတိပြန်လည်ရလာလေတော့သည်။

ယိဖျောင်းရှမ်းက ....

"ကဲ .... အားလုံး ဟူရှန်ဖုံကို ဝိုင်းတိုက်ကြပါ .... သူ့ကို မနိုင်ရင်တော့ ကျွန်မတို့အားလုံး သေပြီသာမှတ်ပေတော့ .... "

ယိထင်းဟောင်သည် ဓားကိုကိုင်ကာ တိုက်ပွဲအတွင်းသို့ ခုန်ဝင်သွားလေတော့သည်။

ယိဖျောင်းရှမ်း၊ ယန်ချင်ထန်၊ ယန်လီကျူး၊ ယန်ကျင်ကန်နှင့် ဟန်စုချင်တို့မှာ လက်နက်မပါသောကြောင့် တိုက်ပွဲအတွင်းသို့ ဝင်မကူနိုင်ဘဲ ဖြစ်နေလေသည်။ သူတို့မပါသည်မှာလည်း ခပ်ကောင်းကောင်းပင်။

ဤတိုက်ပွဲမျိုး၌ သူတို့၏ ပညာမှာ သုံး၍မရနိုင်ပါ။



ထိုစဉ်မှာပင် ကမ်းခြေသို့လာနေသော လှေငယ်တစ်စင်းကို တွေ့လိုက်ရသည်။

ယိဖျောင်းရှမ်းက ....

"အတော်ပဲ လက်နက်တော့ရပြီ .... "

ဟု အော်ပြောလိုက်၏။

ထိုစဉ် ထိုလှေငယ်မှာ ကမ်းစပ်သို့ ထိုးဆိုက်လာသည်။

ယိဖျောင်းရှမ်းတို့အုပ်စုသည် တုံ့ဆိုင်းမနေဘဲ လှေပေါ်ခုန်တက်လိုက်ကြ၏။ ထို့နောက် လှေပေါ်ပါလာသော အဝါရောင်ဝတ်စုံလူများကို ဝိုင်းတိုက်ပြီး လက်နက်များ လုယူလိုက်၏။

တိုက်ပွဲမှာ မကြာလှပါ။

အဝါရောင်ဝတ်စုံနှင့် လူများမှာ ရေထဲသို့ ခုန်ချထွက်ပြေးသွားကြသည်။ ယိဖျောင်းရှမ်းတို့က တစ်ယောက်မျှမသတ်ပါ။ လွှတ်ပေးလိုက်ပါသည်။

ယိဖျောင်းရှမ်း အကြီးအကျယ် အံ့သြသွားရသည်။ အဘယ့်ကြောင့်ဆိုသော် လှေငယ်၏ ဝမ်းဗိုက်ထဲ၌ ကြိုးတုပ်ခံရပြီး အကျဉ်းသားဖြစ်နေသည့် ယူဆန်ဖုံတို့ သားအဖတို့ကို တွေ့လိုက်ရသောကြောင့်ပင်။ အဝါရောင်ဝတ်စုံများက လိုက်လံဖမ်းဆီးကြခြင်းဖြစ်ဟန်ရှိသည်။ ယူဆန်ဖုံတို့မှာ ဝမ်းသာ၍ မဆုံးတော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



ဟူရှန်ဖုံမှာ ဒေါသအကြီးအကျယ်ထွက်နေသည်။ လူထူးလူဆန်းသုံးဖော်၏ ပူးပေါင်းတိုက်ကွက်သည် သူ့ကို ဒုက္ခမပေးနိုင်သော်လည်း ထိုတိုက်ကွက်ကို သူ လုံးဝမဖြိုဖျက်နိုင်ဘဲ ဖြစ်နေရသည်။

သူ့ဆိုင်းပညာမှာ လွန်စွာကြီးကျယ်လှသည်။ သို့တိုင် သူ မဖြိုဖျက်နိုင်သဖြင့် သူ့ကိုယ်သူ ဒေါသထွက်၍ မဆုံးအောင်ဖြစ်နေရသည်။

"ချလွင် .... ချလွင် ...."

စူးရှသော ခေါင်းလောင်းသံမှာ ကျွန်းပေါ်သို့ ပျံ့နှံ့သွား၏။

ဟူရှန်ဖုံက သူ့အချက်ပေးခေါင်းလောင်းကို တီးခတ်လိုက်ခြင်းသာ ဖြစ်သည်။

ခေါင်းလောင်းသံနှင့် မရှေးမနှောင်းမှာပင် လိုဏ်ဂူများထဲမှ အဝါရောင်ဝတ်စုံနှင့် လူများ အလျှိုလျှိုထွက်လာကြတော့သည်။

ကျုံဖေမှာ ထိတ်လန့်သွား၏။

သူက .... ဝါယီချန်တို့ သားအမိအား .... သွေးကြောဖွင့်ပေးကာ ....



"ခင်ဗျားတို့က ဒီအဝါရောင်နဲ့ လူတွေကို သွားပြီး တားပေးနိုင်မလားဟင် ...."

ကျုံဖေသည် ဝါယီချန်အား မေးမြန်းလိုက်၏။

ဝါယီချန်က ခေါင်းညိတ်လိုက်သည်။

ထို့နောက် သူမတို့သားအမိက အဝါရောင်ဝတ်စုံနှင့် လူများလာရာလမ်းကို ကြိုတင်ပြေးထွက်သွားကြသည်။

ဟူရှန်ဖုံမှာ မျက်နှာပျက်သွား၏။ သူ၏ ဇနီးနှင့် သမီးတို့ သစ္စာဖောက်ပြီဖြစ်ကြောင်း နားလည်သွားသည်။

သို့သော် သမီးနှင့် ဇနီးနောက်သို့လည်း မလိုက်နိုင်ပါ။

ပြေးလိုက်သွားပါက သည်ပွဲမှ ရှောင်ထွက်သလို ဖြစ်သွားပေတော့မည်။

ထို့ကြောင့် သူက ....

"ဖုံဂူနဲ့ ဖုံတို ဝါယီချန်တို့ကို တားလိုက်စမ်း .... သတ်လို့ရရင် သတ်ပစ်လိုက် ...."

သို့သော် ဝါယီချန်တို့မှာ ရှေ့သို့ ရောက်ရှိသွားပြီဖြစ်၏။

ဝါယီချန်က အိတ်ထဲမှ ရွှေခေါင်းလောင်းလေးအား ထုတ်လိုက်၏ ထို့နောက် လှုပ်ယမ်းလိုက်လေသည်။

ဝါယီချန်၏ ခေါင်းလောင်းသံကို ကြားရသောအခါ အဝါရောင်ဝတ်စုံနှင့် လူများမှာ ရပ်တန့်သွားသည်။

ထိုခေါင်းလောင်းသံမှာ အဝါရောင်ဝတ်စုံနှင့် လူများအား ခိုင်းစေရာ၌ အသုံးပြုသော ခေါင်းလောင်းပင် ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဝါယိချွန်က ကျယ်လောင်စွာဖြင့် အော်ဟစ်အမိန့်ပေးလိုက်၏။

"အားလုံး ကျွန်းရဲ့ တောင်ဘက်မှာသွားပြီး စုစည်းပါ .... ငြိမ် ငြိမ်သက်သက်နေပါ .... အမိန့် .... "

သူမ စကားဆုံးသွားသည်နှင့် အဝါရောင်ဝတ်စုံနှင့် လူအားလုံး မှာ ကျွန်း၏တောင်အက်သို့ ထွက်သွားကြလေတော့သည်။

ထိုစဉ် ဖုံဂူနှင့် ဖုံတိုတို့ ရောက်ရှိလာ၏။

"သစ္စာဖောက်တွေ .... "

သူတို့သည် အော်ဟစ်ရင်း ဝါယိချွန်တို့ကို ထိုးခုတ်တိုက်ခိုက် တော့၏။

သို့သော် သူတို့၏ သိုင်းပညာမှာ ဝါယိချွန်အား မမီပါ။

သိုင်းကွက်ဆယ်ကွက်အတွင်းမှာပင် ဖုံဂူနှင့် ဖုံတိုမှာ လဲကျသေ ဆုံးသွားလေသည်။

ဟူရှန်ဖုံသည် သူ၏ မွေးစားသားနှစ်ယောက် သေဆုံးသွား သည်ကို တွေ့ရသောအခါ အကြီးအကျယ် ဒေါသထွက်လာ၏။

ဝါယိချွန်တို့ သားအမိကို သတ်ပစ်ချင်စိတ် ပေါက်လာသည်။

သို့သော် သူ့ခမျာ ခက်နေသည်မှာ လူထူးလူဆန်းရဲသုံးဖော်ကို လည်း သတ်ပစ်ချင်နေခြင်းပင်။

လူထူးလူဆန်း ရဲသုံးဖော်တို့၏ ပူးပေါင်းတိုက်ကွက် သိပ်သည်း ပုံကို သူ လက်ဖျားခါသည်။

ထို့ကြောင့် သူသည် အအေးလက်ဝါးသိုင်းကွက်ကို ဖော်ထုတ် အသုံးပြုရန် စဉ်းစားရတော့သည်။



ဟူရှန်ဖုံ နောက်သို့ ခုန်ဆုတ်သွား၏။ သူသည် အအေးလက်ဝါး နှစ်ဘက်ကို ဆန့်တန်းလျက် ငြိမ်သက်သွားသည်။ သူ အားသွင်းနေ ကြောင်း ကင်စီးဂွမ်တို့ ရိပ်မိလိုက်သဖြင့် ပို၍ သတိထားလိုက်ကြသည်။

ထိုစဉ် ဟူရှန်ဖုံသည် လက်ဝါးနှစ်ဘက်ကို ငှေ့ယမ်းတွန်းထုတ် လိုက်တော့သည်။

အေးစက်သော အငွေ့အသက်များမှာ ပတ်ဝန်းကျင်သို့ ပျံ့လွင့် သွားသဖြင့် လူအားလုံး ထိတ်လန့်သွားကြတော့သည်။

နောက်သို့ ကမန်းကတန်း ဆုတ်ခွာပေးကြရတော့သည်။

ကင်စီးဂွမ်က အလန့်တကြား အော်လိုက်၏။

"အအေးလက်ဝါးဟေ့ .... သတိထားကြ .... "

ထိုစဉ် အရိုးဖြူဂိုဏ်းချုပ် ဟူရှန်ဖုံ၏ မျက်နှာသည် သွေးစုပ် ရော်သွား၏။ တစ်ကိုယ်လုံးတောင့်တင်းသွားပြီး မြေပေါ်သို့ ဝုန်းခနဲ လဲကျသွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၄၅)

## စခန်းသိမ်းခြင်းလော

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားသည်။

ဟူရှန်ဖုံမှာ မလှုပ်မယှက် လဲနေဆဲပင်။

ကင်စီးဂွမ်က မယုံမရဲ ပြော၏။

"သူ သေပြီ ထင်တယ်"

သူသည် ပြောပြောဆိုဆို ရှေ့သို့တိုး၍ကြည့်၏။

ထို့နောက် ဟူရှန်ဖုံ၏ကျောပြင်သို့ သေချာစေရန် ဓားတစ်ချက် ထိုးသွင်းရန် ဟန်ပြင်လိုက်၏။

ဟူရှန်ဖုံက ခုန်ထလာ၏။

ကင်စီးဂွမ် လန့်သွားပြီး အလန့်တကြား နောက်ဆုတ်လိုက်၏။

သို့သော် ဟူရှန်ဖုံမှာ တိုက်ခိုက်လာခြင်း မရှိပါ။ ရုတ်တရက် ပင်လယ်ကမ်းစပ်ရှိ ကျောက်တောင်ဆီသို့ ပြေးသွား၏။ အားလုံးပင် ပါးစပ်အဟောင်းသားဖြင့် ငေးကြည့်မိကြ၏။ ဟူရှန်ဖုံသည် ချွန်ထက်သော ကျောက်တုံးကျောက်ဆောင်များကြားသို့ အနာအကျင်မရှိ ပြေး



သွားပြီး ရေထဲသို့ ဝုန်းခနဲ ကျသွားလေတော့သည်။

ကင်စီးဂွမ်တို့လူသိုက်သည် ထိုကျောက်ဆောင်များအကြား ပြေးလိုက်ပြီး ရေထဲကျသွားသော ဟူရှန်ဖုံကို ရှာဖွေကြ၏။ ဟူရှန်ဖုံ လုံးဝ ပြန်ပေါ်မလာပါ။

အချိန်အတော်ကုန်သွားသည့်တိုင် စောင့်ကြည့်သော်လည်း ဟူရှန်ဖုံကို လုံးဝမတွေ့ရတော့ချေ။

ထိုစဉ် တာလီချန်တို့သားအမိက ပြန်လျှောက်လာ၏။

ဟူရှန်ဖုံ သေပြီဟု ယူဆရကြောင်း ကျုံ့ဖေက ပြောပြသောအခါ သူတို့သားအမိမှာ ဝမ်းသာဝမ်းနည်း ငိုကြွေးမိကြ၏။

အားလုံးပင် ဂူများဆီသို့ ပြန်လာခဲ့ကြလေ၏။

ဂူတွင်း၌ရှိသော ထောင်ချောက်အားလုံးကို ဖျက်ဆီးလိုက်ကြ၏။

ယိဖျောင်းရှမ်းက ဝတ်စုံဝါနှင့်လူများအားလုံးကို ဆေးကုသပေး၏။ သို့သော် အနည်းငယ်မျှလောက်သာ ပြန်ကောင်းသည်။

အများစုမှာ အသိဉာဏ်ပျက်သွားကြပြီ။ ဂူအတွင်း ရှာဖွေကြရာ နင်ပိုမြို့မှ ငွေသေတ္တာများနှင့် ဟူရှန်ဖုံ လုယက်သွားသော ရွှေငွေ ရတနာများကိုပါ တွေ့ကြရသည်။

ထို့နောက် လှေများကိုရှာဖွေကာ ကယ်တင်သူများကို ကယ်၏။

ရွှေငွေရတနာများကို သယ်ဆောင်ပြီး နင်ပိုမြို့သို့ ပြန်ခဲ့ကြလေတော့သတည်း။

www.burmeseclassic.com

www.burmeseclassic.com



ယီရှောင်းရှမ်းနှင့် ဟန်စုချင်တို့သည် နင်ပိုသို့ရောက်ပြီး၊ မကြာခင် ဖခင်ဖြစ်သူ၏ခွင့်ပြုချက်အရ ပြင်ပသိုင်းလောကသို့ လွတ်လပ်စွာလှည့်လည်ခွင့် ရသွားလေတော့၏။

တာဝိချိန်တို့သားအမိမှာမူ ကျက်ကျန်းပင်လယ်ကမ်းခြေတစ်နေရာ၌ပင် ဇာတ်မြုပ်နေရန် ထွက်ခွာသွား၏။ ပို့ဟိုင်ပင်လယ် လူထူးလူဆန်းသုံးဦးနှင့် ကျုံဖေတို့၏ကောင်းမှုကြောင့် မိစ္ဆာကောင်များသောင်းကျန်းမှုမှာ နိဂုံးချုပ်သွားလေပြီ။

ဤသို့ဖြင့် ဟူရှန်ဖုံ၏သတင်းသည်လည်း တစ်စတစ်စ ပျောက်ကွယ်သွားလေတော့၏။



အခန်း(၄၆)

## သက်ဆိုးရှည်သူ၏နိဒါန်းအစ

တံငါသည်များအဖို့ လှိုင်းလေ ငြိမ်သက်သောအချိန်ကာလများသည် ငါးဖမ်းထွက်ရန် အကောင်းဆုံးရာသီပင် ဖြစ်၏။

ဖူကျင်းပြည်နယ်မြောက်ဘက်နှင့် ကျက်ကျန်းပြည်နယ် စပ်ကြား၌ ပင်လယ်ကွေ့တစ်ခုရှိ၏။

ထိုပင်လယ်ကွေ့အမည်မှာ စန်တူအော် ဖြစ်၏။

အကွေ့အကောက်များသောနေရာတစ်ခု ဖြစ်၏။ ထို့ကြောင့် ငါးများ ခိုအောင်းသော နေရာဖြစ်လာ၏။ ငါးများပေါများခြင်းကြောင့် ထိုနေရာသည် တံငါသည်များ၏ စားကျက် ဖြစ်လာလေတော့သည်။ တံငါသည်များက ထိုစန်တူအော်ပင်လယ်ကွေ့ကို နတ်ဘုရားများက တံငါသည်များအား သနားသဖြင့် ဖန်ဆင်းပေးသော ပင်လယ်ဟု ခေါ်ကြသည်။ စင်ဆန်ကွေ့။

စင်ဆန်ကွေ့မှာ အသက်ငါးဆယ်ကျော် တံငါသည်တစ်ယောက်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



သူ့တွင် စင်ဝေါင်နှင့် စင်ယောက်ဟူသော သားနှစ်ယောက်ရှိ၏။

သူတို့သားအဖ သုံးယောက်မှာ ရာသီဥတု သာယာသောနေ့များ၌ အမြဲတစေ ငါးဖမ်းထွက်ကြလေသည်။

လှေအပြည့် ငါးများရမှသာ ပြန်လာတတ်ကြသည်။

ယနေ့လည်း သားအဖသုံးယောက်သည် တံငါလှေနှစ်စင်းတွင် ရေလုပ်သားငါးယောက်ခန့်စီ ခေါ်၍ စန်တူအော့ပင်လယ်ကွေ့ဘက်သို့ ထွက်လာခဲ့ကြသည်။

စစ်ဆန်ကွေမှာ ဤရာသီမျိုး၌ ငါးဝါများ အုပ်လိုက်ကျက်စားတတ်ကြောင်း အတွေ့အကြုံအရ သိထား၏။

စင်ဝေါင်နှင့် စင်ယောက်တို့ကလည်း သိနေကြ၏။

စင်ယောက်က လှေဦးမှနေ၍ သူ၏အစ်ကိုအား လှမ်းပြောလိုက်၏။

"အစ်ကိုကြီး ငါးဝါတွေ ဒီတစ်ခေါက် လှေအပြည့်ရဖို့ သေချာတယ်၊ ဒီငါးတွေရောင်းပြီးရင် ဆောင်းတွင်းအတွက် ဖူလုံရုံမကဘူး။ အစ်ကိုကြီးလည်း အိမ်ထောင်ပြုလို့ရပြီ .... "

စင်ဝေါင်မှာ ထိုစကားကြောင့် မျက်နှာနီရဲသွား၏။

စင်ဆန်ကွေ့ သားကြီးဖြစ်သူအား သဘောကျစွာကြည့်ရင်း ....

"မင်းညီပြောတာ ဟုတ်တယ်၊ မင်းလည်း အိမ်ထောင်ပြုဖို့သင့်ပြီ .... "

စင်ဝေါင်က ရှက်ကိုးရှက်ကန်းနှင့် ....



"ဟာ .... အဖေကလည်း"

စင်ဆန်ကွေ ရယ်မောလေတော့၏။

သူသည် ရယ်မောနေရာမှ ရုတ်ခြည်း အရယ်ရပ်သွား၏။ အကြောင်းမှာ သူ့အလုပ်ကို ပြန်သတိရလိုက်သောကြောင့်တည်း။

သူ့အလုပ်မှာ ငါးအုပ်ကြီး မည်သည့်နေရာ၌ရှိသည်ကို စုံစမ်းရမည့်အလုပ်ပင် ဖြစ်တော့၏။

အချို့သော ငါးအုပ်ကြီးများကို အဝေးမှပင် လှမ်းမြင်နိုင်ပါ၏။

သို့သော် ကျွမ်းကျင်သော တံငါသည်များကမူ ရေအောက်၌ရှိသော ငါးအုပ်ကြီးများ၏ လှုပ်ရှားမှုကို ကြိုတင်သိတတ်ကြ၏။

သာမန်သောတအာရုံဖြင့် မကြားနိုင်သည့်ရေအောက်မှလှုပ်ရှားမှုများကို အထူးကျွမ်းကျင်သော တံငါသည်ကြီးများက ကြားနိုင်စွမ်းရှိလေ၏။

ရေပြင်၌ထူးခြားသော ရေဂယက်များကိုကြည့်၍လည်း ရေအနက် မည်မျှ၌ ငါးအုပ်ကျက်စားနေကြောင်း သိနိုင်ကြသည်။

စင်ဆန်ကွေသည် ငြိမ်သက်စွာထိုင်ပြီး ငါးအုပ်ရှိရာကို စူးစမ်း၏။

အတန်ကြာမှ ....

"ငါးအုပ်ရှိတယ် .... အရှေ့တောင်ဘက် မိုင်ဝက်လောက်မှာ လှေဦးအလှည့်၊ မြန်မြန် .... "

ဟု အော်ဟစ်အမိန့်ပေးလိုက်၏။

ရေလုပ်သားများမှာ လှေဦးကို အမြန်ဆုံးလှည့်လိုက်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



အချိန်ကမူ ငါးဖမ်းပိုက်များကို တစ်ဘက်တစ်ချက်စီဆွဲပြီး အရှေ့တောင်ဘက်ဆီသို့ ဦးတည်သွားလေတော့သည်။

ပင်လယ်ပြင်တစ်ခုလုံးမှာ ရွှေရောင်များ ဝင်းလက်နေလေသည်။

ထိုအဝါရောင် ဝင်းလက်နေသည်ကို တွေ့သောအခါ လှေထိုးသားအားလုံးမှာ ဝမ်းသာသွားကြ၏။

သူတို့လှေများ မလှမ်းမကမ်း၌ ငါးဝါများ တွေ့နေရပြီမဟုတ်ပါလော။ ထိုငါးဝါများကို ပိုက်ဖြင့် ဆွဲယူကြမည်မဟုတ်ပါလား။

ငါးဖမ်းပိုက်များသည် တဖြည်းဖြည်းတင်းပြီး လေးလံလာကြောင်း တွေ့လိုက်ကြရသည်။

စင်ဆန်ကွေက အမိန့်ပေးလိုက်၏။

"ဆွဲတင် .... "

ရေလုပ်သားများက ပိုက်ကို ဆွဲတင်လိုက်ကြ၏။

ပိုက်ထဲ၌ ငါးဝါများ အပြည့်ပါလာသည်ကိုတွေ့သောအခါ အားလုံး ဝမ်းသာအားရဖြင့် အော်ဟစ်လိုက်ကြလေသည်။

ငါးများအား လှေဝမ်းထဲသို့ သွန်ထည့်လိုက်ကြ၏။

ထို့နောက် နောက်တစ်ကြိမ် ပိုက်ကို ထပ်ချလိုက်ပြန်လေသည်။

အတန်ကြာသော် စင်ဆန်ကွေက အမိန့်ပေးလိုက်ပြန်၏။

"ဆွဲတင် .... "

အားလုံးက ပိုက်ကို ဆွဲတင်လိုက်ကြ၏။



လှေပေါ်သို့ ပိုက်ရောက်ခါနီးတွင် ငါးဝါများကြား၌ ကြီးမားသော ငါးကြီးတစ်ကောင်ကိုပါ တွေ့လိုက်ရလေသည်။

စင်ဝေါင်မှာ ထိတ်လန့်သွား၏။

"ဟာ .... ငါးမဟုတ်ဘူး၊ လူ လူ လူအလောင်းကြီးလား မသိဘူး .... "

ထိုအခိုက် ထိုသူ၏ပါးစပ်မှာ ဟသွား၏။

"အား .... အား"

"ဟ .... ဟ .... ဒီလူမသေသေးဘူး .... ပင်လယ်ထဲမျောလာတဲ့လူ .... သူ့ကို ရေအန်အောင် လုပ်ပေးလိုက်ကြပါဦး"

စင်ဆန်ကွေ့ အမိန့်ပေးလိုက်သောအခါ ရေလုပ်သားများသည် ရေထဲမှလူကို ပြုစုပေးကြတော့၏။ ထိုလူကား မိန္ဒာကျွန်းမှ ရေထဲသို့ ကျသွားခဲ့သော ဟူရှန်ဖုံပေတည်း။ သူကား အလွန်ကံကောင်းသူဖြစ်၏။ လူများအား တစ်ဖန်ဒုက္ခပေးရန် စင်ဆန်ကွေတို့ တံငါလှေက ကယ်တင်မိကြပြန်လေပြီတကား။

စင်ဆန်ကွေတို့သည် ငါးများလည်း အသင့်အတင့်ရပြီဖြစ်၍ တံငါလှေများကိုပြန်ကွေ့ခဲ့သည်။ ရေထဲမှ ဒုက္ခသည်ကိုပူနွေးအောင်၊ ကျန်းမာအောင် ပြုစုရမည့်တာဝန်ကလည်း ရှိသေးသည် မဟုတ်ပါလော။ သို့သော် ရေထဲမှဒုက္ခသည်သည် ကမ်းပေါ်ရောက်လာသည်နှင့် ပြန်လည်သတိရလာသည်။

ဟူရှန်ဖုံက စင်ဆန်ကွေအားကြည့်ပြီး ....

"ဒီနေရာဟာ ဘယ်နေရာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလိုက်လေသည်။

စင်ဆန်ကွေက စန်တူအော့ ပင်လယ်ကွေ့ဖြစ်ကြောင်း ရှင်းပြလိုက်၏။

ဝန်းကျင်တစ်ဝိုက်ကိုပါ ရှင်းပြလေသည်။

ဟူရှန်ဖုံက နေရာများကို မှတ်သားလိုက်ပြီးနောက် ....

"ကဲ .... ငါ့ကို လူသူမနေတဲ့ကျွန်းတစ်ကျွန်းပေါ်မှာ ချပေးခဲ့ပါ"

စင်ဆန်ကွေမှာ အံ့သြသွား၏။

"ခင်ဗျား .... ဒုက္ခရောက်နေတာ မဟုတ်လား၊ တစ်ယောက်တည်းနေလို့ ဖြစ်ပါ့မလား .... "

ဟူရှန်ဖုံက အေးစက်သောလေသံဖြင့် ....

"ဘာလဲ .... မင်းတို့က မပို့ပေးချင်ဘူးလား။ ငါပြောသလိုလုပ်စမ်း"

စင်ဆန်ကွေမှာ ကြောက်လန့်သွား၏။ အဘယ်ကြောင့်ဆိုသော် မည်သည့်အချိန်ကတည်းက မျောလာမှန်းမသိဘဲ ချက်ချင်းသတိရကာ ချက်ချင်းကြံမ်းမောင်းရဲသော အရုပ်ဆိုးလှသည့်လူသည် သာမန်လူတစ်ဦးမဟုတ်ကြောင်း သူ့စိတ်ထဲက အလိုလိုသိလာသဖြင့် ရွာနှင့်မလှမ်းမကမ်း၌ တည်ရှိသောကျွန်းကလေးတစ်ကျွန်းပေါ်သို့ ချပေးလိုက်သည်။

ဟူရှန်ဖုံက ....

"အင်း .... မင်းတို့ ငါ့အတွက် ရိက္ခာသုံးရက်စာလောက် ပေးထားခဲ့စမ်း .... "



စင်ဆန်ကွေက ပြန်ပြောသည်။

"ကျုပ်တို့နဲ့လိုက်နေရင် ခင်ဗျားအတွက် အဆင်ပြေတာပေါ့၊ ရိက္ခာဘာဖြစ်လို့ ယူနေတော့မှာလဲ .... "

ဟူရှန်ဖုံက စိတ်တိုသွားပြီး ဝေါက်ငန်းလိုက်မိ၏။

"ငါ့ကိုစကားပြန်မရှည်နဲ့၊ ငါပြောသလိုထားခဲ့စမ်း .... "

စင်ဆန်ကွေကကလည်း ဆက်မပြောရဲပါ။

ရိက္ခာများ သုံးရက်စာလောက် ချပေးခဲ့ပြီး ရွာဆီသို့ ပြန်လာခဲ့၏။

သူတို့စိတ်မှာ လေးလံနေသည်။

နောက်ထပ် ငါးဖမ်းထွက်ရန် နိမိတ်မကောင်းဟုလည်း ခံစားနေမိသည်။

တံငါသည်တစ်ရွာလုံးသည် ဟူရှန်ဖုံအကြောင်း သိရှိသွားကြ၏။

သို့သော် မည်သူမျှ ထိုလူဆီသွားရန် စိတ်မကူးကြချေ။

သို့သော် စင်ဝေါင်နှင့်စင်ယောက်မှာမူ လွန်စွာ အရုပ်ဆိုးပြီး သူတို့၏ဖခင်အား မာရေကျောရေ ဆက်ဆံခဲ့သော ထိုလူအား စိတ်ဝင်စားနေကြလေ၏။

စင်ဝေါင်က ....

"ညီလေးတို့တွေ့ခဲ့တဲ့လူဟာ တကယ်ရုပ်ဆိုးတာပဲနော်"

စင်ယောက်က ....

"ဟုတ်တယ် .... ကြည့်ရတာ အမာရွတ်တွေနဲ့ပဲ"

စင်ဝေါင်က ....

www.burmeseclassic.com

www.burmeseclassic.com



"ငါထင်တာကတော့ သူဟာ ထူးခြားတဲ့လူတစ်ယောက်ဖြစ်ရမယ် ...."

"ဘာကြောင့် ဒီလိုပြောနိုင်သလဲ"

"မင်းစဉ်းစားကြည့်ပေါ့ .... ရုပ်ဆိုးလိုက်တာလည်း လွန်နေတာပဲ .... ပင်လယ်ထဲက ဆယ်တင်ပြီး မကြာခင် ပြန်သတိရတယ်၊ နောက်ပြီး ရွာထဲလည်း လိုက်မနေဘူး၊ သူတစ်ယောက်တည်း တစ်ကျွန်းမှာ သွားနေတယ်၊ သာမန်လူဆိုရင် ဘယ်နေလိမ့်မလဲ .... "

စင်ယောက်က ခေါင်းညိတ်လိုက်ပြီး ....

"အင်း .... အစ်ကိုကြီးပြောတာဟုတ်တယ်၊ ဒီလူဟာ လူသာဆိုရင် တော်တော်ထူးခြားမယ်"

"မင်းနဲ့ငါ သူ့ဆီသွားကြရအောင်"

"ဘာလုပ်ဖို့လဲ အစ်ကိုကြီးရာ .... "

"သူဟာ လူကောင်းနဲ့လည်းမတူဘူးကွ၊ ဒါကြောင့် ငါက သူ့အခြေအနေကို ကြည့်ချင်တာ .... "

"ဒီလူ ရှိပါဦးမလား .... တခြားကို ထွက်သွားချင်သွားမှာပေါ့"

"ဟ .... သူ့ဆီမှာ လှေမှမရှိတာ .... "

"လှေမရှိဘဲ ဒီကျွန်းက ကမ်းနဲ့သိပ်ဝေးတာ မဟုတ်ပါဘူး၊ ဒီလူကြီး ရေကူးနိုင်မှာပါကွ"

စင်ယောက်က ခေါင်းညိတ်လိုက်၏။

ထို့နောက် နှစ်ယောက်သား သွားကြည့်ရန် ဆုံးဖြတ်လိုက်ကြလေ၏။



နောက်တစ်နေ့တွင် စင်ဝေါင်နှင့်စင်ယောက်တို့ ညီအစ်ကိုနှစ်ယောက် ထွက်လာခဲ့ကြသည်။

ထိုကျွန်းကလေးမှာ သူတို့ရွာနှင့် သိပ်မဝေးလှသဖြင့် သူတို့၏လှေကို ကြာရှည်မလှော်ခတ်ရပါချေ။ အချိန်အနည်းငယ်အတွင်း ကျွန်းဆီသို့ ဆိုက်ရောက်လာသည်။ သူတို့သည် လှေကို ကမ်း၌ဆိုက်ကပ်ကာ ကျွန်းပေါ်သို့ တက်ကြ၏။ သူတို့သည် လှုံတစ်ချောင်းစီ ဆွဲကိုင်လာကြ၏။

ရုပ်ဆိုးဆိုးလူကြီးကို သူတို့လျှော့မတွက်ကြချေ။ သတိရလျှင် ရူချင်း ဖခင်ဖြစ်သူ စင်ဆန်ကွေကိုပင် ခြိမ်းခြောက်ဟိန်းဟောက်ခဲ့သူ မဟုတ်ပါလော။

ဟော တွေ့ပါလေပြီ။

ထိုလူသည် ခရုများကို အစိမ်းလိုက် ရွာစားနေလေသည် တကား။

"ဟာ .... "

စင်ဝေါင် လန့်အော်မိခြင်း ဖြစ်ပါသည်။

ဟူရှန်ဖုံသည် စင်ဝေါင်၏အော်သံကြောင့် လှည့်ကြည့်လိုက်၏။

"ဟား .... ဟား .... ဟား .... မင်းတို့ကိုး"

သူက သဘောကျစွာ ရယ်မောလိုက်လေ၏။

ထိုရယ်သံကြောင့်၊ စင်ဝေါင်တို့ညီအစ်ကိုမှာ ကြက်သီးထသွားမိ၏။

လှည့်ထွက်ပြေးကြရန် ဟန်ပြင်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဝှစ် ---- ဝှစ်"

ခြေလှမ်းပြင်လိုက်ရုံရှိသေးသည်။ ဟူရှန်ဖုံက ခရုခွံနှင့်ပစ်ရာ သေးကြောကို ထိမှန်ပြီး ဝုန်းခနဲ လဲကျသွားကြလေတော့သည်။

ဟူရှန်ဖုံက အေးစက်စွာ ရယ်မောလိုက်၏။

"မင်းတို့က လူတွေဘာတွေယူလာပြီး ငါ့ကိုသတ်ဖို့ ကြံစည်ကြတာကိုး၊ ရမယ်ထင်လို့လား"

စင်ဝေါင်တို့ညီအစ်ကိုနှစ်ယောက်မှာ ကြောက်လွန်းသဖြင့် ဒူးခွေးများပင် ပြန်လာသည်။

ဟူရှန်ဖုံက ....

"မင်းတို့ကို ငါ အချိန်မရွေးသတ်နိုင်တယ်ဆိုတာ မှတ်ထားကြ ဒါပေမယ့် မင်းတို့ဟာ ငါ့အသက်ကို ကယ်ခဲ့ကြလို့ တစ်ကြိမ်တစ်ခါ ခွင့်လွှတ်လိုက်မယ်"

ထိုစကားကြားသောအခါ စင်ဝေါင်နှင့်စင်ယောက်မှာ ဝမ်းသာသွားကြလေသည်။

စင်ဝေါင်က ကပျာကယာ ပြောလိုက်၏။

"ကျွန်တော်တို့ကို ချမ်းသာပေးတာ ကျေးဇူးတင်ပါတယ်ဗျာ ကျွန်တော်တို့က လူငယ်ဆိုတော့ မသိလို့ လာစူးစမ်းတဲ့သဘောပါ တခြားရည်ရွယ်ချက် ဘာမှမရှိပါဘူး"

ဟူရှန်ဖုံက တစ်ချက် စဉ်းစားလိုက်ပြီး ....

"မင်းတို့ ငါ့ကို တစ်ခုကူညီရမယ်"

စင်ဝေါင်က စဉ်းစဉ်းစားစား ပြောသည်။



ဟူရှန်ဖုံအား ချိုသာစွာပြောပြီး လွတ်အောင်ကြံမည်ဟု တွေးလိုက်သည်။

ထို့နောက် သူက ....

"ကျွန်တော်တို့ ညီအစ်ကို ဘာလုပ်ပေးရမလဲ၊ ပြောပါ၊ ပြီးရင် ကျွန်တော်တို့ကို ပြန်လွှတ်ပေးပါ၊ ဆရာကြီးကိုလည်း ကျုပ်တို့ပဲ ကယ်ထားတဲ့ဥစ္စာ၊ တစ်ခုတလေ ကူညီဖို့ ဝန်မလေးပါဘူးဗျာ"

ဟူရှန်ဖုံက ....

"မင်းတို့ရွာမှာ ပရဆေးဆိုင်ရှိသလား"

ဟု မေးလိုက်၏။

စင်ဝေါင်မှာ ကြောင်သွားပြီး .... "

"ခင်ဗျာ .... ပရဆေးဆိုင် ဟုတ်လား"

"ဟုတ်တယ် .... "

"ကျွန်တော်တို့ရွာမှာ မရှိပါဘူး"

"ဒါဖြင့် ဘယ်မှာရှိလဲ"

"မြို့မှာတော့ ရှိတယ်"

ဟူရှန်ဖုံက တစ်ချက် စဉ်းစားလိုက်၏။

ပြီးမှ မေးမြန်းလိုက်ပြန်သည်။

"မြို့က ဒီကနေ ဘယ်လောက်ဝေးသလဲ"

စင်ဝေါင်က ....

"ဆယ်မိုင်လောက်ပဲ ရှိတယ်၊ နေ့ချင်းပြန်လို့ ရပါတယ်"

"ကောင်းပြီ .... "

www.burmeseclassic.com

www.burmeseclassic.com



ဟူရှန်ဖုံက ခေါင်းညိတ်လိုက်သည်။

ထို့နောက် အိတ်ထဲမှ ကျောက်ကလေးတစ်ခုကိုထုတ်ယူလိုက်ပြီး ....

"ဒါဆို မင်းက ဆေးသွားဝယ်ပေးပါ၊ ငါ့မှာ ငွေမရှိဘူး၊ ဒါကို ရောင်းချပြီး ဝယ်လာခဲ့"

ဟူရှန်ဖုံသည် စင်ဝေါင်၏ပိတ်နေသော သွေးကြောကို ဖွင့်ပေးလိုက်၏။ ကျောက်ကလေးကိုလည်း စင်ဝေါင်၏လက်ထဲသို့ ထည့်ပေးလိုက်၏။

စင်ဝေါင်သည် တံငါသည်သားသာ ဖြစ်သည်။ မြို့ကြီးပြကြီးသား မဟုတ်။ အဖိုးတန် ကျောက်မျက်ရတနာများကို မြင်ဖူးသူ မဟုတ်ချေ။ ဟူရှန်ဖုံပေးသော ကျောက်သည် အလွန်တောက်ပပြီး လှပလှပေသည်။

စင်ဝေါင်သည် ကျောက်၏တန်ဖိုးကို ဂဃနဏမသိသော်လည်း အဖိုးတန်ကျောက်ဖြစ်မည်ဟုကား ခန့်မှန်းမိသည်။

ဟူရှန်ဖုံက ....

"မင်း ဒီကျောက်ကို ရတနာဆိုင်တစ်ဆိုင်မှာ ရောင်းပြီး ရတဲ့ ငွေနဲ့ ငါမှာတဲ့ဆေး ဝယ်လာခဲ့"

စင်ဝေါင်က ပြန်မေးလိုက်၏။

"ဘာဆေး ဝယ်ခဲ့ရမှာလဲ"

ဟူရှန်ဖုံက ....

"ကန့် .... ဒရယ်အမွေး .... ဝက်ဝံသည်းခြေတစ်မျိုးကို တစ်ဆယ်ကျပ်သားစီ ဝယ်လာခဲ့၊ ပိုတဲ့ငွေကို မင်းယူလိုက်"



စင်ဝေါင်က ခေါင်းညိတ်၏။

"ကောင်းပါပြီ၊ ကျွန်တော် ဝယ်လာပေးပါ့မယ်"

"ခဏနေဦး၊ ငါမှာတဲ့ဆေးကို ပြန်ရွတ်ပြစမ်း"

"ကန့်၊ ဒရယ်မွေး၊ ဝက်ဝံသည်းခြေတစ်မျိုးကို တစ်ဆယ်ကျပ်သားစီ မဟုတ်လား"

"ဟုတ်ပြီ၊ သွားတော့၊ မြန်မြန်ပြန်လာခဲ့"

ဟူရှန်ဖုံမှာ ထိုဆေးများကို သူ၏သွေးလေလည်ပတ်မှု မှန်ကန်လာစေရန်အတွက် ဝယ်ခိုင်းခြင်း ဖြစ်၏။

ဟူရှန်ဖုံသည် မိစ္ဆာကျွန်း တိုက်ပွဲ၌ အတွင်းဒဏ်ရာရပြီး ရူးသွပ်သကဲ့သို့ ဖြစ်သွား၏။ ထို့ကြောင့် သွေးရူးသွေးတန်းထပြေးရာမှ ရေထဲကျခဲ့ရခြင်း ဖြစ်သည်။

စင်စစ် သူသည် ဂိုဏ်းကြီးငါးဂိုဏ်း လာရောက်တိုက်ခိုက်သည့် မိစ္ဆာကျွန်းတိုက်ပွဲမဖြစ်မီက အဆင့်မျိုးသို့ လုံးဝ ပြန်လည်မရောက်ခဲ့ချေ။

ဂိုဏ်းကြီးငါးဂိုဏ်းမှ ဂိုဏ်းချုပ်ကြီးများ၏ တိုက်ခိုက်မှုကို ခံရပြီး သူ့ပညာများ ပျောက်ဆုံးမတတ် ဖြစ်ခဲ့ရသည်။

ထို့နောက် အပြင်းအထန်လေ့ကျင့်ရာမှ သူ့သိုင်းပညာများ အသင့်အတင့် ပြန်ရခဲ့ခြင်း ဖြစ်သည်။ ထိုအတောအတွင်း အအေးလက် သိုင်းကို လေ့ကျင့်သော်လည်း အောင်မြင်မှု မရသေးချေ။

ထိုပညာကို အချိန်မတိုင်မီ ထုတ်သုံးစွဲမိသဖြင့် သူသည် မိစ္ဆာကျွန်း၌ လူထူးလူဆန်းသုံးဦးကို ရှုံးပြီး ရေထဲကျခဲ့ရခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့အဖို့ ဤအတိုင်း ကုသပါက အနည်းဆုံး တစ်လခန့်ကြာမည် ဖြစ်၏။ ဆေးဝါးများကိုပါ မှီဝဲရပါက ဆယ့်ငါးရက်ခန့်နှင့် ပျောက်ကင်းနိုင်ပေသည်။

ထို့ကြောင့် သူက စင်ဝေါင်အား ဆေးဝယ်ခိုင်းခြင်း ဖြစ်ပေသည်။

စင်ဝေါင်က ....

"ကဲ .... ဆရာကြီးခိုင်းတာကို ကျွန်တော် လုပ်ပေးတော့မယ် ဥစ္စာပဲ၊ ကျွန်တော့်ညီကိုလည်း လွှတ်ပေးဦးမှပေါ့"

ဟူရှန်ဖုံက ကောက်ကျစ်စွာ ပြုံးလိုက်ပြီး ....

"လွှတ်မပေးနိုင်သေးဘူး .... မင်းကသာ အေးအေးဆေးဆေး သွားပါ .... "

"ဘာ .... ဘာဖြစ်လို့လဲဗျာ"

"မင်း ငါ့ဆီပြန်မလာရင် ဘယ်လိုလုပ်မလဲ၊ မင်းပြန်လာမှ လွှတ်ပေးမယ် .... မင်းသာ အေးအေးဆေးဆေးသွားပါ၊ ဘာမှ ပူမနေနဲ့"

စင်ဝေါင်က ခယယ တောင်းပန်သည်။

"ကျွန်တော် ပြန်လာမယ်လို့ ကတိပေးပါတယ်ဗျာ၊ လွှတ်ပေးပါ .... "

ဟူရှန်ဖုံ စိတ်မရှည်တော့ပေ။ ဒေါသထွက်လာသည်။

"မင်း စကားထပ်မရှည်နဲ့၊ ဒီနေ့ ချက်ချင်းရောက်အောင် ပြန်လာခဲ့၊ မင်း ရောက်မလာရင် မင်းညီကို သတ်ပစ်မယ်၊ ငါ မလုပ်ဘူး



ထင်နဲ့ .... မင်းတို့ထက်သာတဲ့ သိုင်းသမားတွေကိုတောင် ငါက ချစိုက်တာ မဟုတ်ဘူး .... "

စင်ဝေါင်မှာ ခံပြင်းသွား၏။ သို့သော် သူ ဘာမျှ မတတ်နိုင်ပါ။ သူ ဆက်ပြီး စကားရှည်၍မရကြောင်း နားလည်လိုက်၏။

ထို့ကြောင့် သူသည် ကျောက်ကလေးကို အကျီကြားထဲထိုးညှပ်ပြီး ထိုနေရာမှ ထွက်ခွာလာခဲ့လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၄၇)

## ကျောက်နှင့်ဆေးဝါး

စင်ဝေါင်တစ်ယောက် မြို့သို့ တက်လာလေပြီ။

မတက်၍လည်း မဖြစ်ပေ။ ပရဆေးဆိုင်နှင့် ရတနာရောင်းဝယ်သော ဆိုင်များသည် မြို့မှာသာ ရှိသည် မဟုတ်ပါလား။ ရတနာဆိုင်ဝယ်လျှင် နှစ်ဆိုင်သာ ရှိသည်။

တစ်ဆိုင်မှာမူ ဖွင့်သည်မှာ ကြာမြင့်ခဲ့ပြီ ဖြစ်၏။ စင်ဝေါင်ယ်စဉ်ကာလ သူ့ဖခင်နှင့်လိုက်လာခဲ့သည်မှစ၍ ထိုဆိုင်ကို မြင်ခဲ့ရသည်။

ထို့ကြောင့် စင်ဝေါင်က ထိုဆိုင်၌ ရောင်းချရန် ဆုံးဖြတ်လိုက်လေသည်။ ထို့နောက် စိတ်ကိုတင်းကာ ရတနာဆိုင်ထဲသို့ ဝင်လိုက်သည်။ ရတနာဆိုင်ထဲ၌ ရတနာရောင်းဝယ်သူများ အတော်များနေ၏။ မရိုတရိုဝင်လာသော စင်ဝေါင်သည် အဖိုးတန်ဝတ်စုံ ဝတ်ဆင်ထားသော လူငယ်တစ်ယောက်နှင့်ကိုယ်ရံတော်များဟုထင်ရကာ လက်နက်ကိုင်များကိုတွေ့လိုက်ရသောအခါအကြီးအကျယ်ထိတ်လန့်သွား၏။



လူငယ်၏ ကိုယ်ရံတော်များမှာ စင်ဝေါင်ဝင်လာသည်ကို တွေ့သောအခါ မျက်မှောင်ကုတ်သွား၏။

ကိုယ်ရံတော်တစ်ယောက်က ခက်ထန်သောလေသံဖြင့် ငေါက်ငန်းသည်။

"မင်း ဘာလာလုပ်တာလဲ၊ ထွက်သွားစမ်း"

စင်ဝေါင်မှာ မျက်နှာပျက်သွား၏။

ချက်ချင်း ပြန်လှည့်ထွက်ရန် ဟန်ပြင်လိုက်မိလေ၏။

ထိုစဉ် အဖိုးတန်ဝတ်စုံဝတ်ဆင်ထားသော လူငယ်က ဟန့်တားလိုက်၏။

"ခဏနေဦး .... မင်းဘာလာလုပ်တာလဲ .... ရတနာဝယ်ချင်လို့လား .... "

စင်ဝေါင်က ခေါင်းခါယမ်းရင်း ....

"မဟုတ်ပါဘူး .... "

လူငယ်က ....

"ဒါဆို ရောင်းဖို့ပေါ့"

စင်ဝေါင်က ခေါင်းညိတ်သည်။

"ဟုတ်ပါတယ်၊ ကျောက်တစ်လုံးလောက် ရောင်းချင်လို့ပါ"

လူငယ်က စင်ဝေါင်၏စကားကိုကြားသောအခါ ရယ်မောလိုက်၏။ ကိုယ်ရံတော်များကလည်း ရယ်မောရင်း ....

"မင်းတစ်ကိုယ်လုံး ညီစော်နံနေတဲ့တံငါသည်က ဘာကျောက်များ ရောင်းဦးမလို့လဲ၊ သွားစမ်းပါကွာ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြက်ရယ် ပြုလိုက်ကြလေသည်။

လူငယ်က လက်ထဲမှ ယပ်တောင်ကိုတစ်ချက်ဝှေ့ယမ်းပြီး သူ့ကိုယ်ရံတော်များကို ဝေါက်ငန်းလိုက်၏။

"မင်းတို့ ပါးစပ်ပိတ်ထားကြစမ်း"

ပြီးမှ စင်ဝေါင်ဘက်လှည့်ကာ ....

"မင်း တကယ် ရောင်းစရာပါလို့လား"

စင်ဝေါင်က ခေါင်းညိတ်ပြသည်။

"ပါ,ဖါတယ်"

လူငယ်ကပြုံး၍ ....

"ဒါဆို .... ငါ့ကိုပြစမ်း .... ငါကြိုက်ရင် ဝယ်မယ်"

စင်ဝေါင်မှာ ဝမ်းသာသွား၏။

ဆိုင်၌ ရောင်းပါက သူတို့ကဲ့သို့ ဆင်းရဲသားများဆိုလျှင် အဆမတန် ဈေးနှိမ်ကာ ဝယ်ယူပေလိမ့်မည်။ ယခုကဲ့သို့ ဝယ်လိုသူနှင့် တိုက်ရိုက်တွေ့သောအခါ ဈေးပိုရနိုင်သည် မဟုတ်လား။

သူသည် ချက်ချင်းပင် ကျောက်ကလေးကို ထုတ်လိုက်ပြီး၊ လူငယ်ဘက်သို့ လှမ်းပြလိုက်လေသည်။

လူငယ်မှာ စင်ဝေါင်ထုတ်ပြသောကျောက်ကို တွေ့သောအခါ မျက်လုံးပြူးသွားလေသည်။

ဆိုင်ပိုင်ရှင်မှာလည်း အံ့အားသင့်သွား၏။

ချက်ချင်းပင် .... ဆိုင်ပိုင်ရှင်က စင်ဝေါင်လက်ထဲမှ ကျောက်ကလေးအား မေးလိုက်၏။



"ခင်ဗျား ဒီကျောက် ဘယ်လောက်တန်မယ်ထင်သလဲ"

ဆိုင်ရှင်က လူငယ်အားကြည့်ကာ ....

"မင်းသားကလေးလည်း၊ တန်ဖိုးဖြတ်တတ်တာပဲ၊ ကျွန်တော့်ကို မေးနေစရာတောင် မလိုပါဘူး၊ ဒါဟာ ညလင်းကျောက်ပဲ၊ အဖိုးကတော့ မနည်းဘူး၊ ရှားပါးတဲ့ ရတနာပစ္စည်းတစ်ခုပဲ အနည်းဆုံး ရွှေသားတစ်ထောင်အထက်မှာပဲ"

စင်ဝေါင်မှာ ထိုစကားကိုကြားသောအခါ ဝမ်းသာသွား၏။

တွေးရင်းလည်း ဟူရှန်ဖုံကို မြင်ယောင်လာသည်။

ဟူရှန်ဖုံ၌ အဖိုးတန်ရတနာများရှိသည်ဟုလည်း တွေးလိုက်မိလေသည်။

မင်းသားကလေးဟုခေါ်သော လူငယ်က ထိုကျောက်ကလေးအား အိတ်ထဲထည့်လိုက်သည်။

ပြီးမှ စင်ဝေါင်အား စွေစွေကြည့်ကာ ပြောလာလေ၏။

"မင်းဟာ ဒီလောက်တန်ဖိုးကြီးတဲ့ရတနာကို ဘယ်လိုမှ မပိုင်ဆိုင်နိုင်ဘူး၊ ခိုးလာတာဖြစ်ရမယ်"

စင်ဝေါင်မှာ အကြီးအကျယ် ထိတ်လန့်သွားသည်။ ဤလူငယ်နှင့်တွေ့ရသည်မှာ သူ့အတွက် အကုသိုလ်ဝင်ခြင်းပင်ဟု နောင်တရသွားလေ၏။

"မဟုတ်ဘူး .... မဟုတ်ဘူး"

မင်းသားကလေးက ....

"ကဲ .... ဒီကောင့်ကို အချုပ်ခန်းထဲထည့်လိုက်"

www.burmeseclassic.com

www.burmeseclassic.com



ဟု သူ၏လူများဘက်သို့လှည့်ကာ အမိန့်ပေးလိုက်လေသည်။

ကိုယ်ရံတော်များက စင်ဝေါင်အား ဝိုင်းချုပ်လိုက်သည်။

ထို့နောက် ဆိုင်အပြင်သို့ အတင်းဆွဲခေါ်သွားကြသည်။

စင်ဝေါင်မှာ ရုန်းကန်ရင်း ဆိုင်ပြင်သို့ ပါသွားသည်။

စင်ဝေါင်၏ အော်ဟစ်ငိုယိုသံကြောင့် လမ်းသွားလမ်းလာများမှာ ဝိုင်းကြည့်လာကြသည်။

ထိုစဉ် ရပ်ကြည့်နေသော လူများအကြားမှ လှပသော မိန်းကလေးနှစ်ယောက် တိုးထွက်လာသည်။

မိန်းကလေးတစ်ယောက်မှာ အနီရောင်ကိုယ်ကျပ်အင်္ကျီကို ဝတ်ထားပြီး၊ ကျန်တစ်ယောက်က အစိမ်းရောင်ဝတ်စုံကို ဝတ်ဆင်ထားသည်။

အနီရောင်ဝတ်ဆင်ထားသောမိန်းကလေးက စင်ဝေါင်၏ရှေ့ဘက်၌ ရပ်လိုက်၏။

ထို့နောက် စင်ဝေါင်အား ဖမ်းလာသော ကိုယ်ရံတော်များအား မေးမြန်းစပ်စုလာ၏။

"ရှင်တို့ ဘာကြောင့် သူ့ကိုဖမ်းလာတာလဲ"

စင်ဝေါင်မှာ အားကိုးစရာလူတစ်ယောက်ဝင်လာသည့်အတွက် အားတက်သွားပြီး ....

"လုံလေး၊ ကျုပ်က ကျောက်တစ်လုံးလာရောင်းတာ၊ သူတို့က ကျုပ်ပစ္စည်းကိုလုယူပြီး ကျုပ်ကို သူခိုးလို့စွပ်စွဲတယ် .... အခုလည်း ထောင်ထဲထည့်မလို့တဲ့ .... "



ကိုယ်ရံတော်တစ်ယောက်မှာ စင်ဝေါင်၏စကားကြောင့် .... မျက်နှာပျက်သွားပြီး စင်ဝေါင်အား ခြေထောက်နှင့်ကန်လိုက်လေသည်။

"တိတ်စမ်း .... "

"ဝုန်း .... "

စင်ဝေါင်းမှာ မြေပေါ်၌ နှစ်ပတ်မျှလိမ့်ဆင်းသွားသည်။

အနီရောင်ဝတ်စုံနှင့် မိန်းကလေးမှာ ကိုယ်ရံတော်များ၏ ရက်စက်ကြမ်းတမ်းသောအပြုအမူကြောင့် ဒေါသထွက်သွားကြ၏။

ထိုမိန်းကလေးနှစ်ယောက်မှာ အခြားသူမဟုတ်ပါ။

သိုင်းလောက၌ ဗဟုသုတရှာဖွေရန် ထွက်လာကြသော ဟန်စုချင်နှင့် ယိဖျောင်းရှမ်းတို့ပင် ဖြစ်ပါတော့သည်။

ယိဖျောင်းရှမ်းက ....

"ရှင်တို့ ရမ်းလှချည်လား .... "

ကိုယ်ရံတော်များသည် ယိဖျောင်းရှမ်းနှင့်ဟန်စုချင်တို့ကို ဝိုင်းလိုက်၏။

"မိန်းကလေးက သူနဲ့ဘာဆိုင်သလဲ"

"ဘာမှမဆိုင်ဘူး၊ အမြင်မတော်လို့ ဝင်လာတာ"

"သြော် .... ဟုတ်လား .... ဒါဆိုရင် မင်းတို့ဟာ ဒီကောင်နဲ့ တစ်ဖွဲ့တည်းဖြစ်ရမယ် .... "

"ရှင်တို့ဟာ တကယ့်လူရမ်းကားတွေပဲ"

မကြာမီ ကိုယ်ရံတော်များနှင့် ယိဖျောင်းရှမ်းတို့ တိုက်ခိုက်ကြ

www.burmeseclassic.com

www.burmeseclassic.com



တော့သည်။

ထိုကိုယ်ရံတော်များမှာ သိုင်းပညာ အခြေခံမျှလောက်သာ တတ်ကျွမ်းကြသူများဖြစ်၍ စိတ်အေးသွားပြီး ပြန်တိုက်ခိုက်ရာ ကိုယ်ရံတော် လေးယောက်ခန့် လဲကျသွားသည်။

ကျန်ကိုယ်ရံတော်များမှာလည်း ဝင်ရောက်မတိုက်ခိုက်ရဲတော့ဘဲ နောက်ဆုတ်သွားကြ၏။

ဝိုင်းတော့ ဝိုင်းထားကြသည်။

ထိုစဉ်မှာပင် ရတနာဆိုင်ထဲမှ လူငယ်ထွက်လာသည်။

သူ၏လူများမှာ ယိဖျောင်းရှမ်းတို့၏လက်ချက်မိကာ ခံနေရကြောင်း တွေ့လိုက်ရသောအခါ ဒေါသထွက်သွားသည်။

သူသည် ယိဖျောင်းရှမ်းတို့ရှေ့သို့လျှောက်လာပြီး စိုက်ကြည့်လိုက်၏။

မင်းသားလေးဆိုသူမှာ ဥူမြို့ကလေး၏ မြို့စားသား ကျင်ကျိုမင်ပင် ဖြစ်၏။

ကျင်ကျိုမင်သည် အလွန်အပျော်အပါးလိုက်စား၏။

အရက်သောက်၊ ဖဲရိုက် မကောင်းမှုမှန်သမျှကို အကုန်ပြုလုပ်နေသူဖြစ်သည်။

ဥူမြို့ကလေး၌ သူ့အား စေ့စေ့ကြည့်ရဲသူ မရှိပါ။

ယခုလည်း သူက စင်ဝေါင်၏ကျောက်ကလေးအား မတရားသိမ်းပိုက်လိုက်ခြင်းသာ ဖြစ်ပါသည်။

ကျင်ကျိုမင်က ယိဖျောင်းရှမ်းအား ....



"မင်းတို့ ဘယ်သူလဲ .... ငါ့လူကို ထိရဲတဲ့သတ္တိက မနည်းပါလား .... "

စင်ဝေါင်မှာ .... ကျင်ကျိုမင်ကိုတွေ့သောအခါ ဒေါသထွက်လာပြီး ....

"မမ .... ဒီလူပဲ .... ကျုပ်ကျောက်ကိုလုပြီး ကျုပ်ကိုသူခိုးလို့ ခွပ်စွဲတာ .... "

ယိဖျောင်းရှမ်းက ခေါင်းတစ်ချက်ညိတ်လိုက်သည်။

ထို့နောက် လျှပ်တစ်ပြက်ရှေ့တိုးကာ ကျင်ကျိုမင်း၏ပါးကို ရိုက်ချလိုက်လေသည်။

"ဖြန်း .... "

ကျင်ကျိုမင်မှာ လျင်မြန်လှသည့်လက်ဝါးကို မရှောင်နိုင်ဘဲ ပါးရိုက်ခံလိုက်ရသည်။

ယိဖျောင်းရှမ်းက တစ်ဆက်တည်း ကျင်ကျိုမင်၏ယပ်တောင်ကို ဆွဲလုကာ ဆုတ်ဖြဲပြလိုက်၏။ ကဲ .... မင်း ဘာတတ်နိုင်သေးသလဲ ဆိုသော သဘောပင်တည်း။

ဝိုင်းကြည့်နေသူများမှာ ကျင်ကျိုမင်၏အကျင့်ဆိုးကို သိထားသူများ ဖြစ်ရာ ယိဖျောင်းရှမ်းအတွက် စိုးရိမ်ထိတ်လန့်သွားမိလေ၏။ ကျင်ကျိုမင် စိတ်ဆိုးသွားသည်။ ရာရာစစ မိန်းကလေးတစ်ဦး၏ပါးရိုက်ခြင်းကို မြို့စားသားတစ်ဦးက ခံရပါမည်လော။

သူသည် ချက်ချင်းပင် ယိဖျောင်းရှမ်းအား ပြန်လည်တိုက်ခိုက်လိုက်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် သိုင်းကွက်တစ်ကွက်မျှသာ ယှဉ်ပြိုင်ရသေးသည်။ ကျင်ကျိမင်မှာ ယိဖျောင်းရှမ်း၏ဖမ်းချုပ်ခြင်း ခံလိုက်ရလေတော့၏။

ယိဖျောင်းရှမ်းက ကျင်ကျိမင်အား မြေပေါ်ကိုလှဲချလိုက်ပြီး ခြေနှင့် နင်းထားလိုက်သည်။

ယိဖျောင်းရှမ်းက ဓားဆွဲထုတ်ကာ ....

"မင်းက ဘာကြောင့် သူတစ်ပါးပစ္စည်းကို လုယူရတာလဲ။ လုယူတာကို ထားပါတော့၊ ဘာကြောင့် အချုပ်ခန်းထဲထည့်ချင်ရတာလဲ"

ကျင်ကျိမင်မှာ ထိတ်လန့်သွား၏။

မိန်းကလေးပင် ဖြစ်သော်လည်း သိုင်းသမားဖြစ်နေသောကြောင့် သူက မယှဉ်နိုင်ကြောင်း နားလည်လိုက်သည်။

ထို့ကြောင့် သူ ထစ်ထစ်ငေါ့ငေါ့နှင့် ....

"ကျုပ် .... ကျုပ်ပြန်ပေးပါ့မယ်၊ သူ့ကိုလည်း အချုပ်ခန်းထဲ မထည့်တော့ပါဘူး"

သူသည် စင်ဝေါင်၏ ကျောက်ကလေးအား ထုတ်ယူကာ ယိဖျောင်းရှမ်းအား ပြန်ပေးသည်။

ယိဖျောင်းရှမ်းက စင်ဝေါင်ထံသို့ ကမ်းပေးရင်း ....

"သေသေချာချာ ပြန်သိမ်းထား"

ထို့နောက် ကျင်ကျိမင်အားလည်း ခြေနှင့်ခတ်ထုတ်လိုက်လေသည်။

"ဝုန်း .... "



ကျင်ကျိမင်မှာ မြေပေါ်၌ လေး၊ ငါး၊ ခြောက်ပတ်မျှ လိမ့်သွားလေသည်။

ယိဖျောင်းရှမ်းက အံကြိတ်၍ ပြောလိုက်၏။

"ကဲ .... ငါ့ရှေ့က မြန်မြန်သွားကြစမ်း၊ ကြာရင် ငါ အကုန်သတ်ပစ်မိမယ်"

ကျင်ကျိမင်တို့လူစုမှာ ယိဖျောင်းရှမ်း၏စကားဆုံးသောအခါ နောက်ပင် လှည့်မကြည့်တော့ဘဲ သုတ်ခြေတင် ထွက်ခွာသွားကြလေတော့သည်။

ဟန်စုချင်က ရှေ့သို့တိုးလာပြီး ....

"ညီမလေး တို့လည်းသွားကြစို့၊ ဒီကောင်တွေ လူထပ်ခေါ်ပြီး ပြန်လာမှာ ကျိန်းသေတယ်"

ယိဖျောင်းရှမ်း ခေါင်းညိတ်၏။

စင်ဝေါင်ကိုပါခေါ်ကာ ချက်ချင်းမြို့ထဲမှ ထွက်နိုင်ရန် ပြေးထွက်လာခဲ့ကြလေတော့သည်။

သို့သော် .... မကြာမီ သူတို့၏ခြေလှမ်းမှာ ရပ်တန့်သွားကြရသည်။ အဘယ်ကြောင့်ဆိုသော် လမ်းကွေ့တစ်ကွေ့ချိုးပြီးသည်နှင့် လူတစ်စုသည် သူတို့ရှေ့မှ ပိတ်ဆို့ထားပြီးနေသောကြောင့်တည်း။

ယိဖျောင်းရှမ်းက အံကိုကြိတ်လိုက်ပြီး ဟန်စုချင်အား ပြောလိုက်၏။

"မမ သူ့ကိုခဏလောက်စောင့်ကြည့်ထားလိုက်၊ ဒီကောင်တွေကို ကျွန်မဆက်ပြီးရှင်းလိုက်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟန်စုချင်က ယိဖျောင်းရှမ်း၏လက်ကိုဆွဲကာ ....

"မသွားနဲ့"

"ဘာလို့လဲ .... "

"ညီမလေးမှာ လေးရှိသားပဲ၊ ဘာလို့ သူတို့နဲ့ အချိန်ကုန်ခံပြီး တိုက်ခိုက်နေမှာလဲ၊ အဲဒါနဲ့ပစ်ပါလား"

ယိဖျောင်းရှမ်းက ပြုံးလိုက်၏။

ထို့နောက် ကျောပေါ်မှ လေးကိုဆွဲယူလိုက်ပြီး လမ်းပိတ်ထားသောလူများထံ ချိန်ရွယ်ကာ ပစ်လွှင့်လိုက်လေသည်။

သံလုံးများ ဆယ်လုံးမျှ ဆက်တိုက်ပစ်လွှင့်ရာ ကျင်ကျိုမင်၏ လူများမှာ အလန့်တကြား ရှောင်တိမ်းကြရတော့သည်။

ထိုလူစုမှာ ကျင်ကျိုမင် ခံလိုက်ရသော သတင်းကြောင့် ဤနေရာ၌ပိတ်ကာ ယိဖျောင်းရှမ်းတို့အား စောင့်နေခြင်းဖြစ်၏။ ကျင်ကျိုမင်၏လူများဖြစ်သည်။ သူတို့လူစုမှာ လူတစ်ရာနီးပါး ရှိ၏။

သို့သော် .... အဝေးမှနေ၍ တိုက်ခိုက်လာသောအခါ ယိဖျောင်းရှမ်း၏လက်ချက်ကြောင့် လူအတော်များများမှာ ဒဏ်ရာရကုန်ကြသည်။

သတ္တိနည်းသော သူတစ်ယောက်က စတင်ပြေးသွားသောအခါ လမ်းပိတ်ထားသော လူအကုန်လုံးလိုလို ထွက်ပြေးသွားကြတော့သည်။

"ခစ် .... ခစ် .... ခစ်"

ယိဖျောင်းရှမ်းတို့သည် သဘောကျစွာ ရယ်မောမိကြလေ၏။



မြို့ပြင်သို့အေးအေးဆေးဆေးပင် ထွက်လာနိုင်ခဲ့ကြသည်။

ထိုအခိုက် စင်ဝေါင်က အလန့်တကြား အော်လိုက်လေသည်။

"ဟာ .... ဒုက္ခပဲ"

ယိဖျောင်းရှမ်းသည် စင်ဝေါင်၏ရေရွတ်သံကြောင့် ပတ်ဝန်းကျင်ကို အလျင်အမြန် ကြည့်လိုက်၏။ ရန်သူများ လိုက်လာလေပြီလော။

ရန်သူ၏အရိပ်အယောင်မျှပင် မတွေ့ရပါချေ။

ယိဖျောင်းရှမ်းက ....

"ဘာဖြစ်တာလဲ၊ ရန်သူလာလို့လား၊ ဒါမှမဟုတ် ရှင့်ရဲ့ကျောက်က ပျောက်ပြန်ပြီလား"

စင်ဝေါင်က ခေါင်းခါယမ်းပြီး ထိတ်လန့်စွာပြော၏။

"မဟုတ်ဘူး၊ ကျွန်တော့်ညီ သေတော့မယ်"

"ဘာဖြစ်လို့ ရှင့်ညီက သေရမှာလဲ၊ ရှင်ကလည်း မဆီမဆိုင်တွေ ပြောနေပြန်ပြီ"

စင်ဝေါင်က ဟူရှန်ဖုံက သူ၏ညီအား ဖမ်းဆီးထားပုံများကို ပြောပြလိုက်၏။ အစမှအဆုံးအထိ ပြောပြခြင်းဖြစ်သည်။

ထိုအခါ ယိဖျောင်းရှမ်းမှာ မျက်နှာတစ်ပြင်လုံး ဖြူဖွေးသွားလေတော့၏။

ဟန်စုချင်သည် ယိဖျောင်းရှမ်း မျက်နှာပျက်သွားသည်ကို လွန်စွာ အံ့သြသွား၏။

"ဘာဖြစ်လို့လဲ ညီမလေး၊ မမကိုပြောပါဦး"

www.burmeseclassic.com

www.burmeseclassic.com



"ဒုက္ခပါပဲ၊ ဟူရှန်ဖုံဟာ ပင်လယ်ထဲကျသွားတာတောင် မသေ နိုင်သေးပါလား"

ယိဖျောင်းရှမ်း စိတ်ပျက်စွာ ညည်းညူလိုက်ခြင်းက ဟန်စုချင် အား အဖြေပေးလိုက်ခြင်းပင် ဖြစ်ပါတော့သည်။

စင်ဝေါင်သည် ဟူရှန်ဖုံကို ယိဖျောင်းရှမ်းတို့ သိရှိနေခြင်း အတွက် လွန်စွာအံ့သြသွား၏။

"ဘယ်လို .... ဒီလူကြီးကို ခင်ဗျားတို့က ပင်လယ်ထဲ တွန်းချ ခဲ့တယ် ဟုတ်လား"

ယိဖျောင်းရှမ်းက ဟူရှန်ဖုံအကြောင်း အကျဉ်းချုပ်ပြောပြလိုက် လေ၏။

စင်ဝေါင်မှာ နားထောင်ရင်း မျက်နှာပျက်သွားလေသည်။

သူ လွန်စွာ စိုးရိမ်သွားသည်။

သူ့ညီကလေးသည် အလွန်တရာ ဆိုးသွမ်းသော သေရွာဖြစ် အောက်လမ်းသိုင်းသမားကြီး၏လက်ထဲ၌ ကျန်ရှိနေခဲ့သည် မဟုတ်ပါ လော။

"ဟာ .... ဒါဆို မဖြစ်ဘူး၊ ကျုပ်ညီလေးက သူ့လက်ထဲ ရောက်နေတာ၊ လွတ်အောင် ကယ်တင်ပေးကြပါ၊ တော်တော်ကြာ မိစ္ဆာကောင်လိုလူမျိုးဖြစ်သွားရင် ကျုပ်တို့ ရင်ကျိုးနေပါဦးမယ်ဗျာ"

ယိဖျောင်းရှမ်းက သက်ပြင်းချကာ ပြောလိုက်၏။

"ရှင့်ကိုတော့ ကူညီချင်ပါတယ်၊ ဒါပေမယ့် ဟူရှန်ဖုံကို ကျွန် တို့က ဘယည်လိုမှ မယှဉ်နိုင်ဘူးရှင့်"



ဟန်စုချင်ကလည်း ဝင်ရောက်ပြောလိုက်၏။

"ဟုတ်တယ်၊ ဟူရှန်ဖုံဟာ ဒဏ်ရာရနေတာတောင်မှ သူ့ကိုနိုင် ဖို့ သိပ်မလွယ်ဘူး"

စင်ဝေါင်က ....

"ခင်ဗျားတို့လည်း တော်ပါတယ်ဗျာ .... အခု သူ ဆေးဝယ်နိုင်း တာပဲ၊ ဒါကိုကြည့်ရင် သူ တစ်ခုခုဖြစ်နေတယ်ဆိုတာ ခန့်မှန်းလို့ရပါ တယ် .... "

ယိဖျောင်းရှမ်းနှင့် ဟန်စုချင်တို့မှာ တစ်ယောက်မျက်နှာတစ် ယောက်ကြည့်မိကြသည်။

စင်ဝေါင်၏စကားအရ သူတို့နှစ်ဦးပေါင်း၍တိုက်ခိုက်လျှင် အနိုင် ရလောက်မည်ဟု တွေးမိလိုက်ကြသည်။

ထို့ကြောင့် ယိဖျောင်းရှမ်းက ....

"ကဲ .... ဒါဆို ငါတို့ကို သူရှိတဲ့နေရာ လိုက်ပြပါ .... မှချကယ် တင်ပေးနိုင်မယ်လို့တော့ အာမ မခံနိုင်ဘူးနော်၊ ဟူရှန်ဖုံရဲ့အခြေအနေ ကို ကြည့်ပြီးမှ ကယ်တင်ပေးနိုင်ရင် ကယ်တင်ပေးမှာ"

စင်ဝေါင်မှာ ထိုစကားကြားသောအခါ အလွန်ဝမ်းသာသွား၏။ ယိဖျောင်းရှမ်းနှင့်ဟန်စုချင်အား ဂါရဝပြုကာ ရှေ့မှ လမ်းပြခေါ်ဆောင် သွားလေတော့သတည်း။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၄၈)

## တာပည့်မွေးခြင်း

နေမှာ စောင်းလာ၏။

သို့သော် အလင်းရောင်မှာမူ ရှိနေဆဲပင်။

စင်ဝေါင်မှာ ညီ၏သေရေးရှင်ရေးဖြစ်သဖြင့် သူတို့သည် စင်ဝေါင်၏ တံငါရွာကလေးဆီသို့ အမြန်ဆုံး ပြေးလွှားလာခဲ့ကြ၏။

သူတို့ ရွာထဲသို့ မဝင်ကြပေ။ ရွာကိုရှောင်ပြီး လှေငယ်ဖြင့် ကျွန်းဆီသို့ ကူးလာကြ၏။

သို့သော် မည်သူ့ကိုမျှ မတွေ့တော့ချေ။

စင်ဝေါင်မှာ သူ၏ညီအတွက် စိတ်ပူသွား၏။

"ညီလေး .... ညီလေး"

သူသည် ရင်ကွဲမတတ် အော်ဟစ်ခေါ်ငင်လေတော့၏။ သူ့ မည်မျှ အော်အော်၊ မည်မျှခေါ်ခေါ် စင်ယောက်၏ပြန်ထူးသံကား မကြားရ တော့ချေ။

သူတို့အားလုံး ကျွန်းပေါ် ပြေးလွှားလှည့်ပတ် ရှာဖွေကြ၏။



အစားအစာ စားကြွင်းစားကျန်များကိုသာ တွေ့ရတော့သည်။ လူသူ အရိပ်အယောင်ကား လုံးဝ မမြင်ရတော့ချေ။

ဟန်စုချင်က စင်ဝေါင်ကို ပြန်မေးသည်။

"ရှင် .... နေရာမှားနေသလား၊ ဒီကျွန်းမှ ဟုတ်ရဲ့လား"

စင်ဝေါင်က မျက်နှာမဲ့မဲ့ဖြင့် ပြောလေ၏။

"မမှားဘူး၊ ဒီနေရာပဲ၊ အခု ညီလေးမရှိတော့ဘူး၊ သေပြီထင်တယ်၊ ကျွန်တော့်ကြောင့် ကျွန်တော့်ကြောင့်"

စင်ဝေါင်သည် ပြောရင်း မျက်ရည်များ ယိုစီးကျလာလေတော့၏။

ယိဖျောင်းရှမ်းက ....

"ရှင် .... ယောကျ်ားပဲ .... ဘာလို့ ငိုနေရတာလဲ၊ ငိုနေလို့ ရှင့်ညီကို တွေ့မလား၊ လိုက်ရှာမှပေါ့"

စင်ဝေါင် မျက်ရည်ကိုသုတ်လိုက်၏။

ထို့နောက် ယိဖျောင်းရှမ်းတို့နှင့်အတူ ပတ်ဝန်းကျင်အနှံ့ ထပ်မံ ရှာဖွေသည်။

သို့သော် မတွေ့ရပါချေ။

"ဒီကျွန်းဟာ ကျွန်တော်တို့ရွာနဲ့ အနီးဆုံးကျွန်းပါ၊ ကျွန်တော်တို့ ကလေးဘဝကတည်းက မကြာခဏရောက်နေတဲ့ကျွန်းပါ၊ အခု ရောက်ရှာပြီးမှ မတွေ့တာကတော့ သူတို့ ရှိကိုမရှိလို့ပါ၊ ကျွန်တော့် ညီရော ဟူရှန်ဖုံရော သေပြီနဲ့တူပါရဲ့ဗျာ .... "

"ဒါဖြင့် ရှင်ဘယ်လိုလုပ်ချင်သလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ရွာပြန်ရုံပဲ ရှိတော့တာပေါ့ဗျာ ...."

သူတို့သုံးယောက်သည် စင်ဝေါင်တို့၏ တံငါရွာလေးဆီသို့ ပြန်လာခဲ့ကြလေတော့သည်။

သူတို့ ပြန်ရောက်ချိန်၌ အမှောင်ပျိုးနေလေပြီ။ ရွာဆီမှလည်း မီးရောင်တဝင်းဝင်း တွေ့နေရသည်။ နီးလာသောအခါ မီးတုတ်၏ အလင်းရောင်များဖြစ်ကြောင်း သိလာကြရသည်။

စင်ဝေါင်တို့ရွာထိပ်သို့ရောက်သည်နှင့် ရွာသားများ ဝမ်းသာအားရ အော်ဟစ်ကြသည်။

"စင်ဆန်ကွေ့ ခင်ဗျားသား ပြန်လာပြီ .... "

စင်ဆန်ကွေ့သည် ရွာထိပ်သို့ အူးယားဖားယား ပြေးထွက်လာသည်။

"စင်ဝေါင် မင်း ဘယ်ပျောက်သွားနေတာလဲ .... မိုးချုပ်လို့ တို့အားလုံး စိတ်ပူနေကြပြီ၊ မင်းညီလေးကော .... "

စင်ဝေါင်မှာ ပြန်မဖြေနိုင်ပါ။

ဖခင်ဖြစ်သူအားဖက်ကာ ငိုကြွေးလေတော့သည်။

စင်ဆန်ကွေ့ ရင်ထိတ်သွားရလေပြီ။

သားငယ်အတွက် ပို၍စိုးရိမ်သွားပြီး ထပ်မံမေးမြန်း ပြန်လေတော့၏။

"စင်ဝေါင် .... သားငယ်ကော ဘယ်မှာလဲ"

စင်ဝေါင်သည် ငိုကြွေးရင်း သူတို့ဟူရှန့်ဖုံထံ သွားရောက် စုံစမ်းပုံကို ပြောပြ၏။



ယိဖျောင်းရှမ်းက ဝင်၍ ရှင်းပြသည်။

"ဦးလေးတို့ တွေ့ခဲ့တဲ့လူဟာ နတ်မဟုတ်ပါဘူး .... အဓိကရ လူဆိုးကြီးတစ်ယောက်ပါ၊ သာမန်လူဆိုးထက် အဆတစ်ရာတစ်ထောင်သာတဲ့ အောက်လမ်းသိုင်းသမားလူဆိုးကြီးပါ၊ ဦးလေးတို့က သိုင်းလောကသားတွေမဟုတ်တော့ ဘယ်သိပါ့မလဲ၊ သူဟာ အရိုးဖြူဂိုဏ်းချုပ် ဟူရှန့်ဖုံဆိုတဲ့လူပဲ"

"ဟင် .... လုံမလေး သေချာရဲ့လားဟင်"

"သေချာပါတယ်၊ ကျက်ကျွန်းပြည်နယ်မှာ မိစ္ဆာကောင်တွေ သောင်းကျန်းတဲ့မှုခင်း ကြားမိသလား၊ ဒါဟာ ဟူရှန့်ဖုံရဲ့ လက်ချက်ပဲပေါ့၊ ကျွန်မတို့ ဆွေမျိုးသားချင်းတွေတောင် မိစ္ဆာကောင်ဖြစ်လုနီးနီး ဖြစ်ခဲ့ရတယ် .... "

ထိုအခါ တံငါသည်များ ထိတ်လန့်သွားကြတော့သည်။

စင်ဆန်ကွေ့မှာ ပို၍ထိတ်လန့်သွားရရှာသည်။ သူက သားဖြစ်သူ ဆုံးရှုံးနေသူ မဟုတ်ပါလော။

"ဒါ .... ဒါဆိုရင် ကျုပ်သား အငယ်ကော၊ မိစ္ဆာကောင်ဖြစ်သွားလား .... ဘုရား .... ဘုရား ကြောက်စရာပဲ"

ယိဖျောင်းရှမ်းက ပြုံးကာ ....

"အခု လောလောဆယ်တော့ မိစ္ဆာကောင်ဘဝရောက်ဦးမှာ မဟုတ်သေးဘူး၊ ဟူရှန့်ဖုံမှာ ဆေးမရှိသေးပါဘူး၊ ပြီးတော့ သူက အသက်လည်း ရထားတယ်၊ ဝေးဝေးတော့ ရောက်ဦးမှာ မဟုတ်ဘူး၊ ပိုက်စိတ်တိုက်ရှာရင် တွေ့မှာပဲ၊ ဟူရှန့်ဖုံကို သုတ်သင်ပစ်ရမယ်၊ သူဟာ

www.burmeseclassic.com

www.burmeseclassic.com



တံငါသည်တွေကိုတင် ဒုက္ခပေးမှာမဟုတ်ဘူး။ သိုင်းလောကတစ်ခုလုံးကိုပါ ဒုက္ခပေးတဲ့လူပါ ....”

တံငါသည်များမှာ ပို၍ပို၍ ထိတ်လန့်ကုန်သည်။

သိုင်းသမားများကပါ ကြောက်ရသူဆိုလျှင် သူတို့လို ရိုးသားသော တံငါသည်များအဖို့ ပြောဖွယ်ရာ မရှိတော့ပါ။

စင်ဆန်ကွေကမူ ယိဖျောင်းရှမ်းတို့၏ ရဲရင့်မှုကိုကြည့်ပြီး အားကိုးမိသည်။

ဟူရှန်ဖုံမှာ သိုင်းပညာတော်သော်လည်း ဒဏ်ရာ ရနေသည်။

မိမိတို့လူစုသာ တက်တက်ကြွကြွတိုက်ခိုက်လျှင် ဟူရှန်ဖုံတစ်ယောက်တည်းကို နိုင်နိုင်သည်ဟု တွေးမိသည်။

သို့သော် သူ့ရွာသားများက ကြောက်နေကြသည်။ စင်ဆန်ကွေ့က ဟူရှန်ဖုံ၏အခြေအနေ၊ ယိဖျောင်းရှမ်းတို့၏အကူအညီနှင့် သူတို့၏အင်အားများကို ရှင်းပြပြီး အားတက်ဖွယ်ရာပြောရာ ရွာသားများချက်ချင်းအားတက်လာကြ၏။ စင်ဆန်ကွေ့က ယိဖျောင်းရှမ်းအားတောင်းပန်သည်။

“လုံမလေး .... ကျုပ်တို့က သိုင်းပညာမတတ်တော့ လုံမလေးတို့ကိုပဲ အားကိုးပါတယ် .... လုံမလေးတို့က ဦးစီးဦးဆောင်လုပ်ပေးပါ”

ယိဖျောင်းရှမ်းက ခေါင်းညိတ်၏။

သူမက တံငါသည်များအား အုပ်စုငါးခု ခွဲပေးလိုက်၏။

အသက် ငယ်ရွယ်သူများက ရှေ့မှဦးဆောင်ကာ သွားစေ၏။

လူတိုင်းက မှိန်း၊ ဓား ရရာလက်နက်များ ကိုင်ဆွဲလိုက်၏။



ထို့နောက် မီးတုတ်များထွန်းညှိကာ စန်တူမအော့ ကမ်းခြေတစ်လျှောက် လိုက်လံရှာဖွေကြလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



စန္ဒကူအော့ ပင်လယ်ကျေ့ ဝန်းကျင်၌ တစ်ခုတည်းသော တောင်တစ်လုံးရှိ၏။

ထိုတောင်ထိပ်၌ ကျောက်တုံးတစ်တုံးရှိ၏။

ထိုကျောက်တုံးမှာ ဖုံကဲ့သို့သော ပုံသဏ္ဌာန်ရှိ၍ ထိုတောင်အား ဖုံပျောက်တောင်ဟု ခေါ်ကြလေသည်။

ထိုဖုံပျောက်တောင်၌ နတ်ကွန်းတစ်ခု ရှိ၏။

ထိုနတ်ကွန်းအား ကျားဖြူနတ်ကွန်းဟု ခေါ်သည်။

ကျားဖြူနတ်ကွန်း၏သက်တမ်းမှာ မည်မျှရှိသည်ကို မည်သူမျှ မသိပါ။

ခေတ်အဆက်ဆက် တည်ရှိခဲ့၏။

ထိုနတ်ကွန်းအား စောင့်ရှောက်ရန် အစောင့်တစ်ယောက်ရှိသည်။

ထိုအစောင့်၏တာဝန်မှာ ထွေထွေထူးထူး မရှိပါ။

နတ်ကွန်းအား သန့်ရှင်းရမည်။



ထို့နောက် ညတိုင်း မီးတီးပေးရသည်။

ယခု ထိုနတ်ကွန်း၏အစောင့်မှာ အသက်ငါးဆယ်ခန့်ရှိသော လူပေ့ဆိုသူ ဖြစ်၏။

လူပေ့မှာ ဤနတ်ကွန်း၌ တစ်ဦးတည်းနေထိုင်လာခဲ့သည်မှာ သူ၏ သက်တမ်းတစ်ဝက်မျှ ရှိခဲ့လေပြီ။

ဖေစန်မြို့သို့ လစာထုတ်သောရက် တစ်ခေါက်သာ ရောက်ရှိသည်။ ထိုအစောင့်ကို ဖေစန်မြို့စားက ခန့်ထားတာကြောင့် ထိုမြို့၌ လစာထုတ်ရခြင်း ဖြစ်သည်။

ယနေ့ညလည်း ထုံးစံအတိုင်း မနက်သုံးနာရီခန့်အချိန်၌ လူပေ့ဘာ မီးတီးရန် အိပ်ရာမှ ထလိုက်လေသည်။

လူပေ့က ဇရပ်ထဲမှ ခြေတစ်လှမ်းမျှသာ အပြင်ထွက်ရသေးသည်။ မမျှော်လင့်သော မြင်ကွင်းကြောင့် လန့်ထိတ်သွားရသည်။

လူပေ့၏ရှေ့၌ လူတစ်ယောက်ရှိ၏။

ထိုလူမှာ ဆံပင်ရှည်လျား၏။

ကိုယ်ပေါ်၌ အစားအစာများမှာ စုတ်ပြဲနေ၏။

မျက်နှာမှာ လွန်စွာ အကျည်းတန်၏။ အရုပ်ဆိုး၏။

ထို့အတူ ထိုလူကိုယ်၌ သွေးညှီနံ့များကလည်း နံစော်နေလေသည်။

"ခင် .... ခင်ဗျား"

"ဝုန်း .... "

လူပေ့စကား ဆုံးအောင် မပြောလိုက်ရပေ။ ထိုလူက ငယ်ထိပ်

www.burmeseclassic.com



ကို လက်ဝါးဖြင့် ရိုက်ချလိုက်ရာ လူပေ့ခများ ထိုနေရာ၌ ပွဲချင်းပြီး သေဆုံးသွားရှာလေသည်။

ယခု ဇရပ်အတွင်း၌ လူနှစ်ယောက် ရောက်ရှိနေပြီ။

ထိုလူနှစ်ယောက်မှာ စင်ယောက်နှင့် ဟူရှန်ဖုံတို့ပင် ဖြစ်ပေ တော့သည်။

ဟူရှန်ဖုံက စင်ယောက်အား မေးလိုက်၏။

"ဒါ ဘာနေရာလဲ၊ နတ်ကွန်းလား"

စင်ယောက်က ....

"ကျားဖြူဇရပ်ပါ"

ဟူရှန်ဖုံက အထဲကို တစ်ချက်အကဲခတ်ကြည့်လိုက်လေသည်

ဟူရှန်ဖုံသည် စင်ဝေါင်ကို စိတ်မချချေ။ သူ ပေးလိုက်သည့် ကျောက်မျက်ရတနာသည် စင်ဝေါင်ကို ဒုက္ခပေးရုံသာမက သူတို့လည်း ဒုက္ခပေးနိုင်ကြောင်း သတိပြုမိလာသည်။ ထို့ကြောင့် စင်ယောက်အား ကမ်းခြေသို့ ကူးသွားနိုင်မည့် ဝါးလုံးများကို ဖောင်တစ်ခုဖွဲ့ရန် အမိန့် ပေးသည်။ စင်ယောက်မှာ ဟူရှန်ဖုံကို အကြောက်ကြီး ကြောက်နေ သဖြင့် ခိုင်းသမျှ လုပ်ရတော့လေ၏။ ဝါးများကိုခုတ်ပြီး ဖောင်ဖွဲ့ပေး ရသည်။ ထို့နောက် ကမ်းခြေဆီသို့ လှော်ခတ်ရသည်။

ဟူရှန်ဖုံ၏အမိန့်အရ တံငါရွာဆီသို့ မကပ်ရဘဲ အခြားကမ်းခြေ တစ်နေရာ၌ ကပ်ရသည်။ ဟူရှန်ဖုံသည် တိုက်ပွဲများအကြိမ်ကြိမ် တိုက် ခိုက်ခဲ့ရသူဖြစ်၍ ပထဝီအခြေအနေ အနေအထား အသာစီးရမှုသည် မည်မျှ အရေးကြီးကြောင်းသိသဖြင့် အပေါ်စီးရနိုင်သည့် တောင်ဖြေ



ကုန်းမြင့်တစ်ခုခု မရှိသလောဟု မေးမြန်းရာမှ ကျားဖြူနတ်ကွန်းသို့ ရောက်ရှိလာခြင်း ဖြစ်တော့သည်။

ဟူရှန်ဖုံသည် ကျားဖြူနတ်ရုပ်ကို လက်ဝါးနှင့် ရိုက်ချလိုက်၏။

"ဝုန်း ...."

ကျားဖြူနတ်ရုပ်မှာ ကြေမွသွားသည်။

ဟူရှန်ဖုံက စင်ယောက်၏ ပခုံးပေါ်မှတစ်ဆင့် ကျားရုပ်နေရာ သို့ပြောင်းကာ ထိုင်ချလိုက်သည်။

စင်ယောက်မှာ လွန်စွာထိတ်လန့်နေတော့သည်။

ဟူရှန်ဖုံက ....

"မင်း အသက်ရှင်ချင်သလား"

ဟု အေးစက်စွာ မေးလိုက်လေသည်။

စင်ယောက်မှာ ထိုစကားကြားသောအခါ ထိတ်လန့်သွား၏။

ချက်ချင်းပင် ဒူးထောက်ကာ တောင်းပန်လိုက်လေသည်။

"ကျွန်တော် အသက်ရှင်ချင်ပါတယ်ဆရာကြီးရယ်၊ ကျွန်တော့် ကို ချမ်းသာပေးပါ"

ဟူရှန်ဖုံက အေးစက်စွာ ရယ်မောလိုက်ပြီး ....

"မင်းကို ငါသတ်လို့ရတယ်၊ ဒါပေမယ့် မင်းက ငါ့ကို ဆရာတင်မှ ဖြစ်မယ်"

စင်ယောက်က ပြန်စဉ်းစားလိုက်၏။

ပြီးမှ သူကပြန်မေးလိုက်၏။

"ကျွန်တော် .... ကျွန်တော် ဆရာတင်ပြီး ဘာ .... ဘာ"

www.burmeseclassic.com

www.burmeseclassic.com



သူ၏စကားမဆုံးမီ ဟူရှန်ဖုံက ကြားဖြတ်ပြောလိုက်၏။

"ငါ့ကို ဆရာတင်လို့ ဘာအကျိုးရှိမလဲလို့ မေးချင်တာလား"

မှန်ပါသည်။

စင်ယောက်သည် သိုင်းသမားလူဆိုးကြီးတစ်ယောက်ကို ဆ တင်ခြင်းဖြင့် သူ ဘာအကျိုးကျေးဇူး ခံစားရမည်ကို မခန့်မှန်းတတ်

ဟူရှန်ဖုံက ဆက်ပြောလိုက်၏။

"ငါက ဒုက္ခသည်ဖြစ်နေလို့ မင်းကိုတပည့်မွေးတာလို့ မင်း သလား၊ ငါ့ကို မိစ္ဆာကျွန်းပေါ်မှာ ရန်သူတွေ ဝိုင်းပြီး တိုက်ခိုက်ခဲ့ ဒီလိုဖြစ်ခဲ့တာ၊ ဒါပေမယ့် မကြာခင်ပြန်ကောင်းမှာပါ၊ ငါ့သိုင်းပ ဘယ်လောက် ထက်မြက်တယ်ဆိုတာ မင်းမသိသေးပါဘူး .... ငါ့ တပည့်ခံချင်တဲ့လူတွေ သိုင်းလောကမှာ ရာထောင်ချီပြီးရှိတယ်၊ ရုံတန်ရုံစိတ်မချတဲ့လူကို ငါ တပည့်မမွေးခဲ့ဘူး၊ မင်းကိုတော့ ငါ့အသ ကယ်ခဲ့တဲ့ကျေးဇူးကိုထောက်ပြီး တပည့်မွေးတာကွ .... "

စင်ယောက်က စဉ်းစားနေလိုက်၏။ ထို့နောက် ကြော ကြောက်ရွံ့ရွံ့ဖြင့် ပြန်မေးသည်။

"ဆရာကြီးတောင် ဒုက္ခရောက်ခဲ့တာ .... ကျွန်တော်သာ ကြီးဆီက သိုင်းပညာသင်ရင် ကျွန်တော်လည်း ဆရာကြီးလိုပဲ ရောက်တော့မှာပေါ့ .... "

ဟူရှန်ဖုံမှာ စင်ယောက်၏အချက်ကျသောစကားကြောင့် တရက် ဘာပြောရမှန်းမသိဘဲ ဖြစ်သွား၏။

ပြီးမှ ရယ်မောလိုက်ပြီး ....



"မင်းပြောတာ မှန်တယ် .... ဒါပေမယ့် ငါမေးဦးမယ်၊ လောက မှာ ဘယ်လိုနေရတာ စည်းစိမ်အရှိဆုံးလဲ .... "

စင်ယောက်က မစဉ်းစားဘဲ ချက်ချင်း အဖြေပေးလိုက်၏။

"ချောမောတဲ့ မိန်းကလေးတစ်ယောက်နဲ့အတူနေရပြီး ဇိမ်ကျ ကျနေရတာ စည်းစိမ်အရှိန်ဆုံးပေါ့ ဆရာကြီးရယ် .... "

ဟူရှန်ဖုံက ကျေနပ်စွာရယ်၏။

"အေး .... မင်းသာ ငါ့တပည့်လုပ်မယ်ဆိုရင် မိန်းကလေးလို သလောက်ရနိုင်မယ်၊ ပြီးတော့ ငွေကိုလည်းသုံးချင်သလို သုံးနိုင်မယ်"

စင်ယောက်မှာ ထိုစကားကြားသောအခါ စိတ်လှုပ်ရှားသွား ၏။ သူသည် ဘာမျှမသိသော တောသားလူငယ်လေးတစ်ယောက် သာ။

"ဆရာကြီးတပည့်လုပ်ရင် ဒါတွေ ဖြစ်လာမယ် ဟုတ်လား"

ဟူရှန်ဖုံက ခေါင်းညိတ်၏။

"ဟုတ်တယ် .... ကျိန်းသေ ဖြစ်စေရမယ်၊ ငါ တာဝန်ယူတယ်"

စင်ယောက်က တစ်ချက်ငိုင်သွား၏။

ပြီးမှ မယုံကြည်သောလေသံဖြင့် ....

"ဆရာကြီးပြောတာ မဖြစ်နိုင်ပါဘူးဗျာ .... အခုပဲ ဆရာကြီး ောင် ဒုက္ခရောက်နေပြီ မဟုတ်လား"

ဟူရှန်ဖုံက ဘာမျှ ပြန်မပြောပါ။

အိတ်ထဲမှ ကျောက်ကလေးတစ်လုံးကိုထုတ်ယူကာ .... စင် ောက်ထံသို့ ပစ်ပေးလိုက်၏။ အဖိုးတန် ကျောက်မျက်တစ်လုံးပင်။

www.burmeseclassic.com

www.burmeseclassic.com



"မျော့ — ဒါကိုကြည့်"

စင်ယောက်က ကောက်ယူကြည့်လိုက်၏။

ဟူရှန်ဖုံက ....

"ငါ့မှာ ဒီလိုကျောက်မျက်ရတနာတွေ အများကြီးရှိတယ်၊ မ တစ်ယောက်ဟာ ငွေရှိလာရင် ဘာမဆိုလုပ်လို့ရတယ်၊ လိုချင်တာ လည်း အကုန်ရနိုင်တယ် .... "

စင်ယောက်မှာ ထိုကျောက်ကလေးအား မက်မက်မောမော ကြည့်ရှုနေ၏။ ကျောက်မှာ တောက်ပနေ၏။

ထိုကျောက်ကလေးမှာ သူ၏အစ်ကိုအား ပေးလိုက်သော ကျောက်နှင့် အတူတူပင်ဖြစ်ကြောင်း သူ သိလိုက်၏။

ထို့အပြင် ဤကျောက်မျိုး အများကြီးရှိသည်ဆိုသောအခါ သူ တွက်ကြည့်လိုက်၏။

ဟူရှန်ဖုံ၏တပည့်လုပ်ရသည်မှာ အရှုံးမရှိဟု တွက်မိ၏။

သေချာစေရန် ထပ်မံမေးလိုက်လေသည်။

"ဆရာကြီးရဲ့တပည့်လုပ်ရင် ဒီကျောက်မျိုးတွေ ပေးမှာပဲလား"

ဟူရှန်ဖုံက ရယ်မောရင်း ....

"မင်းသာ ငါ့တပည့်လုပ်ရင် တစ်လုံးမကဘူး .... မင်း သလောက် ငါပေးမယ်၊ မိန်းကလေးလည်း လိုသလောက်ရမယ်၊ မင်း တ်ငါ့သည်ဘဝနဲ့ နှိုင်းယှဉ်ကြည့်ပါ၊ မင်း တစ်သက်လုံးရှာဖွေတော ဒီကျောက်တစ်လုံးဖိုး ရမှာမဟုတ်ဘူး၊ ကဲ .... မင်းစဉ်းစားပေတော့

စင်ယောက်မှာ စဉ်းစားမရတော့ပါ။



ချက်ချင်းပင် ဒူးထောက် ဂါရဝပြုကာ ....

"ကျွန်တော် ဆရာကြီးရဲ့တပည့်ခံပါတယ်ခင်ဗျာ၊ ကျွန်တော့်ကို တပည့်အဖြစ် လက်မှတ်ပေးပါ"

ဟူရှန်ဖုံက သဘောကျစွာ ရယ်မောရင်း ....

"အင်း .... ဒီကနေ့က စပြီး မင်းဟာ ငါ့တပည့်ဖြစ်ပြီ၊ ဒီတော့ အရိုးဖြူဂိုဏ်းရဲ့စည်းကမ်းအရ ကျမ်းကျိန်ရမယ်"

"ဆရာကြီး ကြိုက်သလိုခိုင်းပါ၊ ဆရာကြီးတပည့်ဖြစ်မှတော့ ဆရာကြီးခိုင်းတာ လုပ်ရတော့မှာပေါ့"

"ငါဆိုသလို လိုက်ဆိုပါ"

"ဟုတ် .... ဟုတ်ကဲ့"

"အရိုးဖြူဂိုဏ်းကို သစ္စာဖောက်ပါက အသေဆိုးနှင့်သေပါစေ"

"အရိုးဖြူဂိုဏ်းကို သစ္စာဖောက်ပါက အသေဆိုးနှင့် သေပါစေ"

စင်ယောက်က လိုက်ဆိုလိုက်၏။

ဟူရှန်ဖုံက သဘောကျသွားလေပြီ။

စင်ယောက်အားကြည့်ကာ ....

"တကယ်ဆိုရင် ရန်သူတွေကို ငါ တကယ်ဂရုမစိုက်ပါဘူး၊ အခု ဒဏ်ရာရတာလည်း ရန်သူကြောင့် မဟုတ်ဘူး၊ ငါက မအောင်မြင်သေးတဲ့ သိုင်းပညာကို အသုံးပြုမိလို့ ခုလို ဒုက္ခတဖြစ်ရတာ၊ ဒါပေမယ့် ငါက ငြိမ်ငြိမ်နေပြီး အတွင်းအား လေ့ကျင့်ရရင် ဆယ်ရက်လောက်ဆိုတာနဲ့ ကောင်းလာမှာပါ .... ကဲ .... ကဲ .... မင်းက နောက်ဘက် ဝင်ကြည့် စမ်း၊ စားစရာရှိရင် ယူလာခဲ့"

www.burmeseclassic.com

www.burmeseclassic.com



စင်ယောက်ဘ ကြည့်ပြီး ပြန်လာကာ ....

"ကျွန်တော်တို့နှစ်ယောက်စာအတွက် တစ်လစာလောက်တော့ရှိမယ်"

ဟူရှန်ဖုံက ....

"တခြားလူကော ရှိသလား"

"နတ်ကွန်းစောင့်ကလွဲရင် ဘယ်သူမှ မရှိပါဘူး"

"ဒါဆို နတ်ကွန်းစောင့်ကို ရှင်းပစ်လိုက်ပြီးတော့ နောက်ဘက်မှာ မြေမြှုပ်ထားလိုက်"

စင်ယောက်မှာ လူသတ်ရမည်ဆိုသောအခါ ထိတ်လန့်သွား၏။

"ဆရာကြီး ကျွန်တော် သူ့ကိုသတ်ရမှာလား"

"ဟုတ်တယ် .... "

"သူနဲ့ကျွန်တော်က ရန်ငြိုးလည်းမရှိဘူး၊ ပြီးတော့ သူမှာ အပြစ်လည်း မရှိဘူး"

ဟူရှန်ဖုံသည် စင်ယောက်ကို အကဲခတ်လိုက်၏။ ယခုအချိန်ထိ စင်ယောက်ကို လက်မလွှတ်လိုပါ။ စင်ယောက်သည် သူ့ထံ၌ လိုလိုချင်ချင် တပည့်ခံထားသူ ဖြစ်သည်။

ဤသို့ဖြင့် ဟူရှန်ဖုံသည် နတ်ကွန်းစောင့်ကို သူကိုယ်တိုင် သတ်ပစ်လိုက်၏။ ထို့နောက် အမှောင်ဖုံးလာပြီး ပိုးပရုစ်များ၏ တစီစီမြည်သံကြားလာရသည်။ စင်ယောက်ကမီးတိုင်တစ်တိုင်၌ မီးထွန်းညှိလိုက်သည်။

သူတို့ ဆရာတပည့် အပြန်အလှန် စကားပြောနေစဉ် ဟူရှန်ဖုံ



စကားရပ်သွား၏။ သူ တစ်စုံတစ်ခုကို နားစိုက်ထောင်နေကြောင်း စင်ယောက် သိလိုက်သည်။

ဟူရှန်ဖုံက စင်ယောက်အား အမိန့်ပေး၏။

"မင်း အပြင်ထွက်ပြီး တောင်အောက်ကိုကြည့်စမ်း၊ လူသံကြားတယ်"

စင်ယောက် ချက်ချင်း ထွက်ကြည့်၏။

ဟူရှန်ဖုံ ပြောသည့်အတိုင်းပင် တောင်အောက်၌ မီးတုတ်အတော်များများကို တွေ့လိုက်ရတော့သည်။

စင်ယောက်က ပြန်ဝင်လာပြီး ပြောလိုက်၏။

"ဆရာကြီးပြောတာ မှန်တယ်၊ ဒီအသံတွေကို ဆရာကြီး ဘယ်လို ကြားသလဲ၊ ကျွန်တော်တော့ ဘာမှ မကြားမိဘူး"

ဟူရှန်ဖုံက ရယ်ရင်း ....

"ဒါဟာ .... သိုင်းပညာတစ်မျိုးပဲ၊ မင်းကို ပြောပြလို့လည်း နားလည်မှာ မဟုတ်ဘူး၊ မင်း ဘာတွေ့ခဲ့လဲ"

"တောင်အောက်မှာ မီးတုတ်တွေ တော်တော်များများပဲ .... အပေါ်တက်လာတော့မယ်၊ လူလည်း များမယ်ထင်တယ်"

"အင်း .... ဒါ မင်းအစ်ကိုက လူစုပြီး မင်းကို လာရှာတာပဲဖြစ်မယ် .... ငါတို့ ဒီမှာနားလို့မရတော့ဘူး .... လာ .... ငါ့ကို ချီ၊ တို့ဒီကနေ သွားကြစို့ .... "

စင်ယောက်က ပြန်မေးလိုက်၏။

"ဘယ်ကိုသွားမှာလဲ .... "

www.burmeseclassic.com

www.burmeseclassic.com



"မမေးနဲ့ .... မင်း ခြေဦးတည့်ရာသာ သွား .... "

စင်ယောက်က ခေါင်းညိတ်လိုက်၏။

ဟူရှန်ဖုံက ....

"နေဦး ရိက္ခာတွေ ယူခဲ့"

စင်ယောက်သည် ရိက္ခာများကို ယူလိုက်သည်။

ထို့နောက် ဟူရှန်ဖုံကိုတွဲကာ ဇရပ်နောက်ဘက်သို့ ဆင်းလာ၏။ တောင်အောက်သို့ ဆင်းပြေးကြခြင်း ဖြစ်တော့သည်။



အခန်း(၃၉)

## မြို့သို့အပြန်

ယိဖျောင်းရှမ်း၊ ဟန်စုချင်နှင့် တံငါသည်များမှာ စန်တူအော့ ...မ်းခြေတစ်ဝိုက် လိုက်လံရှာဖွေခဲ့ကြ၏။

နောက်ဆုံး ကျားဖြူနတ်ကွန်းဘက်ရောက်လာခြင်း ဖြစ်သည်။

ယိဖျောင်းရှမ်းက ကျားဖြူနတ်ကွန်းရှိရာ တောင်ခြေသို့ရောက် ...အခါ တံငါသည်များအား မေးမြန်းလိုက်၏။

"အဲဒါ ဘာဇရပ်လဲ"

တံငါသည် တစ်ယောက်က ....

"အဲဒါ ကျားဖြူနတ်ကွန်းပါ"

"လူနေသလား .... "

စင်ဆန်ကွေက ရှင်းပြလိုက်၏။

ယိဖျောင်းရှမ်းက တစ်ချက်စဉ်းစားလိုက်ပြီး ....

"ဒါဆိုရင် ဒီနတ်ကွန်းမှာ ဟူရှန်ဖုံ ခိုလှုံနေဖို့ သေချာသလောက် ...တက်ရှာကြမယ်၊ အားလုံးသတိဝီရိယရှိကြပါ၊ လူအားလုံး တစ်စု

www.burmeseclassic.com

www.burmeseclassic.com



တစ်ဝေးကြီး မသွားပါနဲ့၊ အုပ်စုလိုက်ခွဲပြီး တက်ကြပါ"

ဟန်စုချင်က ယိဖျောင်းရှမ်းအနီးသို့ကပ်ပြီး တီးတိုးပြောလိုက်၏။

"တံငါသည်တွေ မကြောက်အောင် တို့က ရှေ့ကတက်မှ ဖြစ်မယ်"

ယိဖျောင်းရှမ်းက ခေါင်းညိတ်လိုက်၏။

ထို့နောက် သူတို့နှစ်ယောက် လက်နက်ပုန်းများ အသင့်ပြင်ကာ ကျားဖြူနတ်ကွန်းဆီသို့ ဦးတည်တက်သွားလေတော့သည်။

တံငါသည်များသည် သိုင်းသမားလုံမလေးနှစ်ဦးနောက်မှ ရဲရဲစွာ တက်လာကြလေ၏။

ကျားဖြူနတ်ကွန်း .... ။

ကျားဖြူနတ်ကွန်းမှာ မှောင်မည်းနေပါသည်။

ယိဖျောင်းရှမ်းနှင့် ဟန်စုချင်တို့က မီးတုတ်ကို ဆွဲယူလိုက်၏။

နတ်ကွန်းအားကြည့်လိုက်ရာ နတ်ကွန်းဘေး၌ လူတစ်ယောက် လဲကျနေသည်ကို တွေ့လိုက်ရသည်။

သူတို့နှစ်ဦးစလုံး ရင်ထိတ်သွား၏။

ဟူရှန်ဖုံ ရောက်ရှိခဲ့သည်မှာ သေချာနေလေပြီ။ သူရောက်သည့်နေရာတိုင်း မရဏမောင်းသံ ညံခဲ့သည် မဟုတ်ပါလော။

ထို့ကြောင့် သတိနှင့် နတ်ကွန်းအနီးသို့ ချဉ်းကပ်လာကြ၏။

အထဲမှ တုံ့ပြန်သံ တစ်စုံတစ်ရာ မရှိပါချေ။ မည်သည့်အသံမျှ မကြားရပါ။



နတ်ကွန်းထဲသို့ကြည့်ရာ ကျားဖြူနတ်ရုပ်တစ်ခုလုံး ကြေမွနေသည်ကို တွေ့လိုက်သည်။

ယိဖျောင်းရှမ်းနှင့် ဟန်စုချင်တို့သည် လက်နက်ပုန်းများနှင့် နေရာအနှံ့ ပစ်ခတ်ကြ၏။ စင်စစ် သူတို့ လူရှည်မလည်သေး၍သာ ဤသို့ ပစ်ခတ်ခြင်း ဖြစ်ပါသည်။ မည်သည့်ထိပ်တန်းသိုင်းသမားမျှ ဤသို့ မလုပ်ပါ။ သို့သော် နတ်ကွန်း၏မှောင်မိုက်သည့်နေရာများမှ မည်သည့်တုံ့ပြန်မှုမျှလည်း ပေါ်မလာပါ။

ယိဖျောင်းရှမ်း စိတ်အေးသွားပြီး မီးတုတ်ကိုကိုင်ကာ အထဲသို့ ဝင်လိုက်သည်။ ဟန်စုချင်ပါ တစ်ပါတည်း ပါလာသည်။

တံငါသည်များကလည်း နောက်မှ လိုက်၍ ဝင်လာကြသည်။

နတ်ကွန်းထဲ၌ မည်သူမျှ မရှိပါ။

အထဲ၌ ရှာဖွေကြည့်ရာ အဝတ်အစားများ ရှုပ်ပွနေပြီး ရိက္ခာများ ချို့တော့သည်ကို တွေ့လိုက်ရသည်။

ထို့ကြောင့် ယိဖျောင်းရှမ်းက ....

"ဒီနားမှာပဲ ရှိနိုင်မယ်၊ ဝိုင်းရှာကြ"

ဟု လောဆော်လိုက်လေသည်။

တံငါသည်အားလုံး စိတ်ဓာတ်တက်ကြွစွာ လိုက်ရှာကြသည်။

စင်ဆန်ကွေသည် သားအတွက်စိတ်ပူသဖြင့် ရှေ့ဆုံးမှ သွားသည်။ တောင်ထိပ် ဝန်းကျင်တစ်ခုလုံး မွှေနှောက်ပိုးကြပြီ။

ရှိရှိသမျှ မြက်ပင်များလည်း ခုတ်ဖြတ်ကြသဖြင့် ကုန်လေပြီ။ ဟူရှန်ဖုံကိုလည်း မတွေ့။ စင်ယောက်ကိုလည်း မတွေ့ကြရပေ။

www.burmeseclassic.com



နောက်ဆုံး ရှာသားအားလုံးနှင့် ယိဖျောင်းရှမ်းတို့နှစ်ယောက်တို့ပင် ကျားဖြူနတ်ကွန်းရေပ်၌ အိပ်စက်ကြရတော့၏။

ယိဖျောင်းရှမ်းက ....

"ဦးလေးတို့ ဒီညတော့ ဒီမှာပဲ အိပ်ကြပါ၊ မနက်ကျမှ ဆက်ပြီး ရှာကြတာပေါ့၊ အခုည ဆက်ရှာလို့ ကျွန်မတို့အတွက် အရေးမကြီးဘူး၊ ဦးလေးတို့အတွက်က အရေးကြီးလှတယ်၊ ဟူရှန်ဖုံဟာ ဉာဏ်နီဉာဏ်နက်များသလောက် သိပ်လည်းရက်စက်တယ်၊ တော်ကြာ စင်ယောက်တစ်ယောက်ကို အသက်ရှင်ပြန်ရဖို့ ရှာသားတစ်ရာလောက် အသက်ပေးရသလို ဖြစ်နေဦးမယ်"

ရှာသားများ ထိတ်လန့်သွားကြ၏။ မနက်ကျမှ ဆက်ရှာရန် တစ်ယောက်တစ်ပေါက် ပြောလာတော့သည်။ နောက်ဆုံး အားလုံး၏ သဘောတူညီမှုဖြင့် ကျားဖြူ နတ်ကွန်းရေပ်၌ အားလုံး အိပ်စက်အနားယူကြတော့သည်။

နံနက်လင်းသော် စင်ယောက် ရှာဖွေရေးကိစ္စကို ဆက်လက်ဆောင်ရွက်ကြ၏။ သူတို့သည် နတ်ကွန်း၏အနောက်ဘက် တောင်ကုန်း ဆင်ခြေလျှောအတိုင်း ဆင်းလာကြရာ လူတစ်ယောက်နှင့် ပက်ပင်းတိုး၏။

ထိုသူမှာ စိတ်နှံ့ပုံ မရချေ။

ယိဖျောင်းရှမ်းက မေးသည်။

"ရှင့်နာမည် ဘယ်သူလဲ၊ ဘယ်မှာနေလဲ၊ ဒီကို ဘာလို့ရောက်လာသလဲ"



အရူးက ခေါင်းကိုကုတ်ကာ ....

"ငါလား၊ ငါက ငါပဲ၊ ပြီးတော့ ဒီကိုလည်း ငါ ဘယ်လိုလုပ်ရောက်လာတာလဲ၊ ငါ ဘယ်သိမလဲ"

"ရှင် တစ်ယောက်တည်း ဒီကိုလာတာလား"

"ငါတစ်ယောက်တည်း၊ အာ .... မဟုတ်ဘူး၊ အဘိုးကြီးတစ်ယောက်နဲ့ ချာတိတ်တစ်ယောက်ပါသေးတယ်၊ သူတို့က ငါနဲ့တော့ မလိုက်ကြဘူး .... "

ယိဖျောင်းရှမ်း စိတ်ဝင်စားသွားသည်။

"သူတို့ ဘယ်ဘက်ပြေးသွားသလဲ"

"တောင်အောက်ကိုပြေးတယ်၊ ချာတိတ်က အဘိုးကြီးကို ကျောပိုးပြီး ပြေးတယ် .... "

စင်ဆန်ကွေက ....

"လူငယ်က အဘိုးကြီးကို ကျောပိုးပြီးပြေးတယ် ဟုတ်လား"

"ဟုတ်တယ် .... "

"လူငယ်က ဘယ်လိုပုံစံလဲ .... "

အရူးက တစ်ချက်စဉ်းစားပြီးနောက် စင်ဝေါင်အား လက်ညှိုးထိုးကာ ပြောလိုက်၏။

"ဒီကောင်လေးနဲ့တော်တော်တူတယ်"

"ဒါ .... ဒါ .... ကျုပ်သားပဲ .... ကျုပ်သား"

စင်ဆန်ကွေက ဝမ်းနည်းစွာ အော်လေ၏။

ယိဖျောင်းရှမ်းကမူ လေးနက်စွာ စဉ်းစားသည်။

www.burmeseclassic.com

www.burmeseclassic.com



စင်သောက်သည် အဘယ်ကြောင့်ဟူရှန်ဖုံလက်မှ လွတ်အောင် မပြေးပါသနည်း။

ဟူရှန်ဖုံအား အဘယ်ကြောင့် ခိုင်းသမျှ လုပ်ပေးနေရသနည်း။

သူမက စင်ဆန်ကွေကို အားပေးလိုက်၏။

"အရူးစကားကို တစ်ထစ်ချ ယုံလို့မရဘူး၊ လိုက်ရှာရအောင်"

သူတို့က အရူးကိုပါခေါ်ပြီး တောင်အောက်ဆင်းကြလေ၏။

ဟူရှန်ဖုံ၏အရိပ်အယောင်မျှပင် မတွေ့ရပါချေ။

ညသို့ဖြင့် နေရာအနှံ့လိုက်လံရှာဖွေလိုက်ရာ တဖြည်းဖြည်းနှင့် နောက်တစ်ညဝင် ကုန်ဆုံးသွားလေတော့သည်။

အားလုံးမှာလည်း ပင်ပန်းနေ၏။

ထို့ကြောင့် ရွာသို့ပြန်ရန် ဆုံးဖြတ်လိုက်ကြသည်။

နောက်ဆုံး အားလုံးသည် ရွာသို့သာ ပြန်လာခဲ့ကြလေတော့သည်။

ယိဖျောင်းရှမ်းတို့အားလုံး အနားယူလိုက်ကြ၏။

အရူးကိုလည်း ခေါ်လာကာ သူတို့နှင့်အတူ စင်ဆန်ကွေအိမ်၌ အနားယူစေသည်။

ယိဖျောင်းရှမ်း စဉ်းစားသည်။ သူတို့၌ သဲလွန်စ ရှာစရာဆို၍ စိတ်မနှံ့သူ ထိုအရူးသာ ရှိသည်။ ထို့ကြောင့် သူမသည် အရူးကို တတ်နိုင်သမျှ စိတ်ချမ်းသာအောင် ထားသည်။

ယိဖျောင်းရှမ်း၏ အမြော်အမြင်ရှိမှုကြောင့် အရူး၏အခြေအနေ မှာ အတော်ကောင်းမွန်နေကြောင်း တွေ့လိုက်ရလေ၏။



ယိဖျောင်းရှမ်းက ....

"ရှင့်အကြောင်း ရှင်စဉ်းစားလို့ ရသလား"

အရူးက ....

"ကျုပ်အကြောင်း ဟုတ်လား"

"ဟုတ်တယ် .... "

"ဘာလို့ မသိရမှာလဲ၊ အကျုပ်အကြောင်းက ရင်နာဖို့ကောင်း ပါတယ် .... "

ဟန်စုချင်မှာ ထိုစကားကြောင့် စိတ်ဝင်စားသွားပြီး ....

"ဒါဆို .... ပြောပြပါလားရှင်၊ ကျွန်မတို့ နားထောင်ကြရတာ ပေါ့ .... "

အရူးသည် ဦးခေါင်း အတော်ကြည်လင်လျက်ရှိသဖြင့် ကောင်း ကောင်းမွန်မွန်ပင် ပြောပြသည်။

"ကျုပ်နာမည်က ဆတ်စုကောင်း၊ ကျုပ်အဖေဟာ တပ်မှူး တစ်ယောက်ပါ .... မွန်ဂိုတွေနဲ့ တိုက်ပွဲမှာ တိုက်ခိုက်ရင်း ကျဆုံးခဲ့ တယ်၊ ကျုပ်အမေက ကျုပ်ကိုခေါ်ပြီး ဖုကန်းဘက်ရွာမှာ လာရှောင်နေ ခဲ့တယ်၊ ကံဆိုးချင်တော့ နောက်နှစ်အနည်းငယ်မှာပဲ ကျုပ်ရဲ့အမေ လည်း သေဆုံးသွားခဲ့တယ်၊ အဲဒီတုန်းက ကျုပ်ဟာ ဆယ့်ခုနစ်နှစ် လောက်ပဲ ရှိသေးတယ်၊ နောက်ဆုံးတော့ ကျုပ်ဟာ ကျွန်ဘဝရောက် ခဲ့တော့တာပဲ၊ ကျုပ်ရဲ့သခင်ကတော့ မြို့စားကျင်ဝန်ထုံပါ .... ကျင်ဝန် ထုံဟာ မွန်ဂိုတွေကို အညွှတ်ခံတယ်၊ အဆင်ပြေအောင် ပေါင်းတယ်၊ ဒီတော့ သူမ ရာထူးထက် အာဏာက ပိုပြီးထက်မြက်လာတယ်၊ သူဟာ

www.burmeseclassic.com

www.burmeseclassic.com



ကောင်းတဲ့လူ မဟုတ်ပါဘူး၊ ပြည်သူတွေရဲ့လယ်မြေတွေကို သိမ်းတယ်၊ ဒါပေမယ့် အထက်ကိုတော့ မသိအောင် ဖုံးထားတယ်၊ သူ့သားက ကျင်ကျိုမင်တဲ့၊ ကျင်ကျိုမင်ဟာ အပျော်အပါးကမ်းကုန်အောင် လိုက်စားတယ်၊ သူ့သား သတင်းတွေကို မြို့စားက အထက်ကမသိအောင် အတင်းဖုံးနေရတယ်၊ သူသိတာက သူ့သား မဟုတ်တရုတ်တွေ လုပ်လွန်းမကလုပ်ပြီး လျှံတက်လာမှသိရတာပါ၊ ဝချို့သတင်းကျတော့ သူ ယုံကြည်စိတ်ချရတဲ့လူတွေကို အားကိုးရတာပေါ့၊ သူအားကိုးတဲ့ အထဲမှာ ကျုပ်လည်းပါတာပေါ့လေ”

လူအများ စိတ်ဝင်စားသွား၏။

ယိဖျောင်ရှမ်းက ....

“အင်း .... ရှင့်အကြောင်း ဒီလောက်စိတ်ဝင်စားစရာကောင်းလိမ့်မယ်လို့ မထင်မိဘူး၊ ပြောပြစမ်းပါဦးရှင်”

ထိုလူက ခေါင်းညိတ်၏။

“ကျုပ် အစေခံဆိုပေမယ့် ရိုးရိုးသားသား ကြိုးကြိုးစားစားလုပ်ကိုင်တော့ မြို့စားကြီးက ကျုပ်ကို ယုံကြည်ပါတယ်၊ ဒါကြောင့် သူ့သား မဟုတ်တာ ဘာတွေလုပ်သလဲဆိုတာ ကျုပ်ကို စုံစမ်းခိုင်းတယ်၊ ကျုပ်ကလည်း စုံစမ်းပြီး အစီရင်ခံတာပါပဲ၊ အဲဒါကို မြို့စားသား ကျင်ကျိုမင်ကသိသွားပြီး တစ်နေ့မှာ ကျုပ်ကို အရက်မူးအောင်တိုက်ပြည့်တန်ဆာတစ်ဦးနဲ့ အခန်းထဲ ရုပ်ပျက်ဆင်းပျက်လွှတ်ပေးထားတယ်၊ နောက်ပြီး သူ့တပည့်တစ်ဦးက မြို့စားကြီးဆီသတင်းပို့တော့ မြို့စားကြီးကိုယ်တိုင်လာကြည့်တယ်၊ ကျုပ်ကိုလည်း ပေါ့သွမ်းတဲ့ကျေးကျွန်တစ်ဦးအဖြစ်



ရိုက်နှက်ထုထောင်းပြီး သူ့အိမ်တော်က နှင်ထုတ်ခဲ့တယ်၊ ကျုပ်ဟာ ခွေးလေ ခွေးလွင့်တစ်ကောင်လို လျှောက်သွားရာက ရူကြောင်ကြောင် ဖြစ်လာခဲ့ရတာပါ၊ ခုတော့ ကျုပ်စိတ်တွေ အတော်ကလေး မှန်နေပြီဆိုတာ ကျုပ်သိပါတယ်”

“ဪ .... ရှင့်ဘဝက အတော်ကလေးဆိုးခဲ့တာကို၊ အင်း.... တစ်ခုတော့ ဖြေသာပါတယ်လေ၊ ဟန်တရုတ်တော်တော်များများဟာ မွန်ဂိုတွေလက်အောက်မှာ ရှင့်လိုပဲ ဒုက္ခရောက်နေခဲ့ကြရတာပါပဲ၊ ရှင့်နာမည် ခုထက်ထိ မသိရသေးဘူးနော်”

“ကျုပ်နာမည် ဆတ်စုကောင်းပါ”

ယိဖျောင်းရှမ်းသည် ဆတ်စုကောင်းပြောသည့် ကျင်ကျိုမင်ဆိုသူသည် စင်ဝေါင်ထံမှ ရတနာကျောက်မျက်ကို အနုကြမ်းစီးသည့် လူငယ်ဖြစ်ကြောင်း ရိပ်မိလိုက်၏။

ထို့ကြောင့် သူမက ....

“အင်း .... ဒီလိုမှန်းသာသိရင် ဟိုနေ့ကတည်းက ကိစ္စတုံးပေးလိုက်တယ် .... ”

ဟု တဗျစ်တောက်တောက် ပြောလိုက်လေသည်။

ဟန်စုချင်က ....

“နေဦး .... ရှင် .... မနေ့ညက တကယ်ပဲ အဘိုးကြီးနဲ့ လူငယ်ထွက်ပြေးတာ မြင်ခဲ့သလား”

ဆတ်စုတောင်းက ....

“ဟုတ်တယ်၊ ကျုပ်က ချုံထဲကကြည့်နေတာ၊ လူငယ်က အဘိုး

www.burmeseclassic.com



ကြီးကို ကျော့ဖိုးထားတယ်၊ အဘိုးကြီးပုံက မိစ္ဆာလိုပဲ ကြောက်စရာ ကောင်းတယ် ....”

ဟန်စုချင်က ခေါင်းညိတ်လိုက်၏။

“အင်း .... တို့ရှာနေတာ သူပဲ၊ သူတို့ဘယ်ဘက်ကိုပြေးသွားကြ သလဲ ....”

ဆတ်စုကောင်းက စဉ်းစားမရဘဲ ဖြစ်နေ၏။

ယိဖျောင်းရှမ်းက ကြည့်လိုက်၏။

ဆတ်စုကောင်းမှာ ဦးနှောက်ကို အလုပ်မပေးနိုင်သေးကြောင်း သိလိုက်၏။

ထို့ကြောင့် သူမက ....

“အင်း .... သူ့ကို သိပ်မမေးနဲ့ .... နားပါစေဦး”

ဟု ဟန့်တားလိုက်လေသည်။

ဟန်စုချင်က ....

“ကျွန်မတို့ ဟူရှန်ဖုံကို အရင်ရှာမလား၊ ကျင်ကျိုမင်ကို အရင် သွားရှင်းမလား ....”

ယိဖျောင်းရှမ်းက စဉ်းစားလိုက်၏။

“အခြေအနေအရတော့ ဟူရှန်ဖုံရဲ့သိုင်းပညာဟာ တို့ယှဉ်နိုင် မလွယ်သေးဘူး၊ ဒီတော့ ဘာဘကျူဖေတို့လူစုကို အကြောင်းကြားပြီး ရှာဖွေမှပဲ ဖြစ်မယ်”

“ဒါဆို မြို့ထဲကိုပဲ သွားမယ်ပေါ့”

“ဟုတ်တယ် ....”



ဆတ်စုကောင်းက ....

“ခင်ဗျားတို့ ကျုပ်အတွက် လက်စားချေနိုင်ရင် ချေပေးပါလို့ တောင်းပန်ပါတယ် .... ကျင်ကျိုမင်ဟာ လူယုတ်မာပါဗျာ”

ဟန်စုချင်က ပြုံး၍ ....

“စိတ်ချပါ .... ဒီလူယုတ်မာသားအဖကို ကျွန်မတို့ ခွဲမခဲ့ပါ မယ်”

ထို့နောက် စင်ဆန်ကွေအား ဆတ်စုကောင်းကိုကြည့်ရှုထားရန် မှာကြားကာ မြို့သို့ ထွက်လာခဲ့လေတော့သည်။

စင်ဆန်ကွေတို့၏ တံငါရွာမှ ထွက်လာခဲ့ပြီးနောက် ရွာနှင့် အတန်ငယ်လှမ်းသည့်အရပ်တွင် ယိဖျောင်းရှမ်း ရုတ်တရက် ရပ်တန့် သွား၏။

“ဘာကျန်ခဲ့လို့လဲ ....”

ဟန်စုချင်က မေးလိုက်လေ၏။

ယိဖျောင်းရှမ်းက ....

“ဘာမှတော့ မကျန်ခဲ့ပါဘူး၊ ဒါပေမယ့် ကျွန်မ တစ်ခုစဉ်းစားမိ လို့ ....”

“ဘာများလဲ”

“ကျွန်မတို့ မြို့ထဲ တစ်ခါရောက်ပြီးလို့ ကျင်ကျိုမင်ရဲ့လူတွေကို သည်း ဒဏ်ရာရအောင် လုပ်ခဲ့ပြီးပြီ .... ဒီအတိုင်းသွားလို့ လွယ်ပါ့ မလား ....”

ဟန်စုချင် ရယ်မောမိလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်သားပဲ၊ တို့တော်တော်နုံတာပဲ၊ ကဲ .... တို့ ဘယ်လိုလု မြို့ထဲဝင်ကြမလဲ"

ယိဖျောင်းရှမ်းက ....

"ရုပ်ဖျက်မှ ဖြစ်မယ်လေ .... ဒါမှ လွှပ်ရှားရတာလွယ်မယ်"



နံနက်ပိုင်း ....

မြို့တံခါးဖွင့်ချိန်၌ မြို့တွင်းသို့လူအများ ဝင်လာကြသည်။

ထိုလူများအကြား၌ လူငယ်လေးနှစ်ယောက် ပါလာလေသည်။

လူငယ်နှစ်ယောက်မှာ လူများနှင့်ရောနှောဝင်လာပြီးနောက် မြို့လယ်ဘက်သို့ လျှောက်လာကြ၏။

ထိုစဉ် တစ်ယောက်က ....

"ညီမတို့ လှုပ်ရှားလို့ရပြီပဲ"

ဟု ပြောလိုက်လေသည်။

ထိုလူငယ်နှစ်ယောက်မှာ ယိဖျောင်းရှမ်းနှင့် ဟန်စုချင်တို့ပင်ဖြစ်၏။

ယိဖျောင်းရှမ်းက ဟန်စုချင်အား မျက်စောင်းထိုးကာ ....

"ဘာ ညီမလဲ .... ညီလေးလို့ပြော"

ဟန်စုချင် ခေါင်းကလေးပုသွား၏။ ဟုတ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ ယောကျ်ားကလေးများလို ဝတ်စားလာခဲ့ကြပေသည်။

ထိုစဉ် သူတို့နောက်ဘက်မှ ရယ်မောသံတစ်ချက် ထွက်ပေါ်လာ၏။

ယိဖျောင်းရှမ်းနှင့် ဟန်စုချင်မှာ ရင်ထိတ်သွားပြီး ကမန်းကတန်းလှည့်ကြည့်လိုက်လေသည်။

သူတို့၏နောက်ဘက်၌ စာပေသမား လူငယ်တစ်ယောက်ကို တွေ့လိုက်ရ၏။

အသက် နှစ်ဆယ်ခန့်ရှိမည်ဟု ထင်ရသည်။

သူ၏ရုပ်ရည်မှာ ယောကျ်ားပီသချောမော၏။

အဖြူရောင်ဝတ်စုံရှည်ကိုဝတ်ဆင်ပြီး လက်ထဲ၌ ယပ်တောင်တစ်ချောင်းကို ကိုင်ထားသည်။

ထိုသူ၏နောက်၌ အသက်ဆယ့်လေး၊ ဆယ့်ငါးနှစ်ခန့်လူငယ်တစ်ယောက်ရှိ၏။

ထိုလူငယ်မှာ အစိမ်းရောင်ဝတ်စုံကို ဝတ်ဆင်ထားပြီး အခိုင်းအစေတစ်ယောက် ပုံစံမျိုး ဖြစ်၏။

ဟန်စုချင်က သူတို့အား နောက်ပြောင်သည်ဟု ထင်မှတ်သွား၏။

ထိုအခိုက် စာပေသမားလူငယ်က သူ့အဖော်ဘက်သို့လှည့်ကာ....

"လုစု ဒီဆိုင်းဘုတ်ကိုကြည့်စမ်း၊ မဆိုးဘူးနော်"

လုစုဆိုတာ လူငယ်ကလေးက ဆိုင်းဘုတ်ကို ဖတ်နေသည်။



ဟန်စုချင်ကမူ သူတို့အား နောက်ပြောင်ပြီး တမင်ဆိုင်းဘုတ်တ်ချင်ဟန်ဆောင်သည်ဟု ယူဆသည်။ သူမ ဒေါသထွက်လာသည်။

သူမက ရန်တွေ့မည်အပြု ယိဖျောင်းရှမ်းက ဟန်စုချင်၏လက်ောင်းကို အသာဆွဲလိုက်၏။

"မမ .... သည်းညည်းခံ၊ ဘာပြဿနာမှ မတက်တာကောင်းယ် .... ညီမတို့က ရုပ်ဖျက်ဟန်ဆောင်လာကြတာ မဟုတ်လား"

ဟန်စုချင်က ဒေါသကို ပြန်ထိန်းလိုက်၏။ မှန်သည်။ ရုပ်ဖျက်ာသူများအနေဖြင့် ဒေါသထွက်ရန် မသင့်ပေ။ ဒေါသက သဘာဝမှန်ကို ပေါ်စေပေလိမ့်မည်။

ဟန်စုချင်သည် ယိဖျောင်းရှမ်း ဆွဲခေါ်ရာသို့ အသာပင်လိုက်ပါွားသည်။ ရန်လိုလျှင် ရန်ပိုသည်။ ရန်မလိုလျှင် ရန်ပြိုသည်ဟူသောူသူဟောင်းတို့၏ စကားပင် ရှိခဲ့သည် မဟုတ်ပါလော။

www.burmeseclassic.com



## အခန်း(၅၀)

## မဆုံးမလိုက်ရသော တိုက်ပွဲ

ယိဖျောင်းရှမ်းနှင့် ဟန်စုချင်တို့သည် မြို့ထဲ၌ ရက်သတ္တတစ်ပတ်ခန့် လှည့်လည်နေခဲ့ကြ၏။

မြို့စားဂေဟာ။

မြို့စားဂေဟာနှင့်မလှမ်းမကမ်း သစ်ပင်အောက်၌ လူငယ်နှစ်ယောက်ရှိနေ၏။

ထိုသူတို့မှာ မြို့စားဂေဟာ၏ အနေအထားကို ကြည့်ရှုမှတ်သားနေကြခြင်း ဖြစ်ပေသည်။

အတန်ကြာ ကြည့်ရှုမှတ်သားပြီးမှ မြို့စားဂေဟာအနီးမှ ပြန်လည် ထွက်ခွာလာခဲ့လေသည်။ သူတို့အနေဖြင့် ဤမြို့စားနှင့် ရန်ငြိုးရှိပါ၏။

ဆတ်စုကောင်းအား မတရားအကွက်ဆင်ခဲ့သော မြို့စား၏သားကျင်ကျိမင်ကို ဆုံးမရန်သာ ရှိပါသည်။ သူတို့ရန်အကြွေးအတွက် ဤနေရာသို့ရောက်နေခြင်း ဖြစ်ပါသည်။



"အခု လှုပ်ရှားလို့မရဘူး၊ ဒီတော့ တစ်နေရာရာမှာ အနားယူကြအောင် ...."

ယိဖျောင်းရှမ်းက ဟန်စုချင်ကို လက်တို့ခေါ်ပြီး ထွက်လာ၏။

ဟန်စုချင်က ....

"အနားယူတာ အရေးမကြီးပါဘူး၊ လောလောဆယ်တော့ ဗိုက်ဆာနေပြီ၊ တစ်ခုခုစားမှ ဖြစ်လိမ့်မယ် ညီလေး"

ယိဖျောင်းရှမ်းက ပြုံး၍ ....

"ဒါဆို တို့ တစ်ဆိုင်ဆိုင်သွားကြရတာပေါ့၊ စားပြီးမှ နားကြတာပေါ့"

ရွှေဒဂါးစားသောက်ဆိုင်။

ရွှေဒဂါးစားသောက်ဆိုင်မှာ နှစ်ထပ်ဖြစ်၏။ အတော်အတန်ကြီးမားသော စားသောက်ဆိုင် ဖြစ်ပါသည်။

ယိဖျောင်းရှမ်းနှင့် ဟန်စုချင်တို့သည် ရွှေဒဂါးစားသောက်ဆိုင်သို့ ရောက်ရှိလာကြသည်။

အောက်ထပ်၌ လူပြည့်နေသဖြင့် အပေါ်ထပ်သို့တက်လာခဲ့ကြ၏။

လှေကားထစ်မှ တက်ရုံသာရှိသေးသည်။ ယိဖျောင်းရှမ်းမှာ ရင်ခုန်သွားရတော့သည်။

အဘယ်ကြောင့်ဆိုသော် အပေါ်ထပ်လှေကားအ°းရှိခုံ၌ စောစောက တွေ့ခဲ့သော စာပေသမားလူငယ် ထိုင်နေသောကြောင့်ပင် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



စာပေသမားလူငယ်ကလည်း ယိဖျောင်းရှမ်းတို့ကို တွေ့[illegible]သွား၏။

စာပေသမား လူငယ်က ရယ်မောပြီး သူ့အဖော် အစေခံလူ[illegible]အား ကြည့်၍ ပြောလိုက်၏။

"ငါတို့ဆရာတပည့် ရောက်ဖူးတဲ့နေရာ မနည်းဘူးနော် — ဒါပေမယ့် မက်မြန် မြစ်ထိပ်မှာလောက် လှပချောမောတဲ့ မိန်းက[illegible] ဘယ်ဒေသမှ မရှိဘူး"

လူငယ်၏အသံမှာ အတော် ကျယ်လောင်သွား၏။

ထို့ကြောင့် လူအားလုံးက သတိထားမိလိုက်ကြသည်။

ဟန်စုချင်တို့သည် မိန်းကလေးများဖြစ်ကြသည့်အလျော[illegible] စာပေသမား ပုံသဏ္ဍာန်ရှိသော လူငယ်၏စကားကို စိတ်ဝင်တစား ဖြစ်မိကြ၏။

စားပွဲလွတ်တစ်လုံးတွင် ဝင်ထိုင်ကာ နားစွင့်မိကြသည်။

စာပေသမားလူငယ်က စကားကို ဆက်လိုက်ပြန်၏။

"မက်မြန်မြစ်ထိပ်မှာ နတ်သမီးရေကန်ဆိုတာရှိတယ်၊ အဲ[illegible] ကိုသာ ဆုတောင်းပြီးသုံးရက်ပဲမျက်နှာသစ်၊ ဘယ်လောက်အရုပ်[illegible] ဆိုး ချောမောသွားမယ်"

ရုပ်ချောမောစေသော ရေကန်ဆိုပါကလား။ အားလုံး စိတ်[illegible] စားသွားကြပြန်၏။

စားသောက်ဆိုင်ထဲမှ လူတစ်ယောက်က မေးခွန်းထုတ်လိုက်၏။



"ခင်ဗျား တကယ်ပြောတာလား"

နောက်တစ်ယောက်က ....

"နတ်သမီးရေကန်က မက်မြန်မြစ်ရဲ့ ဘယ်နားမှာလဲ"

ဟု မေးမြန်းပြန်သည်။

စာပေသမားလူငယ်က ....

"နတ်သမီးရေကန်ဟာ ထူးဆန်းတယ်၊ ဝေးတယ်လည်း ပြော လို့ရတယ်၊ နီးတယ်လည်း ပြောလို့ရတယ်"

"မင်းစကားက ဘယ်လိုလဲ .... "

"ဒီလိုပါ၊ နတ်သမီးရေကန်က ရှာဖွေတဲ့အခါ ကုသိုလ်ကံရှိတဲ့လူ ဆိုရင်တော့ ခဏလေးနဲ့တွေ့ပြီး ကုသိုလ်ကံမရှိတဲ့လူဖြစ်ရင် ဘယ်လိုပဲ ရှာရှာ ရှာလို့မတွေ့ရဘူး၊ သိပ် အံ့ဩစရာကောင်းပါတယ်ဗျာ .... "

စားသောက်နေသောသူများက ပြုံးလိုက်၏။

စာပေသမား၏စကားမှာ ယုံတမ်းစကားတစ်ပုဒ် ဖြစ်နေသည်။ ဟိုကျမှု မရှိပေ။

"အလကားပါကွာ၊ သူ ကြားဖူးတာတွေ ပြောနေတာပါ"

စားသောက်သူတစ်ယောက်က သူ့အဖော်ရှေ့သို့ ဟင်းလျာ ခွက်ကိုတိုးပေးရင်း မှတ်ချက်ချလိုက်၏။

စားစရာရှိတာကိုသာစား၊ အလားအချိန်ကုန်တယ်ဟူသော သဘောမျိုးပင်။

မကြာမီ ဆိုင်အပေါ်ထပ်သို့ လူနှစ်ဆယ်ခန့် တက်လာလေ သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူများမှာ ကိုယ်ရုံတော် အဝတ်အစားများ ဝတ်ဆင်ထား ကြ၏။

ထိုလူများအားတွေ့သောအခါ .... စားသောက်နေသူများမှာ ချက်ချင်း ငွေရှင်းကာ ထသွားကြလေသည်။

ယိဖျောင်းရှမ်းမှာ လှေကားကို ကျောပေးထိုင်ထားသဖြင့် မမြင်ရပါ။

ထိုသူများကို ဟန်စုချင်ကတော့ မြင်နိုင်သည်။

ထို့ကြောင့် ယိဖျောင်းရှမ်းက ဟန်စုချင်အား လက်တို့ကာ လေသံနှင့်မေး၏။

"ဘယ်သူတွေလဲ .... "

"ကျင်ကျိမင်ရဲ့ လူတွေပဲ"

"ကျင်ကျိမင်ကော ပါသလား"

"အခုတက်လာပြီ၊ သူ့အားမှာ လူနှစ်ယောက်ပါလာတယ်၊ သိုင်း သမားပုံစံမျိုးပဲ .... "

ကျင်ကျိမင်းတို့လူစု အပေါ်ထပ်ရောက်လာသည်နှင့် စား သောက်နေသူများမှာ ဆင်းသွားကြရာ ယိဖျောင်းရှမ်း၊ ဟန်စုချင်၊ စာပေသမားလူငယ်နှင့် သူ၏တပည့်လေးသာ ကျန်ရစ်၏။

ယိဖျောင်းရှမ်းက ခေါင်းကို အနည်းငယ်စောင်းကာ လှည့် ကြည့်လိုက်၏။

ကျင်ကျိမင်နှင့် လူနှစ်ယောက်မှာ ဆိုင်ပေါ်ရောက်လာပြီ ဖြစ် ၏။



သူ၏ ညာဘက်မှလူသည် အသက်သုံးဆယ်ကျော်ခန့် ရှိလေ သည်။

အစိမ်းရောင်ဝတ်စုံကို ဝတ်ဆင်ထား၏။

ကျန်တစ်ယောက်မှာ မီးခိုးရောင်ဝတ်စုံကို ဝတ်ဆင်ထားပြီး အလွန်ထွားကျိုင်း၏။

အသက်မှာမူ လေးဆယ်ကျော်ခန့်ဖြစ်၏။ သိုင်းသမားများ ဖြစ် ကြောင်း သိသာပေသည်။

ကျင်ကျိမင်တို့ လူစုသည် သူတို့အား တစ်ချက်အကဲခတ်ကြည့် လိုက်၏။

ထို့နောက် အခန်းအလယ် စားပွဲ၌ စုထိုင်ကြသည်။

ကျင်ကျိမင်၏မျက်နှာမှာ အညိုအမည်းပင် မပျောက်သေးပါ ချေ။

ယိဖျောင်းရှမ်းမှာ ရယ်ချင်သွား၏။

ထိုစဉ် ကျင်ကျိမင်က စားသောက်ဆိုင်ပိုင်ရှင်အား တိုက်ရိုက် အမိန့်ပေး၏။

"ကဲ .... ငါးပိုင်းစာ အကောင်းဆုံးအရက်နဲ့ စားစရာတွေ ချခဲ့ မ်း .... "

ဤနေ့အဖို့ကား ဤဆိုင်သို့ ဖွတ်ဝင်ခြင်းပင် ဖြစ်တော့သည်။ ကျင်ကျိမင်သည် ရမ်းကားသည့် နေရာ၌ နှစ်ယောက်မရှိသလို စား သောက်ဆိုင်များ၌ ကြိုက်သလို စားသောက်ပြီး တန်ဖိုးငွေမရှင်းလင်း ပေးချေရာ၌လည်း နှစ်ယောက်မရှိပေ။ မူးမူးရူးရူးဖြင့် စားသောက်

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ကို မဖျက်ဆီးသွားလျှင်ပင် ကံကောင်းသည်ဟု ဆိုရပေတော့မည်။

ဆိုင်ရှင်ခမျာ ကျင်ကျိုမင် ဝင်လာသည်နှင့် မျက်နှာငယ်ကလေးနှင့် ဖြစ်သွားလေတော့၏။

ယိဖျောင်းရှမ်းနှင့် ဟန်စုချင်တို့သည် ကျင်ကျိုမင်အား ဆုံးမလိုစိတ်များ တဖွားဖွားပေါ်နေ၏။

သို့သော် အခြေအနေကို စောင့်ကြည့်ရမည်ဖြစ်သဖြင့် စိတ်ထိန်းကာ မသိမသာ နားစွင့်နေမိကြသည်။

ထိုစဉ် ကျင်ကျိုမင်၏ အသံက ပြန်ထွက်လာ၏။

"ဆရာကြီး လိနဲ့တိန် ... ဟိုတစ်ပတ်လောက်က ကျွန်တော့်ကို နှိပ်စက်ခဲ့တဲ့မိန်းကလေးကို ကျွန်တော့်ကိုယ်စား ပြန်ပြီးလက်စားချေပေးပါ ... "

လိနှင့် တိန်ဆိုသူမှာ ဤနယ်၏ ကျော်ကြားသော သိုင်းသမားနှစ်ယောက် ဖြစ်၏။

ကျင်ကျိုမင်၏စကားကြောင့် လိဆိုသူက အားရပါးရ ရယ်မော၏။

"မင်းသားလေး ... ဟိုနေ့ကသာ ကျုပ်ရှိရင် ဒီကောင်မလေးနှစ်ယောက် ဘယ်လွတ်မှာလဲ ... တစ်ခါတည်း အရေခွံပါ ဆုတ်ပစ်လိုက်မှာပေါ့ ... ခင်ဗျား ကိုယ်ရံတော်တွေဟာ အလကားကောင်တွေပဲ ... သူတို့ အသုံးမကျလို့ မင်းသားလေး ခံလိုက်ရတာ"

လိဆိုသူမှာ ထိုစကားကို ဟိတ်ဟန်ထုတ် ပြောနေခြင်း ဖြစ်၏။



ထိုစဉ် မည်သည့်အရပ်မှ ပစ်လွှင့်လာမှန်းမသိသည့် လက်နက်ပုန်းတစ်ခုက လိ၏သွားကို ထိသွားလေသည်။

"အား ... "

လိမှာ နာကျင်စွာအော်ဟစ်ကာပါးစပ်ကိုလက်နှင့်အုပ်လိုက်၏။

သွေးများက စီးကျလာလေသည်။

တိန်မှာ မျက်နှာပျက်သွား၏။

ဒေါသလည်း ထွက်သွားပြီး ...

"ဘယ်ကောင်လဲ ... သတ္တိရှိရင် ထွက်ခဲ့ပါ ... ခိုးကြောင်ခိုးဝှက် မလုပ်ပါနဲ့ ... "

ဟု အော်ဟစ်လိုက်လေသည်။

ယိဖျောင်းရှမ်းသည် ထို လိဆိုသူအား လက်နက်ပုန်းနှင့် ပစ်ရန် စိတ်ကူးထားသည်။ အပြောကြီးသူကို တမင် အရှက်ခွဲရန် ကြံစည်ခြင်း ဖြစ်သည်။

သို့သော် သူမထက်စောပြီး မည်သူက ပစ်လွှင့်လိုက်မှန်း မသိလိုက်ပါ။

ဖြစ်နိုင်စရာ ရှိသည့်လူမှာ စာပေသမား လူငယ်ပင် ဖြစ်ပါသည်။

သို့သော် ထိုလူငယ်၏ပုံမှာ အဆင့်မြင့်မြင့် သိုင်းပညာတတ်ကျွမ်းသည့်ပုံစံ မရှိချေ။

တိန်၏အသံက ထပ်မံထွက်ပေါ်လာ၏။

"ဟော့ လိ ... မင်း ထိတာ ဘယ်လက်နက်ပုန်းလဲ"

လိက ပါးစပ်အုပ်ထားသောလက်ကို ဖြန့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



လက်ထဲ၌ သွားကျိုးတစ်ချောင်းနှင့် ရွှံ့လုံးတစ်လုံးကို တွေ့လိုက်ရလေသည်။

တိန်က အံ့ဩတကြီး ရေရွတ်တော့သည်။

"ဟာ .... ဒီရွှံ့လုံးနဲ့ သွားကိုကျိုးအောင် ပစ်လိုက်တာပါလား"

ဟန်စုချင်မှာ ထိုစကားကြားသောအခါ မထိန်းသိမ်းနိုင်ဘဲ ရယ်မောမိလေတော့၏။

ဟန်စုချင်၏ ရယ်သံကြောင့် ကျင်ကျိုမင်တို့ လူများ လှည့်ကြည့်ကြ၏။

ဟန်စုချင် မျက်နှာပျက်သွားသည်။ သူမ မှားယွင်းသွားခဲ့လေပြီ။

ကျင်ကျိုမင်၏ ကိုယ်ရံတော်များအနက် သူမတို့လက်ချက်ခံရသူများ ပါဝင်နေသည်။ ထိုသူများသည် ဟန်စုချင်တို့ကို မှတ်မိသွား၏။

ကိုယ်ရံတော်တစ်ယောက်က လက်ညှိုးထိုး၍ ပြော၏။

"မင်းသားလေး .... ဒီလူငယ်နှစ်ယောက်က ဟိုတစ်ပတ်က ကျွန်တော်တို့ကို တိုက်ခိုက်ခဲ့တဲ့ မိန်းကလေးနှစ်ယောက်ပဲ မဟုတ်လား .... "

ကျင်ကျိုမင် မျက်လုံးပြူးသွား၏။ သူသည် အသေအချာ စူးစမ်းတော့သည်။

တစ်ခဏအတွင်းမှာပင် မှတ်မိသွားလေ၏။

ကျင်ကျိုမင်က ကျေနပ်စွာ ရယ်မောလေတော့သည်။

"ဟား ဟား ဟား .... စားရက်ကြံ့လို့ မုတ်ဆိတ်ပျားစွဲတယ်



ဆိုတာ ဒါမျိုးပဲနဲ့ တူပါရဲ့ .... မင်းတို့က ဒီရောက်နေကြတာကိုး"

တစ်ဆက်တည်းပင် သူ၏သိုင်းသမားနှစ်ယောက်ဘက်လှည့်ကာ ....

"ဆရာကြီး လိနဲ့ တိန် .... ဒီလူငယ်နှစ်ယောက်ဟာ ကျွန်တော်ပြောတဲ့ မိန်းကလေးနှစ်ယောက်ပါပဲ .... သူတို့ ဘယ်လောက်အတင့်ရဲတယ်ဆိုတာ အခု မျက်မြင်ပါပဲဗျာ .... "

လိနှင့် တိန်က ပြိုင်တူခုန်ထလိုက်ကြ၏။

ထို့နောက် ဟန်စုချင်နှင့် ယိဖျောင်းရှမ်းတို့ဘက်သို့ လျှောက်လာကြသည်။ သူတို့၏အစွမ်းများကို ပြသကြပေတော့မည်။

ယိဖျောင်းရှမ်းက ရင်ထိတ်သွားသည်။

သူတို့ ရှောင်လွှဲ၍မရတော့ပါ။ မုချတိုက်ခိုက်ရပေတော့မည်။ ထို့ကြောင့် သူမ လက်တစ်ချက် ဝှေ့ယမ်းလိုက်သည်။

"ဝှစ် ဝှစ် ဝှစ် .... "

လက်နက်ပုန်းများမှာ လိနှင့် တိန့်ထံသို့ ပြေးဝင်သွားတော့သည်။

လိနှင့် တိန်တို့သည် အင်္ကျီလက်စရှည်ဖြင့် ခါထုတ်ကြ၏။

ထို့နောက် လိက ခါးမှ ကျာပွတ်ကို ထုတ်လိုက်၏။

ထို့နောက် ခုန်ဝင်တိုက်ခိုက်တော့သည်။

သိုင်းသမား လိမှာ ဒေါသလည်းထွက်၊ ရှက်လည်း ရှက်နေ၏။

ထို့ကြောင့် သူ၏တိုက်ခိုက်မှုမှာ ရက်စက်ပြင်းထန်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယိဖျောင်းရှမ်းအားတစ်ကိုယ်လုံးအား ကျာပွတ်ရိပ်က လွှမ်းခြုံနေသည်။

ဟန်စုချင်က မနေသာတော့ပါ။

သိုင်းသမား တိန့်အား ဟန့်တားတိုက်ခိုက်ရတော့သည်။

စားသောက်ဆိုင်အပေါ်ထပ် တစ်ခုလုံး တိုက်သံခိုက်သံများဖြင့် ဆူညံနေသည်။

ယိဖျောင်းရှမ်းနှင့် သိုင်းသမား လီ။

ဟန်စုချင်နှင့် သိုင်းသမား တိန့် တစ်ဦးချင်း ရင်ဆိုင်တိုက်ခိုက်ကြသည်။ စင်စစ် ထိုလေးဦးစလုံး ထိပ်သီးသိုင်းသမားများ မဟုတ်ကြချေ။ သို့သော် အနှစ်မရှိသည့်တော ကြက်ဆူပင် မင်းမူဆိုသကဲ့သို့ သိုင်းပညာအနည်းငယ်တတ်သူများထဲ၌မူ သူတို့သည် အဓိကရ သိုင်းသမားကြီးများ ဖြစ်နေကြသည်။

စာပေသမား လူငယ်ကမူ အေးဆေးစွာ ကြည့်နေသည်။

ထို့နောက် သူ၏တပည့်အား ....

“လူစု .... ဒီတိုက်ပွဲကို သေသေချာချာကြည့်၊ အမှားတွေအများကြီးပဲ .... ”

“ကျာပွတ်အား ပြင်းတယ် .... ဒါပေမယ့် တစ်ဘက်ရန်သူကိုတော့ မထိနိုင်ဘူး .... ”

“ဒီဓားကွက်က မဆိုးပါဘူး .... ”

“အင်း .... ဒီဓားကွက်ကတော့ အလကားပဲ .... အမှန်က အောက်ပိုင်းကို ထိုးရမယ်၊ ဒါဆို သေချာပေါက် ထိပြီပဲ”



ဟု ပြောနေ၏။

သူ၏ပုံစံမှာ ဟကယ့်ဝါရင့်သိုင်းသမားတစ်ဦးပုံစံနှင့် တိုက်ခိုက်မှုများကို တစ်ကွက်ချင်း ဝေဖန်ထောက်ပြနေသည်။

ကျင်ကျိုမင်၏ ကိုယ်ရံတော်များမှာ စာပေသမား၏ လေသံကို နားထောင်ရင်း အမြင်ကတ်လာ၏။

ထို့ကြောင့် တစ်ယောက်က ကျင်ကျိုမင်ထံသို့ လျှောက်လာလေသည်။

ထိုကိုယ်ရံတော်က ခက်ထန်သောလေသံဖြင့် ....

“မင်းလို စာပေသမားက ဒီနေရာကို မနေသင့်ဘူး .... သွားစမ်း” ဟု မောင်းထုတ်လိုက်လေသည်။

စာပေသမား လူငယ်က ခေါင်းခါယမ်းလိုက်ပြီး ....

“ခင်ဗျားနဲ့ ကျုပ်နဲ့ သိလို့လား .... ဘာလို့ ကျုပ်ကို ဒီက သွားခိုင်းနေရတာလဲ .... ”

အော်သံ ကြားလိုက်ရသဖြင့် လှည့်ကြည့်လိုက်၏။

ယိဖျောင်းရှမ်းမှာ ရလာသော အခွင့်အရေးကို လက်လွှတ်မခံ

သိုင်းသမား လီအား တိုက်ခိုက်လိုက်လေသည်။

သိုင်းသမားလီမှာ ထိတ်လန့်သွား၏။

အမြန်ရှောင်တိမ်းလိုက်သော်လည်း မရပါ။

ခေါင်းကို ဓားထိသွားသည်။

“အား .... ”

www.burmeseclassic.com

www.burmeseclassic.com



သိုင်းသမားလီမှာ အော်ဟစ်ရင်း နောက်သို့ဆုတ်သွားရတော့သည်။

သိုင်းသမား တိန့်မှာ ဒေါသပိုထွက်လာ၏။

ဟန်စုချင်အား တရကြမ်း ဖိ၍ တိုက်ခိုက်လာသည်။

တစ်ဆက်တည်းပင် လက်နက်ပုန်း သုံးခုကိုလည်း ပစ်လွှင့်လိုက်၏။

သူက ဟန်စုချင်အား တစ်ခု၊ ယိဖျောင်းရှမ်းအား နှစ်ခု ချိန်ရွယ်ကာ ပစ်လွှင့်လိုက်ခြင်းဖြစ်၏။

သိုင်းသမားတိန့်၏ လက်နက်ပုန်း အသုံးပြုပုံမှာ တိကျ၏။

ထိုစဉ် ....

"ဝှစ် .... ဝှစ် .... ဝှစ် .... "

ရွှံ့လုံးလေး သုံးလုံးက ရောက်ရှိလာပြီး သိုင်းသမားတိန့်၏ လက်နက်ပုန်း သုံးခုစလုံးကို လမ်းခုလတ်မှပင် ပစ်ချလိုက်လေသည်။

သိုင်းသမားတိန့်မှာ မျက်နှာပျက်သွားသည်။

ထိုစဉ် ဟန်စုချင်က သိုင်းသမားတိန့်၏ ရင်ဝသို့ ဓားနှင့်ထိုးသွင်းလိုက်၏။

သိုင်းသမားတိန့်မှာ ထိတ်လန့်တကြားဖြင့် စုတ်တံနှင့် ကာလိုက်၏။

ဟန်စုချင်က ဓားကို လျှပ်တစ်ပြက် ရုပ်သိမ်းပြီး ခြေနှင့်ကန်ချလိုက်တော့သည်။

သိုင်းသမားတိန့်မှာ မရှောင်တိမ်းနိုင်တော့ပါ။



"ဝုန်း .... "

သူ့ခမျာ ပြိုလဲကျသွားရရှာလေပြီ။

သိုင်းသမားလီနှင့် တိန့် နှစ်ယောက်စလုံး ရှုံးနိမ့်သွားကြရလေပြီ။

ယိဖျောင်းရှမ်းက ဟန်စုချင်အား မျက်ရိပ်ပြကာ ကျင်ကျိမင်အား ဖမ်းဆီးရန် ဟန်ပြင်လိုက်၏။

သို့သော် ဆိုင်အောက်မှ ဆူညံသော လူသံများကို ကြားလိုက်ကြရသဖြင့် ယိဖျောင်းရှမ်းတို့ နားစွင့်မိကြသည်။

မွန်ဂိုတပ်သားများက ရောက်ရှိလာခြင်းပေတည်း။

မွန်ဂိုတပ်သားများမှာ ထိုဆိုင်၌ တိုက်ပွဲဖြစ်နေသည်ဟု သတင်းရသောကြောင့် ရောက်ရှိလာခြင်း ဖြစ်၏။

ဟန်စုချင်မှာ ရင်ထိတ်သွားသည်။ သူတို့သည် မွန်ဂိုများနှင့် ထိပ်တိုက်မတွေ့ခဲ့ဘူးကြပေ။

"တို့ ဒီက မြန်မြန်ထွက်မှ .... "

စာပေသမား လူငယ်မှာမူ ထိုင်မြဲထိုင်ပြီး ရယ်မောမြဲ ရယ်မောနေ၏။

ယိဖျောင်းရှမ်းက ....

"ကဲ .... မြန်မြန်သွားကြစို့"

သူတို့သည် ပြတင်းပေါက်ဆီသို့ ပြေးသွားကြသည်။

ကျင်ကျိမင်၏ ကိုယ်ရံတော်များမှာ ယိဖျောင်းရှမ်းတို့အား ငေးတောင်းရဲကြချေ။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ယိဖျောင်းရှမ်းနှင့် ဟန်စုချင်မှာ ပြတင်းပေါက်မှ ခုန်ချကာ လွတ်မြောက်သွားလေတော့သတည်း။



အခန်း(၅၁)

## မအောင်မြင်သော ချင်းနင်းမှု

စားသောက်ဆိုင်အပေါ်ထပ်သို့ မွန်ဂိုတပ်သား နှစ်ဆယ်ခန့် ရောက်ရှိလာသည်။

ထိုဆိုင်အပေါ်ထပ်၌ အဲပြင်လူဟူ၍ စာပေသမား လူငယ်နှင့် သူ၏ တပည့်ဆိုသူသာ ကျန်ရစ်ခဲ့သည်။ ထိုနှစ်ယောက်ကား အလွန် သာမြွေရ၏။

စားမြဲသောက်မြဲပင်။

သူတို့နှင့် မပတ်သက်သည့်အလား ထိုင်နေကြခြင်း ဖြစ်သည်။

ကျင်ကျိုမင်၏ ကိုယ်ရံတော်များမှာ မွန်ဂိုတပ်သားများ ရောက်လာသောအခါ အားတက်သွားသည်။

ချက်ချင်းပင် စာပေသမား လူငယ်အား ညွှန်ပြ၏။

“သူလည်း တစ်ဖွဲ့တည်းပဲ၊ သူ့ကိုပါ ဖမ်းကြ”

မွန်ဂိုတပ်သားများသည် စာပေသမားလူငယ်နှင့် လူစုအား ဝိုင်းသွားလိုက်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



စာပေသမား လူငယ်က ….

"စောစောက လူနဲ့ ကျုပ်နဲ့ ဘာဆိုင်လို့လဲ …. ကျုပ်ကို ဘာကြောင့် ဖမ်းရမှာလဲ …. "

ဟု ခပ်တည်တည်နှင့် ပြောလိုက်လေသည်။

မွန်ဂိုတပ်သားများမှာ သူတို့အား ရဲရဲဝံ့ဝံ့ တုံ့ပြန်ပြောသူများကို မတွေ့ခဲ့ဘူးချေ။

ယခု လူငယ်က မကြောက်ဘဲ ပြန်ပြောသောအခါ တွေဝေသွားသည်။

ကျင်ကျိုမင်က ….

"ဒီကောင်လည်း စောစောက မိန်းကလေးနှစ်ယောက်နဲ့ အစုတစ်ခုတည်းပဲ …. ဒီကောင့်စကား မယုံနဲ့ …. ဖမ်းသာဖမ်း"

စာပေသမားလူငယ်က ကျင်ကျိုမင်အား စွေစောင်းစောင်းပြန်ကြည့်ပြီး ….

"ကျုပ်က စာပေသမားတစ်ယောက်ပါ …. ဘာလို့ ကျုပ်ကို မတရားလာစွပ်စွဲနေရတာလဲ …. ကဲ …. ကျုပ်ကို ဖမ်းချင်ရင်လည်း ဖမ်းပါ၊ ကျုပ် လိုက်ခဲ့ပါ့မယ် …. "

သူ၏လေသံမှာ ယဉ်ကျေး၏။

ဒေါသသံဟူ၍ စိုးစဉ်းမျှ မပါရှိပါ။

မွန်ဂိုတပ်သား တစ်ယောက်က သံကြိုးကွင်းနှင့် လာ၍ စွပ်ဟန် ပြင်လိုက်၏။

စာပေသမားလူငယ်က ….



"ကျုပ်က တရားခံမဟုတ်ပါဘူး …. ကျုပ်ကိုယ်တိုင် လိုက်လာပြီပဲ …. ဘာလို့ သံကြိုးကွင်းစွပ်မှာလဲ"

မွန်ဂိုတပ်သားများက မစွပ်တော့ပါ။

လူအုပ်နှင့်သာ ညှပ်၍ ခေါ်သွားကြသည်။

စာပေသမား၏ တပည့်လူစုက နောက်မှ လိုက်လာခဲ့သည်။

လမ်းသွားလမ်းလာများမှာ ထိုမြင်ကွင်းအတွက် စိတ်မချမ်းသာကြပါ။ မွန်ဂိုများ၏ အကျဉ်းသားဖြစ်သွားလျှင် မသက်သာပါ။ အနှိပ်စက်ခံရသည်က များပါသည်။

သို့သော် စာပေသမား လူငယ်ကမူ တုန်လှုပ်ဟန်မရှိပါ။

အေးဆေးစွာပင် လိုက်ပါသွားသည်။

လမ်းနှစ်လမ်းကို ကျော်ဖြတ်ပြီးနောက် မြို့စားဂေဟာသို့ ရောက်ရှိလာကြသည်။

မွန်ဂိုတပ်သားများက မြို့စားကြီး ကျင်စန်လုံထံသို့ သတင်းပို့ကြ၏။

ထို့နောက် ချက်ချင်းပင် စစ်ဆေးရန် ပြင်ဆင်သည်။

ရုံးခန်းအဘွင်း၌ ကိုယ်ရံတော်များက စီတန်းရပ်နေ၏။

မြို့စားကြီး ကျင်စန်လုံက ခုံတစ်လုံးဖြင့် ထိုင်သည်။

မွန်ဂိုတပ်သား နှစ်ယောက်က စာပေသမားအား ညှပ်၍ ခေါ်လာကြသည်။ သံကြိုးကွင်း မစွပ်သဖြင့် ဤတစ်ကြိမ်ဖမ်းဆီးလာမှုမှာ ထူးခြားလာသလို ဖြစ်နေသည်။

မြို့စားကြီး ကျင်စန်လုံက စာပေသမားအား ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မှန်ပိုတပ်သားများဘက်သို့ လှည့်ကာ မေးသည်။

"မင်းတို့တရားခံကို ဘာလို့ သံကြိုးမချည်တာလဲ .... တရားခံကို တရားခံလိုပဲ ထားပါ .... ဒီလိုမျိုး ဘာလို့ခေါ်လာကြတာလဲ"

စာပေသမား လူငယ်က မထိတရီ ပြုံးလိုက်ပြီး ....

"ကျုပ်က တရားခံမှ မဟုတ်ဘဲ .... ဒါကြောင့် သံကြိုးမချည်တာပေါ့ဗျာ .... "

သူ့စကားက ရဲတင်းလှ၏။ မြို့စားကြီးကို ပမာမခန့် ပြောသလို ဖြစ်နေသည်။

ကျင်စန်လုံက စာပေသမား လူငယ်အား စိုက်ကြည့်ကာ —

"မင်း ဘယ်သူလဲ .... စောစောက မိန်းကလေးနှစ်ယောက်ကော ဘယ်သူတွေလဲ .... "

စာပေသမား လူငယ်က ....

"ကျုပ်နာမည် ကျောင်းပုချန် .... မိန်းကလေးနှစ်ယောက်တော့ ကျုပ်နဲ့ သိမှမသိဘဲ .... သူတို့နဲ့ပတ်သက်ပြီး ကျုပ် ဘာမှမပြောနိုင်ဘူး .... "

မြို့စား ကျင်စန်လုံက ....

"မင်းနဲ့ စားသောက်ဆိုင် အတူတူထိုင်တယ် .... တိုက်ပွဲဖြစ်တော့လည်း မင်းတို့ အတူတူပဲ မဟုတ်လား .... "

ကျောင်းပုချန်က ....

"ကျုပ်တို့က စားသောက်ဆိုင်တစ်ဆိုင်ထဲမှာ အတူရှိတာနဲ့ တစ်ဖွဲ့တည်း ဖြစ်ရမှာလား .... "



ကျင်စန်လုံမှာ ကြောင်သွား၏။

လူငယ်၏စကားမှာ မှန်ကန်၏။

စားသောက်ဆိုင်၌ အတူတူရှိရုံနှင့် တစ်ဖွဲ့တည်းဟူ၍ စွပ်စွဲရပါမည်လော။

သူ့ကို ပြန်လွှတ်ပေးရမည်လော။

ပြစ်ဒဏ်ပေးရမည်လော။

မဝေခွဲနိုင်ဘဲ ဖြစ်သွား၏။

သို့သော် မေးစရာအချက်တစ်ချက် သတိရသွားပြီး ....

"ဒါနဲ့ မင်းက ငါ့ရဲ့ငယ်သားသုံးယောက်ကို ဘာကြောင့်စော်ကားရသလဲ .... "

ကျောင်းပုချန်က ရယ်မောလိုက်ပြီး ....

"ကျုပ်က သူတို့ကို ဘာမှမလုပ်ပါဘူး .... သူတို့ဘာသာသူတို့ ကျုပ်ကိုလာပြီး ဒူးထောက်ကြတာ .... မယုံရင် မေးကြည့်ပါ"

မြို့စား ကျင်စန်လုံမှာ စိတ်ပျက်သွား၏။

သူ၏ သားငယ်များကမူ စာပေသမားလူငယ်က သူတို့အား မတရားတိုက်ခိုက်ပါသည်ဟု စွပ်စွဲကြသည်။

"ကဲ .... အားလုံး နားထောင်ကြ၊ ငါ ပြစ်ဒဏ်စီရင်မယ်"

အားလုံး ငြိမ်သက်သွားသည်။

"ဒီလူငယ်ကို ကြိမ်ဒဏ်တစ်ရာ ပေးစေ .... "

သူ၏အမိန့်သံ ဆုံးသည်နှင့် ကျောင်းပုချန်သည် ကျင်စန်လုံ၏ အနီးသို့ လျှပ်တစ်ပြက် ရောက်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ကျင်စန်လုံအား ဖမ်းချုပ်ကာ ထုတ်တန်းပေါ်သို့ ခုန်တက်သွားလေသည်။

ကျောင်းပုချန်၏ လှုပ်ရှားမှုမှာ လျှင်မြန်လှသည်။

ကိုယ်ရံတော်များ သတိဝင်လာချိန်၌ မြို့စားကြီးနှင့် ကျောင်းပုချန်မှာ ထုတ်တန်းပေါ်သို့ ရောက်ရှိနေပြီဖြစ်ပါသည်။

ထိုစဉ် လှုထုကလည်း ထုတ်တန်းပေါ် ခုန်တက်လိုက်ပြီး အိမ်ထဲမှ အသင့်ပါလာသော ထုံးမှုန့်များကို ပက်ချလိုက်လေသည်။

လှုစုံ၏ လုပ်ရပ်မှာ ထိရောက်လှပေသည်။

မော့ကြည့်နေသူများမှာ ထုံးမှုန့်များကြောင့် မျက်စိများပေ သွား၏။

မြင်ကွင်းမှာလည်း မှုန်ဝါးသွားလေသည်။

မြို့စားကြီး ကျင်စန်လုံမှာ တုန်လှုပ်နေ၏။

ထုတ်တန်းမှာ ဆယ့်သုံးပေခန့် မြင့်၏။

ကျောင်းပုချန်က ကျင်စန်လုံကို ပြုံးပြကာ ....

"ကျုပ် ခင်ဗျားကိုသတ်မလို့ .... ဒါပေမယ့် ကျုပ်ဆရာက သုံးနှစ်တိတိ လူမသတ်ရဘူးဆိုလို့ ခင်ဗျား သက်သာသွားတယ်မှတ်ပါ ဒါပေမယ့် နောက်နေ့ဆိုရင်တော့ သုံးနှစ်ပြည့်ပြီ .... သတိထားနေ"

ဟု ပြောကာ ခေါင်မိုးအား လက်ဝါးနှင့် ရိုက်ချလိုက်၏။

"ဝုန်း .... "

အုတ်ကြွပ်များမှာ ပေါက်သွားလေသည်။

ကျောင်းပုချန်နှင့် လှုစုတို့သည် ထိုအပေါက်မှတစ်ဆင့် ခေါင်



မိုးပေါ်သို့ ဖောက်ထွက်သွားကြလေ၏။

လေပြည် သုန်သုန်ဖြူးဖြူး တိုက်ခတ်လာသောအခါ ထုံးမှုန့်များစွာ ပြယ်လွင့်သွားတော့သည်။

ထို့ကြောင့် အခန်းထဲရှိ မြင်ကွင်းသည်လည်း ကြည်ကြည်လင်လင် ဖြစ်သွားသည်။

ကိုယ်ရံတော်များသည်လည်းကောင်း၊ မှုန်ဂိုတပ်သားများသည်လည်းကောင်း ဓားကိုယ်စီဖြင့် လှည့်ပတ်ရှာဖွေကြသည်။ ကျောင်းပုချန်နှင့် သူ့တပည့်ကို မတွေ့ရတော့ချေ။

ခေါင်မိုးပေါက်နေသဖြင့် ကျောင်းပုချန်တို့ ထွက်သွားမှန်း သိလိုက်၏။

မြို့စားကြီးကိုလည်း ထုတ်တန်းပေါ်၌ တွေ့ရသည်။

"မြို့စားကြီး .... မြို့စားကြီး .... "

"ငါ .... ငါ ဆင်းဖို့ခက်နေတယ်"

မြို့စားကြီးက တုန်တုန်ချည့်ချည့်ဖြင့် ပြောလေ၏။

ကိုယ်ရံတော်များမှာ ချက်ချင်း လှေကားပြေးယူကာ ထောင်လိုက်၏။

ထို့နောက် မြို့စားကြီးအား အောက်သို့ချပေးကြသည်။

မြို့စားကြီးမှာ ဘာမှ ဒဏ်ရာမရရှိချေ။

သို့သော် ကြောက်လန့်သဖြင့် မျက်နှာမှာ ဖြူရော်နေ၏။

သို့သော် မကြာမီပင် သူ၏ကြောက်လန့်မှုသည် ဒေါသအဖြစ် ကူးပြောင်းသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့က သောက်သုံးမကျတဲ့ကောင်တွေ၊ လစာယူထားပြီး တစ်ယောက်မှ အသုံးမကျဘူး .... တရားခံကို သံကြိုးချည်လာရင် ဒီလိုဖြစ်မလား .... "

ကိုယ်ရံတော်များမှာ ခေါင်းငုံ့ခံရုံမျှအပ ဘာမှမတတ်နိုင်တော့ပါ။

မြို့စားကြီးက ....

"ဒီကျောင်းပုချန်တို့ ဆရာတပည့်နဲ့ .... ဟိုကောင်မလေးနှစ်ယောက်ကို ဖမ်းဖို့အမိန့်ကို အမြန်ထုတ် .... မင်းတို့ မမိမချင်းပြန်မလာခဲ့ကြနဲ့ .... "



ယိဖျောင်းရှမ်းနှင့် ဟာန်စုချင်တို့မှာ လွတ်မြောက်လာခဲ့ကြလေပြီ။ သူတို့က မြို့ပြင်ရောက်မှ အနားယူကြ၏။

ယိဖျောင်းရှမ်းက ....

"ဒီ စာပေသမား ရှုပ်နေလို့ နို့မဟုတ်ရင် ကျင်ကျိမင်ကို သတ်ပစ်နိုင်တယ် .... "

ဟာန်စုချင်က စဉ်းစားချင့်ချိန်သောလေသံဖြင့် ....

"အဲဒီစာပေသမားဟာ သိုင်းပညာ အဆင့်မြင့်တယ် .... ဘာမှမလုပ်ရဘဲနဲ့ လူသုံးယောက်ကို ဒူးထောက်အောင် လုပ်နိုင်တာ သူ့ပညာက မခေဘူး .... သူနဲ့ မိတ်ဆွေမဖြစ်ရတာ နာတာပဲ .... "

ယိဖျောင်းရှမ်းက ....

"အံမယ် .... မမက အထင်ကြီးနေပြန်ပြီ၊ ဒီလူက ရူးသလိုလိုပေါသလိုလိုနဲ့ ဒီလိုလူမျိုးနဲ့ မိတ်ဆွေမဖြစ်ချင်ပေါင် .... "

စင်စစ် ယိဖျောင်းရှမ်းသည် စာပေသမား လူငယ်၏ သိုင်းပညာ အဆင့်မြင့်ဖြစ်ကြောင်း ရိပ်စားမိ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် အမြင်ကတ်သဖြင့် မချီးကျူးဘဲ လွှဲပြောလိုက်ခြင်းသာ ဖြစ်ပါသည်။

ယိဖျောင်းရှမ်းက ....

“ဒီစာပေသမား သိုင်းပညာအဆင့်မြင့် မမြင့်က အရေးမကြီးပါဘူး .... အခု ညီမတို့ရုပ်ကို မှတ်မိထားကြပြီ၊ ဒီတော့ တို့မြို့စားသားအဖကို ဘယ်လိုဆုံးမကြမလဲ .... လုပ်မှတော့ အဆုံးအထိ လုပ်သင့်တယ် .... ကျွန်မတော့ လက်မလျှော့ချင်သေးဘူး .... ညဘက်တစ်ခေါက်လောက် ပြန်သွားချင်သေးတယ် .... ”

BURMESE CLASSIC

မှန်ပါသည်။

ယိဖျောင်းရှမ်းမှာ လက်မလျှော့လိုပါ .... ။ အနုံ့ညာတဘက်ကောင်းဆိုသော လူအတွက် သူ ဆုံးမချင်ပါသေးသည်။

ဟာန်စုချင်လည်း အကြိုက်တွေ့ပါသည် .... ။ သူမသည် သိုင်းလောက၌ ဤသို့ လွတ်လွတ်လပ်လပ် သွားနေရလျှင် ကျေနပ်နေသူပင် ဖြစ်ပါသည်။

“ဒါဆိုလည်း တို့ ညဘက်တစ်ခေါက် ထပ်သွားကြတာပေါ့”

ထို့နောက် သူတို့နှစ်ယောက်သည် မြို့ပြင်၌ အေးဆေးစွာ အနားယူလိုက်ကြလေတော့သည်။

သူတို့ အနားယူနေသည်မှာ နေလုံးပျောက်သွားသည်အထိ ဖြစ်ပါ၏။ အလင်းရောင်သည်လည်း လုံးဝပျောက်ကွယ်သွားလေပြီ။

ယိဖျောင်းရှမ်းလည်း အနားယူခြင်းမှထကာ မြို့အနီးသို့ ချဉ်းကပ်လာကြ၏။



မြို့တံခါးမှာ ပိတ်သွားလေပြီ။

ထို့ကြောင့် မြို့ရိုးကိုကျော်ကာ ဝင်လာခဲ့ရသည်။

ညမှာ လကွယ်ညဖြစ်၏။

ထို့ကြောင့် အမှောင်ထုက သူတို့၏ လှုပ်ရှားမှုအား အကာအကွယ်ပေးထားသည်။

မကြာမီ ယိဖျောင်းရှမ်းတို့ မြို့ထဲသို့ ပြန်ရောက်လာခဲ့ကြသည်။

သူတို့သည် မြို့စားဂေဟာ အနေအထားကို သေချာစွာ မှတ်သားထားခဲ့ကြသဖြင့် လွယ်ကူစွာပင် မြို့စားဂေဟာအနီးသို့ ရောက်ရှိလာကြသည်။

မြို့စားဂေဟာအနီးသို့ ရောက်သောအခါ အစောင့်များ ထူထပ်စွာ ချထားသည်ကို တွေ့လိုက်ရလေသည်။

ထို့ကြောင့် အတင့်မရဲဝံ့တော့ပါ။

မြို့စားဂေဟာနှင့်ကပ်လျက် ခေါင်မိုးပေါ်သို့ တက်ကာ အခြေအနေကို စောင့်ကြည့်နေမိသည်။

မြို့စားဂေဟာထဲ၌ မီးများလင်းထိန်နေ၏။

ကင်းလှည့်သူများမှာလည်း မနည်းလှချေ။ တပြောင်ပြောင်တလက်လက် တောက်ပနေသော လက်နက်များက ယိဖျောင်းရှမ်းတို့ကို စိန်ခေါ်သလို ဖြစ်နေသည်။

ယိဖျောင်းရှမ်းတို့ ခုန်တက်သွားသည်ကို ရိပ်ခနဲ တွေ့လိုက်ကြသော ကင်းသမားအချို့သည် တစ်ဘက်အိမ်သို့ ရောက်ရှိလာပြီး ခုန်တက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ယိဖျောင်းရှမ်းတို့မှာ အသက်ပင် ပြင်းပြင်းမရှူရဲဘဲ ဝပ်နေကြရသည်။

အစောင့်တစ်ယောက်က ....

"ငါလည်း ကြည့်ပြီးပြီ .... ဘာမှမရှိဘူး"

"အင်း .... ဒါဆို ငါ့မျက်စိ မှားတာပဲ ဖြစ်မယ် .... "

သူတို့အချင်းချင်း ပြောပြီး ပြန်လှည့်ထွက်သွားကြသည်။

ယိဖျောင်းရှမ်းမှာ အစောင့်များ ပြန်လှည့်ထွက်သွားမှ စိတ်သက်သာရာ ရသွားလေသည်။

ထိုစဉ် သူမ၏အင်္ကျီစကို တစ်စုံတစ်ယောက်က ဆွဲလိုက်သကဲ့သို့ ခံစားလိုက်သဖြင့် သူမက ဟန်စုချင်အား မေးလိုက်၏။

"ဘာလဲ .... ဘာတွေ့လို့လဲ"

ဟန်စုချင်က ....

"ဘာမှ မတွေ့ပါဘူး .... ဘာဖြစ်လို့လဲ"

"ကျွန်မ အင်္ကျီစကို မဆွဲဘူးလား .... "

"ငါ မဆွဲပါဘူး .... "

ယိဖျောင်းရှမ်း အံ့သြသွားသည်။ ဟင်ခနဲ ဖြစ်သွားပြီး ....

သူမက ဘေးဘီကို ကြည့်လိုက်၏။

အမှောင်ထဲ၌ ဘာမျှ မမြင်ရချေ။

ဟန်စုချင်က ပြန်မေးသည်။

"ဘာဖြစ်လို့လဲ ညီမလေး .... မင်းအင်္ကျီစ အဆွဲခံရလို့လား"

ယိဖျောင်းရှမ်းက ....



"စိတ်ထင်တာပဲ ဖြစ်မယ် ထင်ပါတယ် .... "

ဟန်စုချင်က ထပ်မမေးတော့ပါ။

ရှေ့သို့ မြွေကဲ့သို့ တွားသွားကာ တက်သွားလေသည်။ ခေါင်မိုးအမြင့်ထက်မှကြည့်လျှင် မြို့စားဂေဟာကို .... ပို၍ မြင်နိုင်စွမ်းရှိမည် မဟုတ်ပါလား။

"ခေါင် .... ခေါင် .... ခေါင် .... "

အုန်းမောင်းသံ သုံးချက် ထွက်လာ၏။

ကင်းသမားများကလည်း နည်းသွား၏။

ဂေဟာထဲ၌လည်း အလင်းရောင်များ မှေးမှိန်သွား၏။

ဟန်စုချင်က ယိဖျောင်းရှမ်းအား မျက်ရိပ်ပြလိုက်၏။

ယိဖျောင်းရှမ်းက ဆတ်ခနဲ အောက်သို့ ခုန်ချလိုက်လေသည်။

သူမ၏ ခြေထောက်မှာ မြေကြီးအား မထိမိပါ။

တစ်စုံတစ်ခုအတွင်း ကျသွားသကဲ့သို့ ခံစားလိုက်ရ၏။

ထိုစဉ် အချက်ပေး တုံးမောင်းခေါက်သံများမှာ ဆူညံစွာ ထွက်ပေါ်လာလေတော့သည်။

ကျင်စန်လုံသည် မနက်ပိုင်းက ကျောင်းပုချန်၏ နှောင့်ယှက်မှုကြောင့် ထိတ်လန့်သွားခဲ့၏။

ထို့ကြောင့် သူ၏ ကိုယ်ရံတော် သိုင်းသမားများနှင့် ဆွေးနွေးကြည့်၏။

သူ၏ ကိုယ်ရံတော်များအနက် မွန်ဂိုတပ်မှ သိုင်းသမား 'ပုင်ချို' မှာ အတွေ့အကြုံ ရင့်ကျက်သော သိုင်းသမားဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သူက ဂေဟာ၌ ထောင်ချောက်များ ပြုလုပ်ရန် အကြံပေးသည်။

ထို့အပြင် ရန်သူများမှာ နေ့မရွေးဘဲ ချက်ချင်းပင် လာရောက်နိုင်ကြောင်း တွက်ဆမိ၏။

ထို့ကြောင့် အစောင့်အကြပ်ကို ပို၍ ချထားလိုက်၏။

လမ်းကြောင်းတစ်ခုသာ ဖွင့်ထားပြီး၊ ထိုလမ်းကြောင်း၌ ပိုက်ကွန်တစ်ခုကို ချထားလိုက်သည်။

ပိုက်ကွန်ချထားပုံမှာ ညအမှောင်၌ မြင်ရန်မလွယ်ကူပါ။

ပိုက်ကွန်ပေါ် တစ်စုံတစ်ရာ ကျမိသည်နှင့် ပိုက်ကွန်မှာ စုစည်းသွားအောင် စီမံထား၏။

ထို့အပြင် ပိုက်ကွန်၌ သံချိတ်များ၊ ခေါင်းလောင်းများကိုပါ တပ်ဆင်ထားလိုက်လေသည်။

ယခု ယိဖျောင်းရှမ်းမှာ သူတို့၏ ထောင်ချောက်အတွင်းသို့ ရောက်သွားပြီ ဖြစ်ပါသည်။

ခေါင်းလောင်းသံ ဆူညံစွာ ထွက်ပေါ်လာသည်နှင့် အစောင့်များမှာ ပြေးလာကြလေသည်။

ယိဖျောင်းရှမ်းမှာ ရင်ထိတ်သွား၏။

သူမက အတင်းရုန်းထွက်သော်လည်း မရပါ။

ပိုက်ကွန်တွင် ကပ်ထားသော ချိတ်များက ဒုက္ခပေးနေ၏။

ဟန်စုချင်မှာ အပေါ်၌ ကျန်ရစ်သဖြင့် ထောင်ချောက်၌ မမိချေ။



သူမက ခေါင်မိုးပေါ်မှ အော်လိုက်၏။

"ညီမလေး .... မရုန်းနဲ့ ငါ လာကယ်မယ်"

သူမ ခုန်ချလိုက်သည်။

ပြေးလာသော အစောင့်များထံ လက်နက်ပုန်းများ ပစ်သွင်းသည်။

အစောင့်များမှာ ဟန်စုချင်၏ လက်နက်ပုန်းထိမှန်ကာ တဝုန်းဝုန်း လဲကျကုန်၏။

အချို့မှာ ဆက်မတက်ရဲတော့ပေ။ ထို့ကြောင့် ဟန်စုချင် အခွင့်အရေးရသွားသည်။

ဓားကိုထုတ်ကာ ပိုက်ကွန်အား ဖြတ်ပေးလိုက်သည်။

ယိဖျောင်းရှမ်းက ပိုက်ကွန်အပေါက်မှ တိုးထွက်လာသည်။

ထိုစဉ်မှာပင် သိုင်းသမားလိနှင့်တိန်နှ့တို့သည် ဂေဟာတွင်းမှ ပြေးထွက်လာကြတော့၏။

သူတို့ ယိဖျောင်းရှမ်းနှင့် ဟန်စုချင်တို့ကို တွေ့သောအခါ ဝမ်းသာသွား၏။

"တွေ့ပြီ .... သူတို့ကို တွေ့ပြီ"

သူတို့ ရှုံးကြေးကို ပြန်ဆပ်ရတော့မည် မဟုတ်ပါလား။

သိုင်းသမားလိသည် ခုန်ဝင်လာ၏။

"မင်းတို့ ဒီတစ်ခါ ဘယ်ပြေးမလဲ .... ဟား ဟား ဟား"

ယိဖျောင်းရှမ်းနှင့် ဟန်စုချင်တို့သည် ဓားကိုထုတ်ကာ သိုင်းသမားလိနှင့်တိန်နှ့တို့ကို ဆီးကြိုတိုက်ခိုက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သိုင်းသမား ယိနှင့်တိန့်တို့က သူတို့၏ ရှုံးကြွေးအတွက် အပြင်းအထန် တိုက်ခိုက်လေတော့၏။

ဟန်စုချင်သည် လတ်တလော အခြေအနေကို တွက်ဆမိလိုက်၏။

ယနေ့ညအဖို့ သူတို့၏အကြံအစည် အောင်မြင်နိုင်မည့် လမ်းမရှိချေ။ ရန်သူများသည် ကာကွယ်ရေးအခြေအနေများကို ဖန်တီးထားပေသည်။

သူတို့အတွက် အခြေအနေဆိုးနှင့်ပင် ရင်ဆိုင်နေရပေမည်။

ထို့ကြောင့် သူမက ယိဖျောင်းရှမ်းအား သတိပေးလိုက်သည်။

"ညီမ ပြေးစို့ ...."

သူမစကားအဆုံး၌ သူမ၏အနောက်ဘက်မှ အေးစက်သော စကားသံတစ်ခုက ထွက်ပေါ်လာလေသည်။

"အခုမှ ပြေးမလို့လား .... လက်နက်ချလိုက်"

စကားသံနှင့်အတူ တိုက်ခိုက်မှုပါ တစ်ဆက်တည်း ပါလာလေ၏။ ဟန်စုချင်မှာ ရင်ထိတ်သွား၏။

ချက်ချင်း ခါးကို နွဲ့ပြီး ရှောင်တိမ်းကာ လှည့်ကြည့်လိုက်၏။

သူမ၏နောက်၌ ခန္ဓာကိုယ် ထွားကျိုင်းသော မွန်ဂိုကြီးတစ်ယောက်ကို တွေ့လိုက်ရလေသည်။

ထိုလူမှာ 'ပုလီချို' ပင် ဖြစ်တော့၏။

မွန်ဂိုပုလီချိုသည် မွန်ဂိုအုပ်စုထဲ၌ သိုင်းပညာ အတော်တတ်သူ ဖြစ်၏။



ပုလီချို၏ လက်ထဲ၌ သံတုတ်ချောင်း ကိုင်ထားသည်။

ပုလီချို၏ တိုက်ခိုက်မှု ပြင်းထန်လှသဖြင့် ဟန်စုချင်မှာ ရှောင်တိမ်းရုံသာ ရှောင်တိမ်းနေရလေတော့၏။

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၅၂)

## မမျှော်လင့်သူနှင့်ကြုံတွေ့ခြင်း

ယိဖျောင်းရှမ်းမှာ သိုင်းသမားလိနှင့်တိန့်တို့အား တိုက်ခိုက်နေ၏။

သူမ၏ သိုင်းပညာမှာ မဆိုးလှပါ။

တစ်ဦးချင်းဆိုလျှင် တစ်ယောက်ကိုမှ မကြောက်မရွံ့ ရင်ဆိုင်နိုင်၏။

သို့သော် နှစ်ယောက်တစ်ယောက် ဖြစ်နေသဖြင့် အခက်ကြုံနေရသည်။

သို့သော် လျှင်မြန်ဖျတ်လတ်မှုကို အားကိုးကာ လက်ရည်ပြန်လည်တိုက်ခိုက်နေသည်။

ထိုစဉ် မြို့စောင့်တပ်သားများ ရောက်ရှိလာပြီး ယိဖျောင်းရှမ်းနှင့် ဟန်စုချင်တို့အား ဝိုင်းထားလိုက်ကြ၏။ ထိုပွဲ၌ နိုင်သည်ဖြစ်စေ မနိုင်သည်ဖြစ်စေ ယိဖျောင်းရှမ်းတို့မှာ အဖမ်းခံရရန် သေချာသလောက် ဖြစ်နေတော့သည်။



ယိဖျောင်းရှမ်းအနေဖြင့်မူ ဖောက်ထွက်ဖို့ ကြိုးစားနေသည်။

ထို့ကြောင့် သူမသည် သိုင်းသမား လိနှင့်တိန့်တို့အား တရကြမ်း တိုက်တော့၏။ သူသေကိုယ်သေ အချိုးကိုပင် သုံးလာသည်။

လိနှင့်တိန့်တို့မှာ ပြင်းထန်လှသော ယိဖျောင်းရှမ်း၏ တိုက်ခိုက်မှုကြောင့် နောက်ဆုတ်ပေးကြရသည်။

ယိဖျောင်းရှမ်းသည် လိနှင့်တိန့်တို့အား တိုက်စစ်အားပျော့သွားသည်နှင့် အစောင့်များအား လက်နက်ပုန်းနှင့် ပစ်ခတ်လေတော့သည်။

"ဂွစ် .... ဂွစ် .... ဂွစ် .... "

"အား .... အား .... အား .... "

အော်သံဟစ်သံများ ဆူညံစွာ ထွက်ပေါ်လာပြီး အစောင့်များမှာလည်း လဲသူကျ ပြေးသူပြေး ဖြစ်ကုန်၏။

ယိဖျောင်းရှမ်း၏ အခွင့်အရေးကို လက်လွှတ်မခံဘဲ ထွက်ပြေးကာ ခေါင်မိုးပေါ် ခုန်တက်လိုက်လေသည်။

သူမအပေါ် ရောက်သည်နှင့် သူမက လက်နှစ်ဖက်အား တစ်စုံတစ်ယောက်၏ ချုပ်ကိုင်မှုကို ခံလိုက်ရသဖြင့် ယိဖျောင်းရှမ်းမှာ ထိတ်လန့်လာရတော့သည်။

သူမက ကြည့်လိုက်ရာ မွန်ဂိုလူလတ်ပိုင်းတစ်ယောက်ကို တွေ့လိုက်ရ၏။

ထိုလူသည် သိုင်းပညာရော နပန်းပညာပါ တတ်မြောက်ထားသူဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် အဖမ်းအချုပ် ကျွမ်းကျင်သည်။ ပီရိသည်။

ယိဖျောင်းရှမ်းမှာ လက်ကို ရုန်းကန်လိုက်၏။

သို့သော် မည်သို့မျှလွတ်အောင် မရုန်းနိုင်ဘဲ ဖြစ်နေသည်။

မတတ်သာသည့်အဆုံး မွန်ဂို၏ ပေါင်ခွကြားအား ဖိနပ်ဦးနှင့် ကန်ချလိုက်ရတော့သည်။

သူမ၏ဖိနပ်မှာ သံချွန်တပ်ထားသော ဖိနပ်ဖြစ်၏။

မွန်ဂိုမှာ မဖျော်လင့်သောကန်ချက်ကြောင့် အကြီးအကျယ် ဒုက္ခရောက်သွား၏။ ယိဖျောင်းရှမ်းသည် ပြေးကွက်ကို ကြည့်ရာ ပြေးခွင့်မသာကြောင်း တွေ့လိုက်ရသည်။ ထို့ကြောင့် မြို့စား၏ ခြံအတွင်း၌ ပြန်ခိုရန် စဉ်းစားလိုက်၏။

မြို့စားကြီး၏ ဂေဟာရှေ့တွင် ရုံးစုရုံးစု ဆူဆူညံညံဖြင့် တိုက်ခိုက်ဖြစ်နေရာ နေ့ခင်းအလား ဖြစ်နေသည်။ မီးတုတ်များကလည်း တရှဲရှဲ လောင်ကျွမ်းနေကြ၏။

ယိဖျောင်းရှမ်းသည် ဂေဟာ၏ အနောက်ဘက်သို့ ရိပ်ခနဲ ခိုလိုက်ပြီး ဂေဟာအောက်ထပ်သို့ ဝင်လိုက်သည်။ ယခုအချိန်၌ မည်သည့်ရန်သူမဆို ဂေဟာနှင့် ဝေးရာသို့သာ ပြေးမည်ဖြစ်ရာ သူမထံ မည်သူမျှ လာရှာလိမ့်မည်မဟုတ်။ ယိဖျောင်းရှမ်း တွေးတောလေ၏။

ဂေဟာအနောက်ဘက်တွင် မီးထွန်းညှိထားခြင်းမရှိသဖြင့် သူမ လွန်စွာ သတိထားရသည်။ တဖြည်းဖြည်း သတိထားပြီး လျှောက်လာရာ တံခါးရွက်တစ်ခုကို စမ်းသပ်မိ၏။ မှိန်းလိုလို အနံ့မျိုးရသဖြင့် ဤ အခန်း၌ လူမနေသည်မှာ ကြာပြီဖြစ်ကြောင်း ရိပ်မိလိုက်သည်။ ထို့



ကြောင့် တံခါးကို အသာတွန်းလိုက်သည်။

"ကျွိ ...."

တံခါး ကျွိခနဲ မြည်သွားသည်။

အထဲသို့ သတိထားပြီး ဝင်သည်။ မည်သည့်ရန်သူမျှ မရှိကြောင်း သေချာမှ သက်ပြင်းချလိုက်မိ၏။ သူမသည် ထောင့်တစ်နေရာ၌ ထိုင်ပြီး အမောအပန်းဖြေလိုက်သည်။

"ရှုး .... ရှုး .... "

ထိုစဉ် သူမ၏ အောက်ဘက်ကြမ်းခင်းဆီမှ အသက်ရှူသံလိုလို ကြားလိုက်ရသည်။

ထိုအသက်ရှူသံမှာ အတော်ပင် ပြင်း၏။

ယိဖျောင်းရှမ်း ထိတ်လန့်သွား၏။ အဘယ်ကြောင့် အသက်ရှူသံ ကြားရသနည်း။ ရန်သူလော .... ။

သူမက နားစိုက်ထောင်ရာ သူမ၏အောက်ဘက်၌ အသက်ရှူသံ ပြတ်တောင်းပြတ်တောင်း ထွက်ပေါ်နေကြောင်း သိလာရသည်။

သူမ ကြက်သီးတဖြန်းဖြန်း ထသွားရ၏။ မထင်မှတ်သည့်အခန်းထဲ၌ တစ်စုံတစ်ရာ ရှိနေပြီမဟုတ်ပါလော။

သူမသည် ကြမ်းပြင်ကို စမ်းဆေးလိုက်၏။ အနံ့ဝှက်လိုလို အရာ တစ်ခုရှိနေကြောင်း စမ်းသပ်မိလိုက်၏။ ဟုတ်ပြီ။

ဤနေရာ၌ မြေအောက်ခန်း ရှိနေလေပြီ။

သူမက အင်္ကျီကြောင်းအား ဓားဦးနှင့်ကော်ပြီး အနံ့ဝှက်ကို မ လိုက်၏။ အနံ့တံခါးဖွင့်သွားလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



လေ့ကားထစ်များ ရှိနေကြောင်းကိုလည်း ရိုးတိုးရိပ်တိတ် တွေ့မြင်နေရသည်။

ယိဖျောင်းရှမ်း တစ်ချက်စဉ်းစားပြီးမှ လေ့ကားထစ်အတိုင်း ဆင်းလာခဲ့သည်။

"ဘယ်သူလဲ .... "

မြေအောက်ခန်းအတွင်းမှအသံ ....။

ယိဖျောင်းရှမ်း ရင်ထိတ်သွား၏။

ထိုစဉ် ....

"ဗိုး .... "

သူမ၏ခြေထောက်ဆီသို့ တစ်စုံတစ်ရာ အရှိန်နှင့် ရိုက်ချလာသည်ကို ခံစားရလေသည်။

ယိဖျောင်းရှမ်းက ခြေကို ပြန်ရုပ်လိုက်သည်။

ရိုက်ချလာသောအရာကို လက်နှင့်ဖမ်းရန် ကြိုးစားသည်။

"ဖတ် .... "

တုတ်မှာ သူမ၏ လက်ထဲ၌ ဆုပ်ကိုင်မိသွား၏။

သူက မလွှတ်ဘဲ ဆောင့်ဆွဲလိုက်၏။

ရန်သူ ယိမ်းပြီး ပါလာသည်နှင့် လက်သီးနှင့် ထိုးချလိုက်လေသည်။

"ဝုန်း .... "

လက်သီးမှာ တည့်မတ်စွာ ထိုးချမိ၏။

အောက်မှ လူမှာ သိုင်းပညာ တတ်ဟန်မရှိပါ။



ယိဖျောင်းရှမ်း၏ လက်သီးထိမှန်ကာ အောက်သို့ ပြန်ကျသွားသည်။

ထိုစဉ် သူမ၏ ဘယ်ဘက်ခြေထောက်ဆီသို့ ရှည်လျားသော အရာတစ်ခု လာရောက်ရစ်ပတ်ပြန်သည်။

ထိုအရာမှာ လျှပ်တစ်ပြက် နေရာပြောင်းပြီး သူမ၏ ခေါင်းဆီသို့ လာရောက်စွပ်သွားတော့သည်။

"အမေ့ .... "

ယိဖျောင်းရှမ်းမှာ မရှောင်တိမ်းနိုင်ပါ။

လန့်ပြီး အော်မိသည်။

လည်ပင်းအား ကြိုးတစ်ချောင်း ရစ်ပတ်သည်ကို ခံစားလိုက်ရလေပြီ။

သူမ ဝုန်းခနဲ လွင့်စဉ်ကျသွား၏။

"ဝုန်း .... "

"အား .... "

"ဘယ်သူများလဲလို့ .... မင်းက ဒီကိုရောက်လာတာကိုး"

မြေအောက်ခန်းထဲ၌ ဖယောင်းတိုင် အလင်းရောင်ကလေး ပေါ်လာသည်။ အလင်းရောင်နှင့်အတူ အေးစက်သော စကားသံလည်း ထွက်ပေါ်လာသည်။

ထိုအသံရှင်ကား ဟူရှန်ဖုံပင် ဖြစ်လေသတည်း။

ယိဖျောင်းရှမ်းအား ပထမဦးဆုံး တိုက်ခိုက်သူမှာ စင်ပေါက် ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ယိဖျောင်းရှမ်းမှာ ဟူရှန်ဖုံအား ဤမြေအောက်ခန်း၌ ရှိမည်ဟု မထင်ခဲ့ပါ။

ယခု ကြုံတွေ့လိုက်ရသောကြောင့် အကြီးအကျယ် ထိတ်လန့်သွားပါသည်။

ဟူရှန်ဖုံက ကြိုးကို အနည်းငယ် ဆွဲတင်လိုက်ပြီး ....

"ငါက လူထူးလူဆန်း သုံးယောက်မှတ်လို့ ပြေးလာတာ .... လက်စသတ်တော့ နို့နံ့ဟောင် မစင်သေးတဲ့ကလေး ဖြစ်နေတာကိုး။ မင်းမှန်းသိရင် ငါ ပြေးတောင်မပြေးဘူး .... လက်တစ်ချောင်းတည်းနဲ့ မင်းကို အသေသတ်လို့ရတယ်"

ယိဖျောင်းရှမ်းက အသံလာရာသို့ ကြည့်လိုက်၏။

အခန်းနံရံထောင့်၌ ဟူရှန်ဖုံက ထိုင်နေ၏။

စင်ယောက်က တုတ်ကိုကိုင်ကာ ရှေ့တက်လာပြီး ....

"ကျွန်တော် သူ့ကို ရိုက်ပြီးဆုံးမမယ် .... သူ ကျွန်တော့်ကို ထိုးထားတယ် ဆရာကြီး .... "

သူ၏ စကားမဆုံးမီ ယိဖျောင်းရှမ်းက ခြေနှင့် လှမ်းကန်ရာ စင်ယောက် ခမျာ ဝုန်းခနဲ လဲကျသွားရှာသည်။

ဟူရှန်ဖုံက ....

"မင်းက ငါ့လက်ထဲ ရောက်နေတာတောင် သောင်းကျန်းချင်ပါသေးလား .... "

ဟု ပြောကာ ကြိုးကို ပိုတင်းလိုက်၏။

ယိဖျောင်းရှမ်းမှာ အသက်ရှူကျပ်လာ၏။ လည်ပင်းမှ ကြိုး



ကပျာကယာ ဆုပ်ကိုင်ပြီး ပင်ပန်းကြီးစွာ အသက်ရှူနေရတော့သည်။

ယိဖျောင်းရှမ်း မဟန်နိုင်တော့ပါ။ ဟူရှန်ဖုံ၏ လက်ခုပ်ထဲက ရေ ဖြစ်သွားရပါလေပြီ။

ထိုစဉ် အပေါ်မှလူသံများ ဆူညံစွာ ထွက်လာ၏။

"သူခိုးမတော့ ဘယ်ပြေးပြီလဲ .... "

"ဒီမှာ ရှိနိုင်တယ် .... ဂေဟာနောက်ဘက်ကို ပြေးသွားတာပဲ"

"ဟုတ်တယ် .... ဒီအခန်းမှာ ရှိမယ် .... သတိထားကြ"

ဟူရှန်ဖုံမှာ ထိုစကားသံများ ကြားသောအခါ ထိတ်လန့်သွား၏။

သူက ဤနေရာ၌ ပုန်းနေလျှင် အကောင်းဆုံးဟု ယူဆကာ လာပုန်းနေခြင်းဖြစ်၏။

သူတို့ ကျားဖြူရေပ်မှ ပြေးလာခဲ့ပြီးနောက် မြို့ကလေးဆီသို့ ရောက်လာပြီး ဤနေရာ၌ နားခိုနေခြင်းဖြစ်၏။ ကျားသိုက်ထဲ ဝင်ခိုနေခြင်းသည် သူ့အတွက် အလုံခြုံဆုံးဖြစ်သည်ဟု ယူဆပြီး မြို့စားကြီး၏ ဂေဟာထဲ ဝင်ပုန်းနေခြင်း ဖြစ်၏။ ပထမတော့ လုံခြုံပါသည်။ သို့သော် ယခုတော့ မလုံခြုံတော့ပေ။

"မင်းက ဒီမှာ ဘာလာခိုးတာလဲ .... "

ဟူရှန်ဖုံက ဒေါသထွက်သည့် လေသံနှင့် မေးလေ၏။

ယိဖျောင်းရှမ်းက ....

"ကျွန်မက သူခိုးမဟုတ်ဘူး .... ဆရာကြီးကကော ဒီမှာ ဘာလာလုပ်တာလဲ .... "

www.burmeseclassic.com

www.burmeseclassic.com



သူတို့ စကားပြောနေစဉ် အပြင်မှ လူသံများ ပိုမိုဆူညံလာ၏။

"ဒီကောင်မ ဒီထဲမှာပဲရှိမယ် .... သေသေချာချာ ရှာကြ"

ဤလိုပွဲမျိုးကို လုံးဝ မတွေ့ကြုံဘူးသော စင်ယောက်ခမှာ အကြီးအကျယ် ထိတ်လန့်သွားတော့သည်။

"ဆရာကြီး သူတို့တွေ ဝင်လာတော့မယ် .... ဘယ့်နှယ်လုပ် မလဲဟင် .... "

ယိဖျောင်းရှမ်းမှာ စင်ယောက်၏စကားကြောင့် ကြောင်သွား၏။

စင်ယောက်နှင့် စင်ဝေါင်သည် ရုပ်ချင်းဆင်တူလှသဖြင့် တစ်ခဏချင်းမှာပင် စင်ဝေါင်၏ ညီဖြစ်မှန်း သိနိုင်ခဲ့သည်။

အဘယ့်ကြောင့် သူက ဟူရှန်ဖုံအား ဆရာကြီးဟု ခေါ်ရပါ သနည်း။

ဟူရှန်ဖုံက အေးစက်သောလေသံဖြင့် ပြောသည်။

"အင်း .... လူဝင်လာလည်း ကိစ္စမရှိပါဘူး .... သတ်ပစ်ရုံပေါ့"

ထိုအခိုက် မြေအောက်တံခါးဖွင့်သံကို ကြားလိုက်၏။

အပေါ်မှ မီးရောင်များလည်း လက်ခနဲ တွေ့မြင်လိုက်ရလေသည်။

ထို့နောက် လူနှစ်ယောက်မှာ လှေကားအတိုင်း ဆင်းရန်ဟန်ပြင်နေကြောင်း တွေ့ရသည်။

ဟူရှန်ဖုံက လက်ဝါးနှစ်ဖက်ဖြင့် အတွင်းအားထည့်ကာ ရှေ့သို့ တွန်းထုတ်လိုက်၏။



ကြီးမားသော လေလှိုင်းတစ်ခုဖြစ်ပေါ်လာပြီး ဆင်းလာသူနှစ်ယောက်မှာ နောက်ပြန်လွင့်သွားလေတော့သတည်း။

"ဝုန်း .... ဝုန်း .... "

သိုင်းသမားလီနှင့် တိန့်မှာ အခန်းထဲ ပြေးဝင်လာ၏။

သူတို့နောက်မှ မွန်ဂိုနပန်းသမား ပါလာသည်။ ထိုသူသည် ယိဖျောင်းရှမ်းကို ဖမ်းချုပ်နိုင်ခဲ့သူ ဖြစ်၏။

သူ့ကြောင့် ယိဖျောင်းရှမ်း ဤမြေအောက်ခန်းသို့ ရောက်ရှိလာခြင်းဖြစ်သည်။

တဖြည်းဖြည်းနှင့် အင်အားစု အတော်များများသည် မြေအောက်ခန်းရှိရာအခန်းသို့ ရောက်လာကြလေတော့သည်။

အထဲမှ ခုခံသည့်သတင်းကြောင့် လေးသမားများကိုလည်း အဆင်သင့် ခေါ်ထားကြသည်။

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွား၏။

ယိဖျောင်းရှမ်း ထွက်ပေါ်လာခြင်း မရှိပါ။

စောင့်နေသူများ သိကြသည်မှာ ဤအခန်းထဲ၌ ယိဖျောင်းရှမ်း တစ်ယောက်တည်းသာ ရှိသည်ဟူသာ။

မွန်ဂိုနပန်းသမားမှာ စောင့်ဆိုင်းရသည်ကို စိတ်မရှည်တော့ချေ။

ထို့ကြောင့် သိုင်းသမား လီနှင့် တိန့်ဘက်သို့ လှည့်ကာ ....

"ကဲ .... ခင်ဗျားတို့နှစ်ယောက် ဝင်ဖမ်းကြစမ်း .... ဒီသူမိန်းမလေး ဘယ်လောက်စွမ်းမှာမို့လဲ .... "

www.burmeseclassic.com

www.burmeseclassic.com



လိနှင့်တိန့်မှာ မီးတုတ်ဆွဲယူလိုက်ပြီး မြေအောက်ခန်းဝသို့ ရပ်လိုက်၏။

"မြားတွေ ပစ်သွင်းစမ်း .... "

လေးသမားများကို ပစ်ခိုင်းလိုက်။

သို့သော်

"ဝှစ် .... ဝှစ် .... ဝှစ် .... "

လေတိုးသံနှင့်အတူ လက်နက်ပုန်းများ လွင့်ပျံလာသဖြင့် လေးသမားနှစ်ဦး သေဆုံးသွားပြန်၏။

လေးသမားများ နောက်ဆုတ်သွားသည်။

မွန်ဂိုနပန်းသမားမှာ ဒေါသထွက်သွား၏။

ထိုအခိုက် ပုလိချိက ရောက်ရှိလာ၏။

သူက ရဲတင်းကို ဆွဲထုတ်ကာ ....

"ဒီကောင်မ ခုထက်ထိ ခုခံနေတုန်းလား၊ ကိစ္စမရှိပါဘူး — ငါကိုယ်တိုင် သတ်မယ် .... "

သူသည် အော်ဟစ်ရင်း အံဝှက်အဝသို့ ရပ်လိုက်၏။

"ဝှစ် .... ဝှစ် .... ဝှစ် .... "

"ထန်း .... ထန်း .... ထန်း .... "

ပုလိချိက ရဲတင်းနှင့် ခံပေးလိုက်သဖြင့် လက်နက်ပုန်းများ လွင့်စဉ်သွားသည်။

သူလည်း အကာအကွယ်နောက်သို့ပြန်ဆုတ်သွားရ၏။

လက်နက်ပုန်းအရှိန်မှာ ပြင်းထန်လှသောကြောင့် သူ၏လက်ပင် ထုံကျင်သွား၏။

ရဲတင်းသည်ပင် လွှတ်ကျတော့မလို ဖြစ်သွားခဲ့ရသည်။

ပုလိချိမှာ အံ့အားသင့်သွား၏။

ယိဖျောင်းရှမ်း၏ အတွင်းအား အလွန်ကောင်းသည်ဟု ထင်မြင်ယူဆလိုက်ရပြီ မဟုတ်ပါလော။ စင်စစ် ထိုလက်နက်ပုန်းများကို ပစ်ခတ်နေသူမှာ ယိဖျောင်းရှမ်း မဟုတ်ပါ။ ဟူရှန်ဖုံသာ ဖြစ်ပါလေ၏။

သိုင်းသမား လိနှင့် တိန့်တို့သည် ပုလိချိ မျက်နှာပျက်သွားသည်ကို အကဲခတ်မိ၏။

ထို့ကြောင့် သူတို့လည်း ထိတ်လန့်သွားကြလေသည်။ ပုလိချိ မဝင်နိုင်လျှင် သူတို့လည်း လုံးဝ ဝင်နိုင်မည်မဟုတ်ချေ။

ပုလိချိက ....

"မင်း ထွက်မလား၊ မထွက်ဘူးလား .... မင်း ဘယ်လောက် သိုင်းပညာတော်တော် မီးရှို့ရင် ခံနိုင်မလား .... "

ဟူရှန်ဖုံမှာ ထိုစကားကြားသောအခါ ထိတ်လန့်သွား၏။

သူက လူလူချင်း ယှဉ်ပြိုင်ရမည်ကို မကြောက်ရွံ့ပါ။

သို့သော် မီးရှို့မည်ကိုတော့ ကြောက်ရွံ့၏။ သူသည် မီးကျွန်း၌ မီးရှို့ခံခဲ့ရဖူးသည် မဟုတ်ပါလော။

ဤမြေအောက်ခန်းငယ်ထဲ၌ မီးရှို့ပါက ပြေးစရာနေရာမရှိဘဲ ဖြစ်နေသည် မဟုတ်ပါလော။

ဟူရှန်ဖုံ စိတ်ကူးလိုက်၏။

"ကောင်မလေးနဲ့ ပူးပေါင်းရင် ကောင်းမယ် .... နို့မဟုတ်ရင်



www.burmeseclassic.com

တို့နှစ်ယောက်စလုံး မလွယ်ဘူး .... မြေအောက်ခန်းထဲ မီးရှို့ခံရရင် ဘယ်လိုမှ မလွတ်နိုင်ဘူး .... ”

“ကောင်မလေး ဒီတစ်ကြိမ်မှာတော့ နင်နဲ့ငါ ပူးပေါင်းမှ မီးရှို့ခံရတဲ့ဘေးက လွတ်လိမ့်မယ် .... ”

ဟူရှန်ဖုံက တီးတိုးပြောသည်။

ယိဖျောင်းရှမ်းက ခပ်အေးအေးပင်။

“ဆရာကြီးက .... ဒီလောကသိုင်းပညာတော်ရဲ့သားနဲ့ ဘာလို့ ကျွန်မကို ပြန်ပြီး အကူအညီတောင်းနေရသလဲ .... ဒါ ရယ်စရာ မကောင်းဘူးလား .... ”

ဟူရှန်ဖုံမှာ ဒေါသထွက်သွား၏။

သာမန်အချိန်သာဆိုလျှင် သူက ယိဖျောင်းရှမ်းအား သတ်ပစ်လိုက်ပြီ ဖြစ်၏။

သို့သော် ယခုမူ သတ်ပစ်၍ မဖြစ်သေးချေ။

သူက ဒေါသကို ချုပ်တီးလိုက်ပြီး ....

“ငါက နင့်ဆီက အကူအညီ တောင်းတာမဟုတ်ဘူး .... မီးရှို့ရင် မင်းက အရင်သေမယ် .... ငါကတော့ နင့်ထက် ခံနိုင်ရည်ရှိမှာပဲ”

“ဘာပဲဖြစ်ဖြစ် ဆရာကြီးလည်း သေမှာပဲ .... ကျွန်မလည်း သေမှာပဲ .... ဘယ်လောက်များ ကွာမှာမို့လဲ .... ”

“ဒါဖြင့် နင်က အသေခံမယ် ဆိုပါတော့ .... ”

ယိဖျောင်းရှမ်းက စဉ်းစားလိုက်၏။

သူမ၏ အခြေအနေမှာ ဆိုးရွားနေ၏။



ဟူရှန်ဖုံနှင့် မပူးပေါင်းလျှင်လည်း မီးရှို့ခံရကာ သေမည်ဖြစ်၏။ ယခု ဟူရှန်ဖုံရှိနေခြင်းက သူမ အသက်ရှင်နိုင်ခွင့် ရှိနေသေးသည်။ အကယ်၍ ဟူရှန်ဖုံကသာ သတ်လျှင် မီးရှို့မခံရမီ သေသွားနိုင်သည်။

ထို့ကြောင့် သူမက သဘောတူလိုက်၏။

“ကောင်းပြီလေ .... ကျွန်မတို့ ဘယ်လိုပြန်ပြီး ခုခံမလဲ .... ဆရာကြီးပဲ စီစဉ်ပါ .... ကျွန်မကတော့ ဆရာကြီး အကြံပေးတဲ့အတိုင်း ခံပါ့မယ် .... ”

ထိုစဉ် ထင်းရှူးမီးတုတ်တစ်ခု အောက်သို့ကျလာ၏။

ဟူရှန်ဖုံက ကောက်ယူကာ ပြန်ပစ်တင်လိုက်၏။

ထိုစဉ် နောက်ထပ် မီးတုတ်တစ်ခုက ဝင်လာပြန်၏။

ယိဖျောင်းရှမ်းက ....

“ကဲ .... ကျွန်မကို လွှတ်ဦး၊ အကုန်မီးလောင်ကုန်မယ်”

ဟူရှန်ဖုံက ကြိုးကို လွှတ်ပေးလိုက်၏။ ယိဖျောင်းရှမ်း အနှောင် ...မှ လွတ်သွားလေပြီ။ ဤသည်ကား ပထမခံစားခွင့်ပေတည်း။

ယိဖျောင်းရှမ်းက မီးတုတ်ကို ကောက်ကာ ပြန်ပင်တင်လိုက်

...

အပေါ်၌ ဆူညံသောအသံများ ကြားလိုက်ရ၏။

ဟူရှန်ဖုံက ယိဖျောင်းရှမ်းကိုရော စင်ယောက်ကိုပါ သတိပေး ...၏။

“စင်ယောက် .... ဒီမိန်းကလေး ထွက်သွားလို့ ရန်သူတွေ သူ ...ာ် မဲလိုက်နေချိန်မှာ ငါတို့ တစ်ဘက်က ထွက်ရမယ် .... ”

www.burmeseclassic.com

www.burmeseclassic.com



စင်ယောက်က တာဝန်ခံ၏။

"စိတ်ချပါ အစ်ကိုကြီး .... ဆရာကြီးကို ထမ်းပြေးနိုင်ပါတယ်"

စင်စစ် ဟူရှန်ဖုံမှာ ခြေထောက်တစ်ဖက် လေဖြတ်သလို ဖြစ်နေခြင်းကြောင့် ဤမျှ စိတ်ပင်ပန်းနေရခြင်း ဖြစ်သည်။ အအေးလည်း ဝါးသိုင်းကို ထုတ်သုံးခြင်းသည် သူ့ဒုက္ခ သူရှာခဲ့ခြင်းပင်။

မြေအောက်ခန်းဝမှ ပုလိချို၏ အော်သံထွက်လာ၏။

"ကောက်ရိုးယူလာခဲ့ .... အဝကနေ ပိတ်ပြီး မီးရှို့ပစ်မယ်"

ထိုစဉ် ယိဖျောင်းရှမ်းတစ်ယောက် အပေါ်သို့ ခုန်တက်လာလေ၏။

မွန်ဂိုတပ်သားများက ယိဖျောင်းရှမ်းအား ဝိုင်း၍ ခုတ်ထစ်ကြသည်။ ယိဖျောင်းရှမ်းသည် ဂေဟာအနောက်ဘက်သို့ ဖောက်ထွက်ရန် ကြိုးစားလေ၏။

ထိုအခိုက် အဘိုးအိုတစ်ယောက်က အပေါက်ဝ၌ ပေါ်လာလေသည်။

ဟူရှန်ဖုံမှာ လမ်းမလျှောက်နိုင်ပါ။

စင်ယောက်က ကျောပိုးထား၏။

အောက်မှ တက်လာသောအခါ ဟူရှန်ဖုံက အရင်ပေါ်လာ၏။

သူ၏ရုပ်ရည်မှာ ဝိန်လိုကာ အကြည့်ရဆိုး၏။

သူ့အား မြင်တွေ့လိုက်သောအခါ မွန်ဂိုတပ်သား ထိတ်လန့်သွား၏။ မိစ္ဆာလော။

ဟူရှန်ဖုံက လက်မနှေးပါ။



အပေါ်သို့ရောက်သည်နှင့် လက်နှစ်ဖက်ကို တစ်ပြိုင်တည်း ဝှေ့ယမ်းလိုက်လေသည်။

"ဝှစ် .... ဝှစ် .... ဝှစ် .... "

သူ၏ ဝှေ့ယမ်းပုံမှာ မြန်ဆန်လှသဖြင့် လှုပ်လိုက်သည်ဟုပင် မထင်ရပါချေ။

မွန်ဂိုတပ်သားများမှာ အတော်များများ လဲကျသွားလေသည်။

အားလုံးက လက်နက်ပုန်းနှင့်ပစ်သည်ဟု မထင်ပါ။

မိစ္ဆာဟုသာ ထင်မှတ်ကြပြီး ....

"မိစ္ဆာ .... မိစ္ဆာ .... "

ဟု အော်ဟစ်ကာ ထွက်ပြေးကြသည်။

သိုင်းသမားလိက အခြေအနေကို ပြန်ထိန်းလိုက်၏။

"ဒါ မိစ္ဆာမဟုတ်ဘူး .... လူပဲ မကြောက်နဲ့ ပြန်တိုက်ကြ"

ဟူရှန်ဖုံက ရယ်မောလိုက်၏။

သူ၏ရယ်သံမှာ အေးစက်ကာ ငှက်ဆိုးထိုးသံနှင့် မခြားပေ။

ကြားရသူတိုင်းအဖို့ ကြက်သီးမွေးညင်းများပင် ထပြီး နောက်ဆုတ်သွားမိကြ၏။ အလင်းရောင် လုံလောက်စွာမရသောနေရာ၌ ဟူရှန်ဖုံ၏မျက်နှာသည် တကယ့်မိစ္ဆာနှင့် တူလှတော့သည်။

ဟူရှန်ဖုံက သိုင်းသမား လိအား တစ်ချက်စိုက်ကြည့်လိုက်၏။

ထို့နောက် စင်ယောက်အား ရှေ့တိုးခိုင်းလိုက်၏။

စင်ယောက် လျင်မြန်စွာပင် သိုင်းသမားလိထံသို့ တိုးဝင်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



ဟူရှန်ဖုံက လက်နှစ်ဖက်ကို ရှေ့သို့တွန်းထုတ်ကာ ....

"သွားစမ်း .... "

ဟု အော်ငေါက်လိုက်လေသည်။

"ဝုန်း .... "

သိုင်းသမားလိမ္မာ ငေးကြောင်နေမိသဖြင့် ဟူရှန်ဖုံ၏ လက်ဝါး ရိုက်ချက်ထိကာ လွင့်စဉ်သွားသည်။

"ဝေါ့ .... "

သူသည် သွေးတစ်ချက် ထိုးအန်ကာ ပွဲချင်းပြီး သေဆုံးသွား၏။

ထိုအခါ သိုင်းသမား တိနို့နှင့် မွန်ဂိုသိုင်းဆရာ ပုလိချိုတို့ ထိတ်လန့်သွားကြ၏။

သူတို့လည်း ယှဉ်ပြိုင်တိုက်ခိုက်ရန် မဝံ့တော့ပါ။

အားလုံး စိတ်ဓာတ်ကျကာ အခန်းတွင်းမှ ဖရိုဖရဲ ထွက်ပြေးကြလေတော့သည်။

မကြာခင် အခန်းထဲ၌ မည်သူမျှ ရှိမနေကြတော့ပေ။

ဟူရှန်ဖုံက ရယ်လိုက်၏။

"ကောင်မလေး .... နင် လွတ်ရာကို ပြေးပေတော့"

ယိဖျောင်းရှမ်းက ဘာမျှဆက်ပြောမနေတော့ပါ။

ထိုနေရာမှ ပြေးထွက်လာခဲ့၏။

စင်ယောက်လည်း ဟူရှန်ဖုံကို ကျောပိုးကာ ယိဖျောင်းရှမ်းနှင့် ဆန့်ကျင်ဘက်အရပ်သို့ ပြေးသွားလေသည်။



ယိဖျောင်းရှမ်းသည် ပြေးလာရင်း ဟန်စုချင်ကို သတိရမိ၏။ ထိုအခါ သူမတစ်ယောက်တည်း လက်လွတ်ထွက်ပြေးနိုင်သည့် အစီအစဉ်ကို ပယ်ဖျက်လိုက်လေတော့သတည်း။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၅၃)

## ဟူတာနုံး၏တပည့်တစ်ဦး

ဟန်စုချင်မှာ မွန်ဂိုသိုင်းသမားများနှင့် တိုက်ခိုက်နေခဲ့ရ၏။

သူမမှာ အများနှင့်တစ်ယောက်မို့ တဖြည်းဖြည်း အရေးနိမ့်လာသည်။

ပြေးရန်အခွင့်ကိုသာ စောင့်သော်လည်း အခွင့်အရေးမရပေ။ သို့သော် ရုတ်ကြမ်တ် ဂေဟာအနောက်ဘက်မှ အော်ခေါ်သံများ ကြားရပြီး မွန်ဂိုအချို့က ဂေဟာအနောက်ဘက်သို့ ပြေးသွားသဖြင့် သူ့အား တိုက်ခိုက်နေသူများ လျော့သွားသည်။

"ချွမ်း .... ချလွမ်း .... လွမ်း .... "

ဟန်စုချင်သည် ခပ်ကြမ်းကြမ်း တိုက်ထုတ်ပစ်ရာ မွန်ဂိုသုံးယောက် နောက်ဆုတ်သွားကြသည်။ သူမ အခွင့်အရေးရလေပြီ။ သူမသည် ဝင်းနံရံပေါ် ခုန်တက်ပြီး ထိုမှတစ်ဆင့် အခြားအိမ်ခေါင်မိုး တစ်ခုပေါ်သို့ ခုန်တက်လိုက်၏။ ထိုအိမ်ခေါင်မိုးပေါ်၌ အခြားသူတစ်ဦး ရှိနေကြောင်း သိလိုက်ရသည်။



ထိုလူက ဟန်စုချင် ခေါင်မိုးပေါ် ရောက်လာသည်နှင့် ဆီးကြိုကာ တိုက်ခိုက်တော့သည်။

ဟန်စုချင်မှာ ထိတ်လန့်သွား၏။

သူမအဖို့ ရှောင်တိမ်းရန် မလွယ်ကူပါ။ ထိုရန်သူသည် သိုင်းပညာ အတော်ကောင်းသည်။

ထို့ကြောင့် အောက်သို့ပြန်လည်ခုန်ဆင်းလိုက်ရပြန်သည်။

ထိုအခါ ပိုက်ကွန်တစ်ခုသည် သူမထံသို့ လွင့်ပျံလာတော့၏။

ထိုပညာမှာ မွန်ဂိုများ၏ ထက်မြက်သော ပညာဖြစ်၏။ သူတို့သည် လွန်စွာ ကျွမ်းကျင်ကြသည်။

ဟန်စုချင်မှာ မရှောင်နိုင်ဘဲ အမိခံရတော့မည်ကဲ့သို့ ဖြစ်လာ၏။

ဟန်စုချင်သည် ပိုက်ကွန်ကိုခုတ်ဖြတ်ပြီး လွတ်မြောက်ရန် ကြိုးစားသည်။

သို့သော် ရှုန်းမရပါ။

ထိုစဉ် အလင်းတန်းတစ်ခုက ပိုက်ကွန်ဆီသို့ ရောက်လာပြီး ပိုက်ကွန်ကို ဖြတ်တောက်လိုက်သည်။

ပိုက်ကွန်ပစ်သော မွန်ဂိုသည် သူ၏နောက်သို့ ကြည့်လိုက်၏။

သူ့အဖို့ ဘာမျှမတွေ့လိုက်ရပါ။

သူသည် နောက်စေ့ကို အရိုက်ခံလိုက်ရပြီး မေ့မြောသွားလေတော့သည်။

သူ၏နောက်မှ စာပေသမားလူငယ် ပေါ်ထွက်လာလေသည်။

www.burmeseclassic.com



သူ၏နံဘေး၌ လုစုကလည်း ရပ်နေ၏။

ထိုစဉ် မွန်ဂိုတပ်သား ဆယ်ဦးခန့် နောက်ဘက်မှ ရှေ့ဘက်သို့ ပြေးလာကြသည်။ ဆူညံသည့်အသံများ ဟိန်းထွက်လာသည်။

ပုလိချိုကလည်း ရောက်ရှိလာလေသည်။

စာပေသမားလူငယ်က ဟန်စုချင်အား ခေါင်မိုးပေါ်သို့ ညွှန်ပြပြီး ....

"မိန်းကလေး ရှေ့ကသွားပါ၊ နောက်က အန္တရာယ် ကျုပ် ဟန့်တားပေးပါ့မယ် .... "

ဟန်စုချင် ဘာမျှမစဉ်းစားတော့။ ပထမတစ်ကြိမ် ပြေးတုန်းကလို အိမ်ခေါင်မိုးပေါ် ခုန်တက်ပြေးလွှားတော့သည်။ ဒီတစ်ကြိမ်၌ တားဆီးသူ မရှိတော့ပေ။

သို့သော် စာပေသမားလူငယ်မှာမူ မွန်ဂိုတို့၏ ဝိုင်းဝန်းတိုက်ခိုက်ခြင်းကို ခံနေရသည်။

စာပေသမားလူငယ်က အချုပ်အနှောင်ကြားမှ အထွက်၌ — လက်ပြန်တစ်ချက် ရိုက်ချလိုက်၏။

သူ၏ တိုက်ခိုက်မှုသည် အလွန်တရာမှ ရိုးစင်းလေသည်။

သို့သော် ပုလိချိုသည် မရှောင်တိမ်းနိုင်ခဲ့ချေ။

နောက်သို့ လွင့်စဉ်ကာ လဲကျသွားလေတော့သည်။

မွန်ဂိုတပ်သားများမှာ ထိတ်လန့်သွား၏။

စာပေသမားလူငယ်က ရယ်မောလိုက်ပြီး ....

"လုစု .... တို့ သွားကြစို့"



ဆရာတပည့်နှစ်ယောက်သည် အိမ်ခေါင်မိုးပေါ်သို့ ပေါ့ပါးစွာ ခုန်တက်လာ၏။ အိမ်ခေါင်မိုး သုံးခုအလွန်တွင် ဟန်စုချင်နှင့် ပြန်တွေ့သည်။

ဟန်စုချင်က ....

"ရှင် လွတ်လာပြီလား .... "

"ဟုတ်တယ် .... လွတ်လာပြီ၊ မင်း ဒဏ်ရာများ ရလိုက်သေးသလား .... "

"မရပါဘူး .... ကျွန်မမှာ အဖော်တစ်ယောက် ပါသေးတယ်၊ သူ့ကို မွန်ဂိုတွေ ဖမ်းမိသွားပြီလား မသိဘူး .... "

စာပေသမားလူငယ်က ....

"ဩော် .... ဟုတ်သားပဲ၊ မင်းမှာ အဖော်တစ်ယောက် ရှိသေးတာပဲ၊ ကိစ္စမရှိပါဘူး .... ဟိုမှာ လာနေပြီ .... "

သူသည် အခြားအိမ်ခေါင်မိုးပေါ်သို့ လက်ညှိုးထိုးပြလိုက်၏။

ဟန်စုချင် ကြည့်လိုက်ရာ အိမ်ခေါင်မိုးပေါ်မှ လူရိပ်တစ်ရိပ် ပြေးလာသည်ကို တွေ့ရလေ၏။

မှန်ပါသည်။ ယိဖျောင်းရှမ်းပင် ဖြစ်သည်။

ယိဖျောင်းရှမ်းသည် ဆံပင်ဖားလျား ဖြစ်နေ၏။

လက်ထဲ၌လည်း ဓားတစ်လက် ကိုင်ထား၏။ တကယ့်သိုင်းသမလေးနှင့် တူနေသည်။ ဟန်စုချင် ဝမ်းသာသွား၏။

"ညီမလေး .... ငါ ဒီမှာ"

ဟန်စုချင်က ဝမ်းသာအားရ အော်ဟစ်လိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ယိဖျောင်းရှမ်းက ဟန်စုချင်၏အသံကြားသဖြင့် ပြေးလာသည်။

"မမ လွတ်လာပြီလား .... ဝမ်းသာလိုက်တာ"

"ညီမလေး ဘယ်ရောက်နေတာလဲ .... "

"ဟူရှန်ဖုံ ကျွန်မနဲ့ တွေ့ခဲ့တယ် .... သူ မသေသေးဘူး .... သူ မြို့ထဲရောက်နေတာ အံ့သြစရာမကောင်းဘူးလား .... "

ဟန်စုချင်မှာ အကြီးအကျယ် ထိတ်လန့်သွားတော့သည်။

"ညီမလေး .... နင့်ကို အန္တရာယ်မပေးဘူးလား"

ယိဖျောင်းရှမ်းက သက်ပြင်းချရင်း ....

"ပြောရရင် အရှည်ကြီးပဲ .... ဒီမှာ ဆက်နေဖို့ မသင့်တော့ဘူး။ တစ်မြို့လုံး အုတ်အော်သောင်းနင်း ဖြစ်နေပြီ .... "

စာပေသမား လူငယ်သည် သူတို့၏ စကားကို စိတ်ဝင်စားသွား၏။ သူက ရုတ်တရက် ဝင်မေးလာ၏။

"ဟူရှန်ဖုံ ဟုတ်လား .... "

ယိဖျောင်းရှမ်း အံ့သြသွား၏။ ခက်ထန်သော မျက်လုံးများဖြင့် ပြန်ကြည့်သည်။

ထိုအကြည့်ကို ဟန်စုချင် သိ၏။

"ညီမလေး .... မမ မွန်ဂိုတွေရဲ့ လက်ထဲက လွတ်လာအောင် သူ ကယ်တင်ပေးလို့ကွယ် .... "

ယိဖျောင်းရှမ်း၏ တင်းမာနေသော မျက်နှာထားသည် ချက်ချင်း လျော့ကျသွား၏။

"အင်း .... သူက မဟာမိတ်ကိုး .... "



သူမသည် စိတ်ထဲမှ ထိုသို့ပြောပြီး နှုတ်မှလည်း ....

"ဟုတ်ပါတယ် .... ဟူရှန်ဖုံပါ"

"မီးကျွန်းက အရိုးဖြူဂိုဏ်းချုပ် ဟူရှန်ဖုံလား .... "

"မှန်ပါတယ် .... အရိုးဖြူဂိုဏ်းချုပ် ဟူရှန်ဖုံပါ .... "

စာပေသမား လူငယ်က အရေးကြီးသောလေသံဖြင့် ပြော၏။

"ဒါဆိုရင် မြို့ပြင်ကို ထွက်ကြရအောင် .... ဒီမှာ မွန်ဂိုတွေ သောင်းသောင်းညံနေပြီ .... မြို့ပြင်ကျမှ ဆွေးနွေးကြတာပေါ့"

အားလုံးက ခေါင်းညိတ်ကာ ရှေ့ဆင့်နောက်ဆင့် ထွက်ပြေးသွားကြလေတော့သည်။

ယိဖျောင်းရှမ်းတို့လေးယောက် ပြေးလွှားလာခဲ့ရာ မြို့ပြင်အရှေ့ဘက် တောင်ကုန်းရောက်မှသာ ရပ်နားလိုက်ကြသည်။

ထို့နောက် စာပေသမားလူငယ်က မိန်းကလေးနှစ်ဦးကို ဂါရဝပြုပြီး ....

"ကဲ .... ကိုယ့်ကိုယ်ကိုယ်ပဲ မိတ်ဆက်လိုက်ဦးမယ် .... ကျုပ်နာမည်က ကျောက်ချန်ယင်ပါ .... "

သူသည် ဟူတန်းဂိုဏ်းမှ ယက်ချင်ရှင်း၏ တပည့်တစ်ယောက်ဖြစ်ကြောင်း .... ၊ လုစုမှာလည်း သူကဲ့သို့ပင် မိဘမဲ့တစ်ယောက်ဖြစ်ကြောင်း။

သူ၏ဆရာမှာ တပည့်တစ်ယောက်သာ ထားခွင့်ရှိသဖြင့် သူက လုစုအား တပည့်အဖြစ် သတ်မှတ်ကာ သိုင်းပညာ သင်ပေးခဲ့ကြောင်း၊ အကယ်စင်စစ်တွင်မူ သူနှင့် လုစုတို့သည် ဆရာတပည့်ထက်၊ မိတ်

www.burmeseclassic.com

www.burmeseclassic.com



ဆွေသူငယ်ချင်းတစ်ဝက် ဖြစ်ကြောင်း။

ယခု ပညာစုံ၍ သိုင်းလောကသို့ ထွက်လာခြင်းဖြစ်ကြောင်း ပြည့်စုံစွာ ပြောပြသည်။ ယခု သူသည် နောက်ရှုတ်ခြင်း မရှိတော့ပေ။ သူတို့၏ ကျေးဇူးရှင်ဖြစ်နေခြင်းကြောင့်လည်းကောင်း၊ တည်ကြည်စွာ ဆက်ဆံခြင်းကြောင့်လည်းကောင်း ယိဖျောင်းရှမ်းနှင့် ဟန်စုချင်တို့က သူတို့အကြောင်းများ ပြောပြကာ ပြန်လည်မိတ်ဆက်ကြသည်။

ကျောက်ချန်ထင်က ….

"ဒါထက် စောစောက အရိုးဖြူဂိုဏ်းချုပ် မသေသေးဘူး … တွေ့ခဲ့တယ်ဆိုတာ အမှန်ပဲလား …. "

ကျောက်ချန်ထင်မှာ ဟူရှန်ဖုံအကြောင်း သိထား၏။ အဘယ်မှာလျှင် မသိဘဲနေအံ့နည်း။ ဟူရှန်ဖုံသည် ဟူတန်းဂိုဏ်း၏ ရန်သူနံပါတ်တစ် ဖြစ်ပေသည်။

ယိဖျောင်းရှမ်းက သူတို့လူစု မိစ္ဆာကျွန်း၌ ဟူရှန်ဖုံနှင့် တိုက်ခိုက်ခဲ့ပုံများ။

သူတို့ မြို့စားသားအဖအား ဝင်ရောက်လုပ်ကြံစဉ် မဖျော်လင့်ဘဲ မြေအောက်ခန်း၌ ဟူရှန်ဖုံအား တွေ့ခဲ့ပုံများ ပြောလိုက်၏။

ထိုအခါ ဟန်စုချင် မျက်နှာပျက်သွားသည်။

"ဟူရှန်ဖုံဟာ နောက်ထပ် ရက်နည်းနည်းကြာကြာ အနားယူရရင် ပြန်ကောင်းလာမှာပဲ …. ဒါဆိုရင် သူဟာ သိုင်းလောကကို ဒုက္ခပေးတော့မယ် …. ဒီလူဟာ ကိုယ့်တိုင်းပြည်ကို သူစာစ်ပါး လာအုပ်ချုပ်နေတာကို လျစ်လျူပြုပြီး ကိုယ့်အမျိုးသားချင်းချင်း ဒုက္ခပေးဖို့



စဉ်းစားနေတယ် …. "

ကျောက်ချန်ထင်က ….

"ဒါတော့ သေချာတယ်၊ ဒီလူဟာ ဟန်တရုတ်တွေရဲ့ တကယ့်ရန်သူပဲ …. "

ဟန်စုချင်က ….

"ဒါနဲ့ စင်ဝေါင်ရဲ့ညီ စင်ယောက်ကိုကော တွေ့သလား"

ယိဖျောင်းရှမ်းက ….

"တွေ့ခဲ့တယ် …. "

"သူကော လူစိတ်ရှိသေးသလား …. "

"လူစိတ်တော့ ရှိပါတယ် …. ဒါပေမယ့် သူက ဟူရှန်ဖုံကို ဆရာကြီးလို့ ခေါ်နေတယ် …. ဆရာတင်ထားပုံရတယ် …. "

ထိုစဉ် ညအမှောင်မှာ တဖြည်းဖြည်း လွင့်ပြယ်လာ၏။ ရောင်နီသမ်းလာသည်။

ဟန်စုချင်က ….

"အင်း …. မိုးတောင်လင်းတော့မယ်၊ တို့ နားဖို့ နေရာတစ်ခုရှာမှပဲ …. "

ယိဖျောင်းရှမ်းက သတိရလာ၏။

သူတို့ တစ်ညလုံး ပင်ပန်းခံပြီး ရည်မှန်းချက် မအောင်မြင်ခဲ့ပါ။ စင်ဆန်ကွေတို့၏ တံငါရွာသို့ ပြန်သော်လည်း ပြောစရာသတင်း မလှပပါ။

ထို့ကြောင့် မပြန်ချင်ဘဲ ဖြစ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ယိဖျောင်းရှမ်းက ....

"သွားစရာ ဘယ်နေရာရှိလို့လဲ .... "

ဟန်စုချင်က ....

"တံငါရွာကိုပဲ ပြန်ကြတာပေါ့ .... "

"ပြန်လို့ သတင်းမှ မလှဘဲ .... ဆတ်စုကောင်းအတွက် လက်စားမချေနိုင်ခဲ့ဘူးလေ .... "

"ကိစ္စမရှိပါဘူး .... အဲဒီမှာ နားတာ ပိုကောင်းတယ်၊ ဘေးကင်းတယ် .... "

ယိဖျောင်းရှမ်းက ဘာမျှပြန်မပြောတော့ချေ။ အမှန်တကယ်အားဖြင့် တံငါရွာသည်သာ ဘေးရန်အကင်းဆုံး နေရာဖြစ်ပေသည်။

ဟန်စုချင်က ....

"စင်ဆန်ကွေကို သူ့သား စင်ယောက်ဟာ ဟူရှန်ဖုံရဲ့တပည့်ခံတဲ့အကြောင်း ပြောပြမှဖြစ်မယ် .... သူ့သား မသေဘူးဆိုရင် ဝမ်းသာမှာပါ .... "

သူမသည် ကျောက်ချုန်ထင်ဘက် လှည့်လိုက်ပြီး ....

"ရှင်တို့လည်း သွားစရာမရှိသေးရင် ကျွန်မတို့နဲ့ တံငါရွာ လိုက်လာခဲ့ပါလား .... ဟူရှန်ဖုံ နှိမ်နင်းဖို့ကိစ္စ ဆက်ဆွေးနွေးကြတာပေါ့ .... "

ကျောက်ချုန်ထင်က တစ်ချက်စဉ်းစားလိုက်၏။

"ကောင်းပါတယ် .... ဒါဟာ အရေးကြီးတဲ့အချက်ပါပဲ"

ခေါင်းညိတ်သဘောတူလိုက်၏။



ဟန်စုချင်မှာ ကျောက်ချုန်ထင် လိုက်မည်ဆိုသောအခါ ဝမ်းသာသွားသည်။ ကျောက်ချုန်ထင်သည် သူမကို ကယ်တင်ခဲ့သူ မဟုတ်ပါလော။

ယိဖျောင်းရှမ်း၊ ဟန်စုချင်၊ ကျောက်ချုန်ထင်နှင့် လုစုတို့ လေးယောက်သည် စင်ဆန်ကွေတို့၏ တံငါရွာကလေးဆီသို့ ခရီးဆက်ခဲ့ကြလေတော့၏။

စင်ဆန်ကွေတို့သားအဖနှစ်ယောက်မှာ ပင်လယ်သို့ ငါးဖမ်းမထွက်ကြချေ။ စင်ဆန်ကွေသည် သားအတွက် လွန်စွာ ရတက်ပွေနေသည်။

ယိဖျောင်းရှမ်းတို့ထံမှ ရမည့် သား၏သတင်းကို စောင့်နေ၏။

ထိုစဉ် ယိဖျောင်းရှမ်းတို့လူစု ပြန်ရောက်လာသည်။ စင်ဆန်ကွေတို့ အူလှိုက်သည်းလှိုက် ပြေး၍ ကြိုဆိုကြသည်။

ယိဖျောင်းရှမ်းတို့နှင့် လူငယ်နှစ်ယောက် ပါလာသည်ကို တွေ့လိုက်ရသောအခါ အံ့ဩသွားသည်။ သို့သော် သိုင်းသမားပုံသဏ္ဌာန်ရှိနေခြင်း၊ စာပေသမားပုံသဏ္ဌာန် ရှိနေခြင်းကြောင့် အထင်မသေးဝံ့ကြပေ။

"မိန်းကလေးတို့ မြို့စားသားအဖ အယုတ်တမာကောင် နှစ်ကောင်ကို တွေ့ခဲ့သလား .... "

ဟန်စုချင်က ....

"တွေ့ခဲ့ပါတယ် .... "

ယိဖျောင်းရှမ်းက ဝင်၍ပြော၏။

www.burmeseclassic.com

www.burmeseclassic.com



"သူတို့တင် မကဘူး .... ရှင့်ရဲ့ သားငယ်ကိုကော တွေ့ခဲ့တယ် ရှင် .... "

စင်ဝေါင်က စိုးရိမ်တကြီး ဝင်မေးသည်။

"ကျုပ်ညီကို ဟူရှန်ဖုံက မသတ်သေးဘူးပေါ့နော် .... "

ဟန်စုချင် ခေါင်းညိတ်လိုက်၏။

"စိတ်ချ .... ရှင့်ညီကို ဟူရှန်ဖုံက သတ်မှာမဟုတ်ဘူး .... သူ့အတွက် ရှင့်ညီက လိုအပ်နေပြီ .... ရှင့်ညီ သေမှာကိုတော့ မပူပါနဲ့"

စင်ဝေါင်က နားမလည်နိုင်အောင် ဖြစ်သွား၏။ သူသည် တံငါသည် သားမျှသာ ဖြစ်ပါသည်။

ထို့ကြောင့် သူက ပြန်မေးသည်။

"ခင်ဗျာ .... ကျွန်တော့်ညီအတွက် မပူရတော့ဘူး၊ ဟုတ်လား"

ဟန်စုချင်က ....

"ရှင့်ညီဟာ ဟူရှန်ဖုံနဲ့ ပူးပေါင်းပြီး တပည့်ခံလိုက်ပြီရှင့် .... ဆရာကြီး .... ဆရာကြီးနဲ့ အင်မတန်ကို ရိုသေလေးစားနေတာ"

စင်ဆန်ကွေမှာ မျက်နှာပျက်သွား၏။

သူက အံ့ဩသောလေသံဖြင့် ....

"သားငယ်က ဘာကြောင့် ဟူရှန်ဖုံကို ဆရာတင်ရသလဲ .... သူ့ဘာသာတော့ ဆရာတင်မယ် မထင်ပါဘူး လုံမလေးရယ် .... ဟူရှန်ဖုံက ဆေးတွေဘာတွေ တိုက်သလားမှ မသိတာ .... "

ဟူရှန်ဖုံသည် အဆိပ်ဆေး၊ အတိတ်မေ့ဆေး တိုက်ကာ လူများကို မိစ္ဆာကောင်သဖွယ် ခိုင်းစေခဲ့ကြောင်းကို ယိဖျောင်းရှမ်းတို့က ပြော



ပြထားသဖြင့် စင်ဆန်ကွေက ထိုစကားကို ပြောခြင်းဖြစ်သည်။

ယိဖျောင်းရှမ်းက ဝင်၍ ရှင်းပြ၏။

"အဲဒီလိုတော့ မဟုတ်ဘူး .... လူတစ်ယောက်က အဆိပ်မိပြီးမှ ဆရာတင်တာ အမိန့်နာခံတာ မဟုတ်ဘူး .... အခု ရှင့်တို့သားက လေးလေးစားစားနဲ့ ဆရာလို့ ခေါ်တာ .... သူ့နဂိုစိတ်ရင်းနဲ့ကို ဆရာတင်နေတာပါ .... "

စင်ဆန်ကွေမှာ မျက်ရည်များ စီးကျလာ၏။

ဆို့နင့်သော လေသံဖြင့် ....

"ကယ်ကြပါဦးဗျာ .... ကျုပ်မှာ ဒီသားနှစ်ယောက်ပဲ ရှိတာ၊ လုပ်ပါဦး .... ကျုပ်သားကို ကယ်ကြပါဦးဗျာ .... "

ထိုအခိုက် ကျောက်ချန်ထင်မှာ မရှိတော့ပါ။

လုစုသာ ကျန်ခဲ့၏။

ဟန်စုချင်က အံ့ဩသွားပြီး ....

"လုစု .... ကျောက်ချန်ထင် ဘယ်ရောက်သွားသလဲ"

လုစုက ရယ်မောကာ ....

"ကျုပ်လူရဲ့ စိတ်ဟာ ထူးဆန်းတယ် .... သူက လူတွေက တောင်းပန်ပြောဆိုတာကို မကြိုက်ဘူး၊ ငိုသံကြားရင်လည်း မနေတတ်ဘူး .... ဒါကြောင့် သူ အပြင်ထွက်ရှောင်သွားတာပဲ ဖြစ်ပါလိမ့်မယ်"

ယိဖျောင်းရှမ်းက စင်ဆန်ကွေအား နှစ်သိမ့်လိုက်၏။

"စိတ်မပျက်ပါနဲ့ရှင် .... ကျွန်မတို့ တတ်နိုင်သလောက် ကြိုးစားပေးပါ့မယ်လို့ ကတိပေးပါတယ်၊ အခုတော့ ခဏသည်းခံပါနော်"

www.burmeseclassic.com

www.burmeseclassic.com



စင်ဆန်ကွေမှာ ယိဖျောင်းရှမ်း၏ ကတိစကားကြောင့် များစွာ စိတ်သက်သာရာ ရသွား၏။

စင်ဆန်ကွေသည် .... ယိဖျောင်းရှမ်းတို့အား နေရာချထားပေးသည်။ ကျောက်ချန်ထင်နှင့် လုစုတို့အတွက် တဲတစ်တဲ၊ ဟန်စုချင်တို့အတွက် တဲတစ်တဲ ခွဲခြားပြီးထားပေးသည်။ စားစရာသောက်စရာများကိုလည်း စီစဉ်ပေးသည်။

အချိန်မှာ တရွေ့ရွေ့ ကုန်ဆုံးသွား၏။

ညနေစောင်း အချိန်သို့ပင် ရောက်လာလေပြီ။

သို့သော် ကျောက်ချန်ထင်မှာမူ ပြန်မလာသေး။

ဟန်စုချင်မှာ ကျောက်ချန်ထင်အတွက် စိတ်ပူသွား၏။

ထို့ကြောင့် လုစုအား ....

"ကျောက်ချန်ထင် ဘာလို့ ခုထက်ထိ ပြန်မလာသေးတာလဲ မသိဘူး .... အပြင်ပဲ လမ်းလျှောက်ပြီး မျက်စိလည်နေသလား မသိဘူး၊ ဒီတောင်ရွာကို သူ မရောက်ဘူးတော့ မျက်စိလည်ချင် လည်နေမှာ"

လုစုက ပခုံးတွန့်ပြကာ ....

"သူ့အတွက် မပူပါနဲ့၊ သူ့စိတ်ကို ကျုပ် နားအလည်ဆုံးပါ .... သူက ကိစ္စတစ်ခု ခေါင်းထဲဝင်တာနဲ့ ချက်ချင်းလုပ်တတ်တယ်၊ ပြီးရင် ပြန်လာမှာပါ .... နောက်ပြီး သူဟာ သိုင်းပညာကောင်းပါတယ်"

လုစုက စိတ်အေးလက်အေး နေနိုင်ပုံကို ဟန်စုချင်တို့ လွန်စွာ အံ့သြသွား၏။

ဟန်စုချင်က ....



"ဟင် .... ဒါဆို ဟူရှန်ဖုံ နောက်ကိုများ လိုက်သွားတာလား သိဘူး .... သူက တို့ထက် သိုင်းပညာ သာတာတော့ ဟုတ်တယ်၊ ဒါပေမယ့် ဟူရှန်ဖုံကိုတော့ ဘယ်နည်းနဲ့မှ နိုင်မှာမဟုတ်ဘူး .... ဟူရှန်ဖုံဟာ ဂိုဏ်းချုပ်ကြီးအဆင့် ရှိတယ်နော် .... "

လုစုကမူ အေးအေးဆေးဆေးပင်။

သူက ကျောက်ချန်ထင်၏ သိုင်းပညာကို ယုံကြည်ထား၏။

ထို့ကြောင့် သူက ....

"သူ့အတွက် မပူပါနဲ့၊ သူ ပြန်လာမှာပါ .... သူဟာ အမြဲတမ်း မျက်စိနား ဖွင့်ထားတတ်တဲ့လူပါ .... သူ့ကို တော်ရုံတန်ရုံနဲ့ ဒုက္ခမပေးနိုင်ပါဘူး .... "

နေလုံးဝင်သွားပြီးနောက် အမှောင်ဖုံးသွားသည့်အချိန်မှာပင် ကျောက်ချန်ထင် ပြန်ရောက်လာလေ၏။

သူ၏လက်ထဲ၌ သွေးစွန်းနေသော အဝတ်တစ်ထုပ် ပါလာ၏။

ဟန်စုချင်က ....

"ရှင် တစ်နေ့လုံး ဘယ်သွားနေတာလဲ .... "

ကျောက်ချန်ထင်က ပြုံးလိုက်ပြီး ....

"မြို့ထဲကို သွားတာပါ .... "

"ဘာသွားလုပ်တာလဲ၊ ကျွန်မတို့အားလုံး စိတ်ပူနေကြတယ်"

ကျောက်ချန်ထင်က အထုပ်ကိုမြှောက်ပြပြီး ....

"ဒီကိစ္စအတွက်ပါ .... "

သူသည် အထုပ်ကို ဖြေပြလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



အဝတ်ထုပ်ထဲ၌ နားရွက်တစ်စုံ ပါလာသည်ကို တွေ့မြင်လိုက်ရလေသည်။

ယိဖျောင်းရှမ်းနှင့် ဟန်စုချင်မှာ ထိတ်လန့်သွား၏။ သူတို့သိုင်းလောကထဲ ကျင်လည်ပြီးနောက် အခြေအနေအရ လူသတ်ခဲ့ဖူးကြသော်လည်း ရက်စက်မှုများကို မလုပ်ခဲ့ဘူးကြပါ။

"ဒါ ဘယ်သူ့နားရွက်လဲ ...."

ကျောက်ချန်ထင်က ....

"ဒါက မြို့စား ကျင်စန်လုံရဲ့ နားရွက်ပဲ ...."

ယိဖျောင်းရှမ်းက ....

"ရှင် ဘယ်လိုလုပ် ဖြတ်လာတာလဲ ...."

ကျောက်ချန်ထင်က ....

"ငါက မင်းတို့စကားကြားတော့ မြို့ကို ချက်ချင်းသွားတယ် ဒီမြို့စားသားအဖကို ဆုံးမဖို့ပါပဲ ...."

"မွန်ဂိုတွေ မရှိတော့ဘူးလား ...."

"မရှိတော့ဘူး .... မြို့စားရဲ့ ကိုယ်ရံတော်တပ်သားတွေပဲ ... တော့တယ်၊ မြို့စားသား ကျင်ကျိုမင်ဟာ ဒီမြို့မှာ လုံခြုံမှုမရှိတော့ဘူး ဆိုတာ သိသွားပုံရတယ် .... သူ ပြောင်းရွှေ့ဖို့ လုပ်နေပြီ .... မွန် တပ်သားတွေ မရှိတော့ သူ့ကို လွယ်လွယ်နဲ့ ဆုံးမခွင့်ရတာပေါ့ ... ဒါပေမယ့် သူဟာ ငါ့ကို သွေးရူးသွေးတန်း ခုခံတယ် .... သူ့ကို ... လောက်အောင် ဆုံးမဖို့တော့ မဟုတ်ပါဘူး .... ဒါပေမယ့် မြို့သူမြို့... တွေကို စော်ကားတာ များနေတော့ သူဟာ သေသင့်ပြီ ...."



ယိဖျောင်းရှမ်းက ....

"သူ သေသွားပြီလား ...."

ကျောက်ချန်ထင်က ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ် သေသွားတယ် .... လူမိုက်တစ်ဖတ် သိမ်းသွားတာပေါ့ .... သူ့အဖေ မြို့စားအာဏာအားကိုးနဲ့ မြို့သားတွေကို မစော်ကားနိုင်တော့ဘူးပေါ့ ...."

ကျောက်ချန်ထင်သည် ကျင်ကျိုမင်ကို တိုက်ခိုက်ပြီးသည်နှင့် မြို့စားဂေဟာ ခေါင်မိုးပေါ် ခုန်တက်ကာ ပုန်းအောင်းနေလိုက်သည်။

ကျင်ကျိုမင်၏ ဆူးရူသောအော်သံကြောင့် အစောင့်များ ပြေးထွက်လာကြ၏။

အလောင်းကို တွေ့သောအခါ ရန်သူကို အော်ဟစ်ပြီး နေရာအနှံ့ ရှာဖွေကြ၏။

မြို့စား ကျင်စန်လုံမှာ သူ၏သား သေဆုံးသောသတင်းကြောင့် တုန်လှုပ်သွား၏။

ကိုယ်ရံတော်များကို ခြံထဲ အနှံ့အပြား ရှာခိုင်းသည်။ ခြံထဲ၌ မတွေ့သောအခါ လမ်းများပေါ်သို့ ထွက်ရှာခိုင်းသည်။

ကျောက်ချန်ထင်မှာ အစောင့်အားလုံး ထွက်သွားသည်နှင့် မြို့စား ကျင်စန်လုံထံသို့ ခုန်ချဖမ်းဆီးလိုက်သည်။

မြို့စား ကျင်စန်လုံမှာ ကျောက်ချန်ထင်အား တွေ့သောအခါ ထိတ်လန့်သွား၏။ သူသည် တကယ်တမ်း သတ္တိရှိသူ မဟုတ်ပါ။

အော်ဟစ်ရန်ပင် သတိမရဘဲ တုန်လှုပ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် အသက်ကို ချမ်းသာပေးရန် တွင်တွင်တောင်းပန်နေတော့သည်။

ကျောက်ချန်ထင်သည် မွန်ဂိုသစ္စာခံ မြို့စားအား ပထမ သုတ်သင်ရန် စဉ်းစားထားသော်လည်း ခုခံခြင်းမရှိဘဲ တွင်တွင်တောင်းပန်နေသောကြောင့် ခွင့်လွှတ်လိုက်သည်။

နားရွက်နှစ်ဖက်ကိုသာ ပြစ်ဒဏ်ခတ်သည့်အနေနှင့် ဖြတ်ယူလာခဲ့ခြင်း ဖြစ်ပေသည်။ စင်ဆန်ကွေနှင့် စိတ်မန့်သူ ဆတ်စုကောင်းတို့သည် ကျောက်ချန်ထင်အား အကြိမ်ကြိမ် ဂါရဝပြုကြလေ၏။

အားလုံးမှာ ကျောက်ချန်ထင်၏စကားကို ကြားသောအခါ ကျောက်ချန်ထင်၏ပညာကို ချီးကျူးမိကြသည်။ ဟန်စုချင်တို့မှာလည်း ချီးကျူးမိကြ၏။ သူတို့မလုပ်နိုင်သည့် အလုပ်ကို ကျောက်ချန်ထင်က လွယ်လွယ်လုပ်နိုင်ခဲ့သည် မဟုတ်ပါလော။

ထိုသတင်းသည် တံငါရွာတစ်ခုလုံး ပျံ့နှံ့သွား၏။

ဆတ်စုကောင်းသည် လုံးဝ လူကောင်းဘဝသို့ ရောက်သွားသည်။

စင်ဆန်ကွေတို့၏ တံငါရွာတစ်ရွာလုံးသည် ညှေ့သည်လေးယောက်ကို ချီးကျူးကြ၏။ သူတို့၏ရွာ၌ စိတ်ကြိုက်နေပါရန် တောင်းပန်ကြပြီး ရိုစုမဲ့စု စားသောက်ဖွယ်ရာများ ပေးပို့ကြသည်။ သူတို့ကား တံငါရွာလေးအတွက် သူရဲကောင်းများ ဖြစ်နေကြတော့သည်။



အခန်း(၃၄)

## ဟူရှန်ဖုံ၏လျှို့ဝှက်ချက်

မွန်ဂိုများက ယိဖျောင်းရှမ်းနောက်သို့ မဲ၍လိုက်နေစဉ် စင်ယောက်နှင့် ဟူရှန်ဖုံတို့သည် လက်နက်ပုန်းများကို သုံးပြီး မြို့စားဂေဟာထဲမှ ထွက်လာခဲ့ကြ၏။

သူတို့သည် တစ်ညလုံး မြို့တွင်း၌ပုန်းအောင်းပြီး နံနက် မြို့တံခါးဖွင့်မှ မြို့ပြင်သို့ ထွက်လာခဲ့ကြသည်။ နံနက်စောစော ဝေလီဝေလင်း၌ ထွက်ခြင်းဖြစ်၍ မည်သူကမျှ သူတို့ကို ပြဿနာ မလုပ်ကြချေ။

စင်ယောက်မှာ နေ့ချင်းညချင်းပင် စိတ်ထားပြောင်းလဲသွား၏။ ဤသည် ဟူရှန်ဖုံ၏ ထူးခြားဆန်းကြယ်သော သိုင်းပညာစွမ်းကြောင့်ပင် ဖြစ်ပါ၏။

သူသည် ဟူရှန်ဖုံအား ပထမပိုင်း၌ ရွံမုန်းသည်။

ဟူရှန်ဖုံသည် ကောက်ကျစ်သော လူမဆန်သော လူယုတ်ယောက်ဟု ယုံကြည်၏။ ကြောက်လည်း ကြောက်၏။ ရွံမုန်းကြီး ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခု ဟူရှန်ဖုံ၏ သိုင်းပညာကို တွေ့သောအခါ သဘောကျသွားတော့သည်။ ဆရာသခင်အဖြစ် လွန်စွာ ကြည်ညိုလေးစားသွား၏။

ဒဏ်ရာပြင်းထန်စွာ ရနေချိန်၌ပင် ဟူရှန်ဖုံ၏ သိုင်းပညာထက်မြက်နေကြောင်း တွေ့ရသောအခါ သူ လေးစားသွားသည်။ ဤကဲ့သို့သော သိုင်းပညာမျိုး တတ်မြောက်လာလျှင် လူတကာကို ကြောက်ရွံ့ခဲ့ရသော သူ့ကို လူတကာက ပြန်လည်ကြောက်ရွံ့လာလိမ့်မည်ဟု တွေးမိလာ၏။

ထိုအတွေးများကြောင့် စင်ယောက်သည် ဟူရှန်ဖုံ၏ စိတ်ချရသော တပည့်တစ်ဦးအဖြစ်သို့ ရောက်ရှိသွားခြင်း ဖြစ်တော့သည်။

ဟူရှန်ဖုံသည် အချို့နေရာများ၌ လမ်းလျှောက်သော်လည်း အချို့နေရာများ၌မူ စင်ယောက်၏ ပခုံးပေါ်မှ ထိုင်လိုက်သည်။

"ဆရာကြီး .... ကျွန်တော်တို့ ဘယ်ကိုပြေးကြမလဲ"

ဟူရှန်ဖုံက တစ်ချက်စဉ်းစားလိုက်ပြီး ....

"အင်း .... တောထဲတောင်ထဲ ပုန်းလာတာ မလုံခြုံဘူး .... ဒီတော့ ပင်လယ်ကမ်းခြေဘက်ကိုပြေး .... "

စင်ယောက်မှာ ထိုစကားကြောင့် အံ့အားသင့်သွားသည်။

"ဆရာကြီး ကမ်းခြေမှာဆိုရင် ပုန်းအောင်းစရာ နေရာမှ မရှိဘဲ .... ဒီတော့ ရန်သူက လွယ်လွယ်တွေ့သွားမှာပေါ့ .... "

ဟူရှန်ဖုံက ပြုံးလိုက်ပြီး ....

"မင်း နားမလည်ပါဘူး .... ရန်သူတွေဟာ ငါတို့ကမ်းခြေမှာ ပုန်းမယ်လို့ ယူဆရမလား၊ ဒီလောက် ပုန်းစရာမရှိတဲ့နေရာကို ငါတို့



ပုန်းမှာမဟုတ်ဘူးလို့ တွက်ကြမှာပဲ .... ဒါကြောင့် ရန်သူ မထင်မှတ်တဲ့နေရာမှာ ပုန်းမယ် .... ငါတို့ လှေတစ်စင်းရရင် ပင်လယ်ထဲမှာ မျှောပြီးနေကြမယ်၊ ငါ့ဒဏ်ရာ ပျောက်ရင် ဘယ်သူ့ကိုမှ မမှုတော့ပါဘူး .... နောက်ပြီး မင်းရော ငါပါ ပင်လယ်ကို ကျွမ်းကျင်ကြတယ် မဟုတ်လား .... "

စင်ယောက်မှာ ထိုစကားကို ကြားသောအခါ ဝမ်းသာသွား၏။ မှန်သည်။ သူသည် တံငါသည် သားတစ်ယောက် မဟုတ်ပါလော။

"ဆရာပြောတာ မှန်တယ် .... "

သူတို့သည် ပင်လယ်ကမ်းခြေဆီသို့ ဦးတည်ကြလေတော့၏။

စင်ယောက်သည် စန်တူအော့ ပင်လယ်ကွေ့တစ်ဝိုက်၌ ကြီးပြင်းခဲ့ရသူ ဖြစ်၏။

ထို့ကြောင့် နေရာဒေသကို ကျွမ်းကျင်လှ၏။ ထိုဒေသ၌ မျက်စိမှိတ်ပြီး လမ်းလျှောက်နိုင်သူဖြစ်၏။ မကြာမီ သူတို့သည် ပင်လယ်ကမ်းခြေဆီသို့ ရောက်လာခဲ့ကြတော့သည်။

ထို့ပြင် တံငါလှေတစ်စင်းကိုလည်း ရှာရန် ခဲယဉ်းခြင်း မရှိပါ။

တံငါရွာတစ်ရွာအနီးသို့ ကပ်သွားပြီး လှေတစ်စင်းကို ခိုးယူခြင်းဖြင့် လှေတစ်စင်း ရရှိခဲ့ပါသည်။

သူတို့လို တံငါရွာများအဖို့ သူခိုးသူဝှက် မရှိပါ။

ထို့ကြောင့် လှေကို အစောင့်မထားကြသည့်အတွက်လည်း သူက လွယ်ကူစွာဖြင့် ခိုးလာနိုင်ခဲ့ခြင်း ဖြစ်ပါသည်။

ထို့နောက် သူတို့ဆရာတပည့်နှစ်ယောက်မှာ လှေကလေးဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ပင်လယ်ထဲသို့ မျှောချလိုက်ကြသည်။ ကျွန်းတစ်ကျွန်းကျွန်း၌ ဝင်ခိုရန် ကြံစည်ထားကြသည်။

ဟူရှန်ဖုံမှာ .... ပင်လယ်ပြင်သို့ရောက်မှသာ စိတ်သက်သာရာ ရသွား၏။

သူက ယိဖျောင်းရှမ်းအား မကြောက်ပါ။

သို့သော် သူမနှင့်အတူ လူထူးလူဆန်းသုံးယောက် ပါလာမည်ကိုတော့ စိုးရိမ်မိလေသည်။

ယခု သူ့ဒဏ်ရာမပျောက်မီ ရင်ဆိုင်တွေ့ပါက အသက်ရှင်ရန် မလွယ်ကူကြောင်း နားလည်ထား၏။ လူထူးလူဆန်း သုံးယောက်၏ ပူးပေါင်းတိုက်ကွက်ကို သူ ဖြိုဖျက်ရန် စဉ်းစား၍ မရသေးပါ။

ဟူရှန်ဖုံသည် ပင်လယ်တွင် ကျက်စားခဲ့သူတစ်ဦး ဖြစ်၏။

ထို့ကြောင့် စင်ယောက်ကဲ့သို့ပင် ပင်လယ်ကို ကျွမ်းကျင်လာသည်။

သူတို့အတွက် ရိက္ခာဟူ၍ ပူစရာမရှိပါ။

ပင်လယ်ရှိလျှင် ငါးရှိမည်ဖြစ်၏။ ကျွန်းတစ်ကျွန်းကျွန်းသို့ ကပ်လျှင် သစ်ဥသစ်ဖု ရှိမည် ဖြစ်ပါသည်။ ကနုကမာ ယောက်သွား စသည်တို့ကို ရှိမည် ဖြစ်ပါ၏။

ထို့ကြောင့် ဆရာတပည့်နှစ်ဦးသည် ရိက္ခာအတွက် လုံးဝမပူကြချေ။

သူတို့ သွားနေသည့် စန်တူအော့ ပင်လယ်ကမ်းခြေတစ်ဝိုက်တွင် သူတို့သည် ဘေးကင်းရာသို့ လှည့်ပတ်ခိုအောင်းကြ၏။



ဤသို့ဖြင့် သုံးရက်မျှ ကြာသွားလေသည်။

ထိုသုံးရက်အတွင်း ဟူရှန်ဖုံက စင်ယောက်အား လူထူးလူဆန်း သုံးယောက်၏အကြောင်း ....

မောင်စန်းတောင် စားသမားအကြောင်း ....

မိစ္ဆာကျွန်းမှ တိုက်ပွဲအကြောင်းများကို ပြောပြသည်။

ဟူရှန်ဖုံက ....

“ငါ .... မိစ္ဆာကျွန်းမှာတုန်းက လူထူးလူဆန်း သုံးယောက်နဲ့ ကျုံ့ဖေကို အလွယ်တကူ သတ်ပစ်နိုင်တယ် .... ဒါပေမယ့် ငါ ဘာကြောင့် ရှုံးခဲ့သလဲဆိုတော့ ငါ့ဇနီးနဲ့ သမီးက သစ္စာဖောက်ခဲ့လို့ပဲ .... ဒါနဲ့ ငါက စိတ်အရမ်းဆိုးပြီး မြန်မြန်ဆန်ဆန် ပွဲသိမ်းချင်တာနဲ့ မအောင်မြင်သေးတဲ့ သိုင်းပညာကို အသုံးပြုမိလို့ ဒီလိုဘဝ ရောက်ရတာပဲ”

စင်ယောက်က ခေါင်းညိတ်၏။

“ဆရာကြီးပြောတာ ကျွန်တော် ယုံတယ် .... ဆရာကြီးရဲ့ ပညာက အရမ်းကောင်းတာပဲ .... ဒီလူတွေကို ဆရာကြီး မုချနိုင်မှာပါ”

ဟူရှန်ဖုံက အံကြိတ်ပြီးပြော၏။

“အခု ငါ မင်းကို သိုင်းပညာသင်ပေးမယ် .... ငါ အသက်ရှင်နေတဲ့အချိန်ထိ ငါ့ဇနီးနဲ့ သမီးကို လက်စားမချေနိုင်ခဲ့ရင် ငါသေတဲ့အခါ ငါ့ကိုယ်စား မင်းက တာဝန်ယူဆောင်ရွက်ရမယ် .... သူတို့ကို အလွတ်မပေးရဘူး .... သိုင်းလောကမှာ ဆရာ့ကိုယ်စား ဆရာ့ရန်ငြိုးကို လက်စားချေပေးတဲ့တပည့်တွေ အမြောက်အမြားရှိတယ် .... မင်း လုပ်နိုင်မလား ....”

www.burmeseclassic.com

www.burmeseclassic.com



စင်ယောက်က ချက်ချင်းပင် ခေါင်းညိတ်သည်။

"စိတ်ချပါ ဆရာကြီး .... ဆရာကြီးရဲ့ တာဝန်ကို ကျွန်တော် ကြိုးစားဆောင်ရွက်ပါ့မယ် .... "

"အေး .... မင်း ကတိကို မမေ့နဲ့၊ မင်း သိုင်းပညာ ထူးချွန်လာအောင် သင်ပေးဖို့က ငါ့တာဝန် .... "

အချိန်များ တရွေ့ရွေ့ ကုန်သွား၏။

ရက်သတ္တနှစ်ပတ်မျှ အကြာ၌ ဟူရှန်ဖုံ၏ ခန္ဓာကိုယ်အောက်ပိုင်းမှာ ပြန်လည်ကောင်းမွန်လာသည်။

ထို့ကြောင့် ဟူရှန်ဖုံက လှေနှင့် မျှောမနေချင်တော့ပါ။

နှစ်ယောက်သား တံငါသည်များ၏ ရိက္ခာများကို တိုက်ခိုက်လုယူပြီး လူသူမရှိသော ကျွန်းကလေးတစ်ကျွန်း၌ အနားယူလိုက်ကြသည်။

ထိုကျွန်း၌ ခေတ္တစခန်းချကြသည်။

ထိုကျွန်းပေါ်သို့ ရောက်ရှိပြီး နောက်တစ်နေ့မှစ၍ ဟူရှန်ဖုံက စင်ယောက်အား သိုင်းပညာ စ,သင်ပေးသည်။

သူက စင်ယောက်အား အခြားမည်သည့် သိုင်းကွက်မျှ မသင်ပေးပါ။

အအေးလက်ဝါးအတွက် အခြေခံဖြစ်သော အအေးအတွင်းအားကို စတင်သင်ကြားပေးသည်။ အရိုက်စက်ဆုံးသော သိုင်းပညာရပ်တစ်ခုကို ဖော်ချသင်ပေးခြင်းသာ ဖြစ်သည်။

အကြောင်းမှာ သူမရှိပါက ဇနီးနှင့်သမီးဖြစ်သူအား စင်ယောက်



က လက်စားချေပေးနိုင်ရန် ဖြစ်သည်။

စင်ယောက်ကို မြေကျင်းထဲ မြှုပ်ထား၏။ ခေါင်းတစ်လုံးသာ ဖော်ထား၏။ ဤသို့ထားခြင်းမှာ ဘာမျှမခဲယဉ်းပါ။

သို့သော် နေရသူအဖို့ စိတ်ကျဉ်းကျပ်လှ၏။

မြေကြီး၏ အအေးဓာတ်ကိုလည်း အတော်ပင် ခံရသည်။

ဟူရှန်ဖုံက စင်ယောက်အား အသက်ရှူထုတ်နည်းကို သင်ပေးကာ အအေးဓာတ်ကို ထိန်းချုပ်နိုင်ရန် ပြသပေးခဲ့လေသည်။

ဤသို့ဖြင့် အချိန်များ ကုန်ဆုံးသွားရပြန်လေသည်။

ရက်များ တရွေ့ရွေ့ ကုန်ဆုံးသွား၏။

တစ်လမျှပင် ရှိပြီဖြစ်၏။

စင်ယောက်မှာ အအေးအတွင်းအားပညာ၏ အခြေခံကို သင်ကြားတတ်မြောက်လာပြီဖြစ်သည်။

ဟူရှန်ဖုံက ကျေနပ်သွားသဖြင့် မြေတွင်းမှ ပြန်ထုတ်လိုက်၏။

ထို့နောက် သိုင်းကွက်အနည်းငယ်ကို သင်ကြားပေးသည်။

သူ၏ မူပိုင်သိုင်းကွက်များဖြစ်သော မိစ္ဆာလက်သည်းသိုင်းကွက်ကို သင်ကြားပေးသည်။ ဤသည်မှာ သာမန်သိုင်းသမားများအကြား၌ လူရာဝင်စေရန် ဖြစ်သည်။

ထိုသိုင်းကွက်မှာ ထူးခြား၏။

စင်ယောက်မှာသုံးလေးရက်မှတစ်ကွက်မျှသာတတ်မြောက်သည်။

သို့သော် သိုင်းပညာကို လိုချင်သောစွဲကြောင့် မနေမနားကြိုးစားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ သင်ကြားပေးခဲ့ရင်း ဟူရှန်ဖုံ၏ အခြေအနေမှာလည်း ပို၍ ပို၍ ပြန်ကောင်းလာ၏။ စိတ်ဓာတ်အခြေအနေရော၊ ခန္ဓာကိုယ်အခြေအနေပါ ကြံ့ခိုင်တောင့်တင်းလာသည်။

ဤသို့ဖြင့် စင်ယောက်သည် ဖုတ်ကောင်လက်သည်းသိုင်းကွက်ကို တတ်မြောက်ခွင့် ရလာလေတော့၏။

ဤသို့ဖြင့် နောက်ထပ်တစ်လခန့် ထပ်မံကြာသွား၏။

စင်ယောက်မှာ သိုင်းပညာအခြေခံမျှ တတ်မြောက်သွားခဲ့ပြီဟု ဆိုရပေမည်။

တစ်နေ့နံနက် စင်ယောက်သည် သိုင်းပညာလေ့ကျင့်ပြီးနောက် ပင်လယ်ပြင်ကို မျှော်ကြည့်လိုက်လေ၏။

ရာသီဥတုအခြေအနေ မကောင်းဟု ခံစားမိလိုက်၏။

သူတို့ ပတ်ဝန်းကျင်၌ လုံးဝလေမတိုက်ဘဲ ငြိမ်သက်နေသည်။ ဤသည်မှာ မကောင်းသော အတိတ်နိမိတ်ပင်။

ဟူရှန်ဖုံမှာလည်း ကျွန်းများပေါ်၌ သူ၏ဘဝတစ်ဝက်လောက် နေလာခဲ့သူ ဖြစ်၏။

ထို့ကြောင့် သူကလည်း ရာသီဥတုအခြေအနေကို ရိပ်စားမိသည်။

မကြာမီ လေမုန်တိုင်းနှင့် မိုးကြီးများ ရွာလာတော့မည်ကို သိရလိုက်၏။

ဟူရှန်ဖုံမှာ မိုးသည်းထန်စွာ ရွာသွန်းချိန်၌ မိုးကြိုးပစ်မည်ကို အလွန်အမင်း ထိတ်လန့်၏။



ဤသည်မှာ သူ၏ပျော့ကွက်ပင်။

မရှောင်ပါက သူ၏ အအေးလက်ဝါးသိုင်းပညာမှာ ပျောက်ကွယ်သွားပေလိမ့်မည်။

ထိုအခါ သူ့အဖို့ လေး ငါး ခြောက်လအချိန်ကုန်ခံကာ ပြန်လေ့ကျင့်ရဦးမည် ဖြစ်၏။

ယို့အပြင် မိုးရွာတိုင်း စိတ်ဖောက်ပြန်တတ်သေးသည်။

ထို့ကြောင့် ယခုလို ရာသီဥတုအခြေအနေကို တွေ့သောအခါ အလွန်အမင်း စိုးရိမ်ထိတ်လန့်ခြင်း ဖြစ်ပေသည်။

သူက စင်ယောက်အား ခေါ်လိုက်၏။

စင်ယောက်က ....

"ဆရာကြီး အမိန့်ရှိပါ .... ဘာအလိုရှိပါသလဲ ခင်ဗျာ .... "

"ရာသီဥတုအခြေအနေ မကောင်းဘူးဆိုတာ မင်းသိသလား"

"ဟုတ်ကဲ့ .... မုန်တိုင်းလာတော့မယ် ထင်တယ် .... "

"ဟုတ်တယ် .... မုန်တိုင်းလာရင် မင်း တာဝန်နှစ်ခု ဆောင်ရွက်ရမယ် .... "

"ဟုတ်ကဲ့ .... ပြောပါ ဆရာကြီး .... မုန်တိုင်းဒဏ်ကို ရှောင်နိုင်ဖို့ နေရာရှာရမှာလား .... "

"မဟုတ်ဘူး .... "

"ဒါဖြင့်ရင် ဘာလဲဆရာ .... "

"မုန်တိုင်းလာရင် ငါ့စိတ်ဟာ ဖောက်ပြန်တတ်တယ် ... ဒီအခါ မင်းက တစ်နေရာရာမှာ ပုန်းအောင်းနေပါ .... နို့မဟုတ် ငါက မင်းကို

www.burmeseclassic.com

www.burmeseclassic.com



မမှတ်မိဘဲ သတ်ပစ်လိမ့်မယ် နားလည်လား ....”

စင်ယောက်မှာ အံ့အားသင့်သွား၏။

သို့သော် သူက မတတ်နိုင်ပါ။

ဆရာ ရှောင်ပုန်းခိုင်းသည့်အတိုင်း ပုန်းရန် စဉ်းစားလိုက်၏။

ဟူရှန်ဖုံက ဆက်ပြောလိုက်၏။

“ငါပြောတာ မင်းနားလည်သလား ....”

“ဟုတ်ကဲ့ .... ဒါပေမယ့် မုန်းတိုင်းလာတာနဲ့ ဆရာကြီးက ဘာဖြစ်လို့ အဲဒီလိုဖြစ်ရတာလဲ ....”

ဟူရှန်ဖုက ....

“ငါ မင်းကိုပြောပြလည်း သိမှာမဟုတ်ဘူး .... နောက်တစ်ခု ထပ်နားထောင်ဦး ....”

“ဟုတ်ကဲ့ .... ပြောပါ ....”

“ငါဟာ မုန်တိုင်းပြီးတာနဲ့ မေ့မျောသွားလိမ့်မယ် .... မင်း ငါ့ကို သွေးစမ်းရင် သွေးလျှောက်တာတွေ့မှာ မဟုတ်ဘူး .... သေပြီလို့တောင် ထင်လိမ့်မယ် ....”

“ဗျာ ....”

စင်ယောက်မှာ အံ့သြသွား၏။ မယုံကြည်ဟန်ဖြင့် ....

“ဆရာက ဘာကြောင့် သေမှာလဲ ....”

“မင်း စကားမရှည်နဲ့ .... ငါ လဲကျသေဆုံးတဲ့အခါ ချက်ချင်း ငါ့ကို သဲသောင်မှာ မြှုပ်လိုက်ပါ .... တွင်းကို မနက်စေနဲ့ .... တိမ်တိမ်ပဲတူး .... တစ်ကိုယ်စာမြှုပ်ရုံဆိုတော်ပြီ ....”



စင်ယောက်မှာ ဝမ်းနည်းသွား၏။

“ဆရာ .... ဆရာ တကယ်ပဲ သေမှာလားဟင် ....”

ဟု မေးလိုက်လေ၏။

ဟူရှန်ဖုံက ....

“ငါ တကယ်သေတာ မဟုတ်ဘူး .... ဒီလိုပဲ ဖြစ်နေကျပဲ .... ငါ အဲဒီလို လဲကျပြီး အသက်ရှုရပ်တဲ့ အချိန်ကစပြီး နောက်သုံးရက်အတွင်း ငါ ပြန်ရှင်လာမှာပဲ .... ဒီသုံးရက်အတွင်း ငါ့ကို ဘယ်သူမှ အန္တရာယ်မပြုနိုင်အောင် မင်းက ကာကွယ်စောင့်ရှောက်ပါ .... ငါ့တပည့် .... မင်းဟာ အဓိကအခရာပဲ ....”

စင်ယောက်က ....

“ကောင်းပါပြီ ဆရာကြီး .... စိတ်ချပါ .... ကျွန်တော့်အသက်နဲ့ လဲပြီး ကာကွယ်စောင့်ရှောက်ပါ့မယ် ....”

ကောင်းကင်မှာ နီရဲနေ၏။

အေးစက်သော လေကလေးက တိုက်ခတ်လာ၏။

ဟူရှန်ဖုံက မျက်နှာပျက်သွား၏။

“စင်ယောက် .... မင်းပြေးတော့ .... မုန်တိုင်းလာတော့မယ်”

စင်ယောက်က ဘာမျှ ပြန်မပြောတော့ပါ။

ဟူရှန်ဖုံအနီးမှ လျင်မြန်စွာ ထွက်ပြေးသွားလေတော့သည်။

သူသည် ကျွန်း၏ အလယ်ဗဟိုဆီသို့ ပြေးသည်။ ထို့နောက် မိုးဒဏ်လေဒဏ်လုံခြုံသော ကျောက်တောင်များအကြား ဝင်၍ ပုန်းခိုလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ဤနေရာကို ဟူရှန်ဖုံ ရှာနိုင်မည် မဟုတ်ဟု ယူဆသည်။ ဟူရှန်ဖုံ လိုက်လာလျှင်လည်း လှည့်ပတ်ရှောင်ပြေးနိုင်သည်။

မကြာမီ ကောင်းကင်၌ တိမ်ညို တိမ်မည်းများက ဖုံးလာ၏။

ချက်ချင်းပင် မိုးကြီး သည်းထန်စွာ ရွာသွန်းလာသည်။

မိုးကြိုးများလည်း ပစ်ချ၏။

မိုးခြိမ်းသံများမှာလည်း ဆူညံစွာ ထွက်ပေါ်လာလေသည်။

စင်ယောက်သည် ကျောက်ဆောင်အစပ်သို့ ဝမ်းလျားထိုးထွက်လာပြီး သူ့ဆရာအား မျှော်ကြည့်၏။ တွေ့ပါလေပြီ။

ဟူရှန်ဖုံသည် သဲသောင်ပြင်၌ ခုန်ပေါက်ပြေးလွှားနေသည်။

သူ၏တစ်ကိုယ်လုံး၌ မိုးများ စိုရွှဲနေ၏။

မိုးကြိုးပစ်သောအခါ ဟူရှန်ဖုံမှာ ပို၍ စိတ်ဖောက်ပြန်လာဟန်တူသည်။ သူသည် တစ်ယောက်တည်း သောင်းကျန်းနေလေတော့၏။

စင်ယောက်မှာ သူ၏ ဆရာအားကြည့်ကာ လန့်လည်းလန့်သည်။ သနားလည်းသနားသည်။ သနားစိတ်များလာသောအခါ သူသည် ပုန်းအောင်းမနေတော့ဘဲ ဟူရှန်ဖုံရှိရာသို့ ပြေးထွက်သွားလေတော့၏။

"ဆရာကြီး သတိထားပါ .... ဆရာကြီးကို ကူညီဖို့ ကျွန်တော် လာပြီ .... "

စင်ယောက်မှာ ထွက်အော်ပြီးမှ မှားကြောင်း သိလိုက်ရတော့သည်။ သူ ပြန်ပုန်းရန် နေရာမရှာရသေးမီ ဟူရှန်ဖုံသည် သူ့ရှိရာသို့ တရကြမ်း ပြေးလာလေတော့၏။



စင်ယောက်မှာ ထိတ်လန့်တကြား ပြန်ပြေးရသည်။

သို့သော် ဟူရှန်ဖုံက ပို၍ မြန်၏။ စင်ယောက်၏ ပြေးလမ်းကို ပိတ်ရပ်လိုက်သည်။

ထို့နောက် စင်ယောက်အား တိုက်ခိုက်လိုက်လေသည်။

စင်ယောက်က ....

"ဆရာ .... ကျွန်တော် .... လူမှားမယ် .... "

ဟု အော်ရင်း ဟူရှန်ဖုံသင်ပေးထားသော သိုင်းကွက်ကို အသုံးပြုကာ ရှောင်တိမ်းပေးလိုက်သည်။

ကံကောင်းသည်ဟု ဆိုရပေမည်။

"ဝုန်း .... ဝုစ် .... ဝုစ် .... "

ဟူရှန်ဖုံ၏ လက်မှာ စင်ယောက်၏ နံဘေးမှ ပွတ်ကာသီကာ ကျော်ဖြတ်သွားလေသည်။

စင်ယောက်မှာ ပို၍ ထိတ်လန့်သွား၏။

နောက်သို့ လျင်မြန်စွာ ဆုတ်ပြေးလိုက်လေသည်။

ဟူရှန်ဖုံကလည်း အလွတ်မပေးဘဲ လိုက်လာသည်။

ထိုစဉ် မိုးမှာ တဖြည်းဖြည်း တိတ်သွား၏။ မိုးကြိုးသံများ ငြိမ်သွား၏။ လျှပ်ပြက်ခြင်းများ ရပ်ဆိုင်းသွားသည်။ ထိုအခါ ဟူရှန်ဖုံ လဲကျသွားတော့၏။ ပြန်ထလာခြင်း မရှိတော့ချေ။

စင်ယောက်က နောက်ပြန်လှည့်ကြည့်လိုက်၏။

သူ၏ဆရာ လိုက်လာခြင်းမရှိဘဲ လဲကျနေသည်ကို တွေ့သောအခါ ခြေလှမ်းရပ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



နောက်သို့ ပြန်လျှောက်လာပြီး အကဲခတ်ကြည့်လိုက်၏။

သူ၏ဆရာမှာ လှုပ်ရှားခြင်းမရှိတော့ပါ။

ထို့ကြောင့် သူက အနီးကပ်ကာ စမ်းသပ်ကြည့်လိုက်၏။

အသက်လုံးဝမရှူတော့ပေ။ ကြိုတင်ပြောကြားခဲ့သည့်အတိုင်း သတိလစ်မေ့မြောသွားခဲ့လေပြီ။ တစ်နည်းအားဖြင့် ခေတ္တသေသွား လေပြီ။

စင်ယောက်မှာ လန့်သွား၏။

သို့သော် သူ၏ဆရာပြောခဲ့သည်မှာ အမှန်တကယ်သေခြ မဟုတ်ပေ။

ထို့ကြောင့် သူက စိတ်သက်သာရာရသွားပြီး သူ၏ဆရာ အတိုင်း သဲသောင်ပြင်၌ မြှုပ်နှံရန် ဆုံးဖြတ်လိုက်လေတော့သည်။



## အခန်း(၃၃)

## ပင်လယ်ဓားပြများ

စင်ယောက်သည် သူ့ဆရာကြီး ဟူရှန်ဖုံ၏ ခန္ဓာကိုယ်ကြီးကို သဲသောင်ပြင်၌ မြှုပ်နှံလိုက်၏။

ထို့နောက် စိတ်မသက်မသာနှင့် [illegible]စောင့်ကြည့်နေလိုက်သည်။

ယခု ကောင်းကင်တစ်ခုလုံး ကြည်လင်နေပြီဖြစ်သည်။

စောစောက မုန်တိုင်းတိုက်ခတ်သည်မှာ မယုံကြည်စရာပင်။

စင်ယောက်က သက်ပြင်းချလိုက်၏။ မုန်တိုင်းသည် သူ့ဆရာကြီးကို သက်သက်ဒုက္ခပေးရန် လာသလိုဖြစ်နေသည်။

သူသည် ပင်လယ်ပြင်ဘက်သို့ လှမ်းကြည့်လိုက်မိသည်။ ဘာ ယ်လို့ မဟုတ်ပေ။

သို့သော် သူ၏မျက်လုံးအစုံမှာ ပြူးကျယ်သွားရသည်။

ခန္ဓာကိုယ်မှာလည်း တုန်ခါသွားရသည်။

အဘယ်ကြောင့်ဆိုသော် ပင်လယ်ပြင်မှ ရွက်လှေလေးစင်း ည်သူတို့စခန်းချနေသည့်ကျွန်းသို့ဦးတည်လာနေသောကြောင့်တည်း။

www.burmeseclassic.com

www.burmeseclassic.com



စင်ယောက်က ထခုန်မိသည်။

ရှေ့ဆုံးမှ ရွက်လှေကို သေသေချာချာကြည့်လိုက်သည်။

လှေ၌ အလံက တလူလူလွင့်နေ၏။

အလံပေါ်၌ အရိုးခေါင်းပုံဆွဲထားသည်။

သူက ရိပ်မိလိုက်ပါပြီ။

ထိုလှေများမှာ ပင်လယ်ဓားပြဂိုဏ်းတစ်ခုမှ လှေများပင်ဖြစ်ပါတော့သည်။

သူကြည့်နေဆဲမှာပင် ပင်လယ်ဓားပြလှေလေးစင်းမှ ကျွန်းကလေးဆီသို့ ချဉ်းကပ်လာလေသည်။ စင်ယောက်သည် သစ်ပင်များအကြားသို့ တိုးဝင်သွားပြီး ပုန်းအောင်းကြည့်ရှုလိုက်သည်။

အဘယ်ကြောင့် ဤကျွန်းကလေးသို့ ရောက်လာရပါသနည်း။

သူ တွေးနေစဉ်မှာပင် လှေများမှာ ကျွန်းသို့ ဆိုက်ကပ်ပြီး ပင်လယ်ဓားပြများမှာ ကျွန်းပေါ်သို့ တက်လာကြသည်။ ရွက်လှေတစ်စင်းဆိုလျှင် အင်အားနည်းလှမည်မဟုတ်။ အနည်းဆုံးသုံးရာကျော် ရှိပေလိမ့်မည်။

ကြည့်နေရင်းပင် ပင်လယ်ဓားပြများအနက် သုံးယောက်က ရှေ့မှ လျှောက်လာ၏။

ကျန်လူများမှာ လှေအနီး၌ ရပ်နေ၏။

ဆင်းလာသူသုံးယောက်အနက် နှစ်ယောက်မှာ မျက်နှာဖြူဖပ်ဖြူရော်နှင့် ရုပ်ရည်က ဆင်တူလှ၏။

အလယ်မှ လူမှာမူ အနီရောင်ဖဲအင်္ကျီကို ဝတ်ထားသည်။



သူတို့နောက်မှ လူဆယ်ယောက်ခန့်က လေးလံသော သေတ္တာများကိုမ,ကာ လိုက်လာကြ၏။

မကြာမီ ထိုလူများသည် စောစောက စင်ယောက်ပုန်းခဲ့သည့် ကျောက်ဆောင်များရှိရာ အလယ်ဗဟိုသို့ လျှောက်သွားကြ၏။ စင်ယောက်မှာ ဤကျွန်းပေါ်သို့ အနေကြာပြီဖြစ်၍ ထိုလူများလုံးဝမရိပ်မိအောင် လိုက်လံကြည့်ရှုနိုင်စွမ်းရှိသည်။

ဝတ်စုံနီနှင့်လူက အမိန့်ပေးလိုက်၏။

"သေတ္တာတွေချတော့ ...."

လူဆယ်ယောက်က ပြိုင်တူချလိုက်၏။

ထိုစဉ် ဝတ်စုံနီနှင့် လူ၏လက်က လျှပ်တစ်ပြက် လှုပ်ရှားသွားသည်။

သေတ္တာသယ်လာသူ ဆယ်ယောက်မှာ လဲကျသွားသည်။ အချို့ ချက်ချင်းသေသော်လည်း အချို့ကား မသေသေးပေ။ ဝတ်စုံနီက ဘူမားရှည်ဖြင့် လိုက်၍ ဓာတ်သိမ်းပေးသည်။

ထိုဓားပြများသည် သူတို့၏ ရတနာသေတ္တာများကို ဤကျွန်းပေါ် လာဝှက်ခြင်းဖြစ်ကြောင်း စင်ယောက် နားလည်လိုက်၏။

ယခု လူဆယ်ယောက်ကို သုတ်သင်ခြင်းမှာ နှုတ်ပိတ်ခြင်းဖြစ်ကြောင်း ရိပ်မိလိုက်၏။

ထိုစဉ် ဝတ်စုံနီထံမှ ရယ်မောသံထွက်ပေါ်လာသည်။

"တို့ပူးပေါင်းပြီး ဒါတွေရလာတာ ဝမ်းသာစရာပဲ ...."

မျက်နှာဖြူဖြူနှင့် လူတစ်ယောက်က ....

www.burmeseclassic.com

www.burmeseclassic.com



"ဒီပစ္စည်းတွေဟာ ဘုရင့်ဘဏ္ဍာတော်ဆိုတော့ အားလုံးတန်ဖိုးရှိတဲ့ ပစ္စည်းတွေပါပဲ .... ဒီတစ်ကြိမ်ဟာ ကျုပ်တို့အတွက် အောင်ပွဲအကြီးမားဆုံးပါပဲ .... "

နောက်တစ်ယောက်က ....

"ဒါက အရေးမကြီးသေးပါဘူး .... ဒီကျွန်းမှာ လူရှိမရှိ သေချာအောင် စစ်ဆေးကြည့်လိုက်ကြဦး .... တော်တော်ကြာ သူများက အချောင်ရသွားဦးမယ် .... "

ဝတ်စုံနီက ....

"ဟုတ်တယ် .... လူမရှိမှ ဒီသေတ္တာတွေ မြှုပ်ကြတာပေါ့ .... ကဲ .... ကဲ .... ငယ်သားတွေခေါ်ပြီး ကျွန်းတစ်ပတ် ပတ်ကြည့်ကြရအောင် .... "

ဟု ပြောလိုက်လေသည်။

ထိုစကားကြားသောအခါ စင်ယောက်မှာ ထိတ်လန့်သွားတော့သည်။

စိတ်ထဲ၌လည်း တွေးမိလာသည်။

"ဒီတစ်ခါတော့ခက်ပြီ .... ဒီကောင်တွေ ဘုရင့်ဘဏ္ဍာတွေလုပြီး ဒီမှာလာပြီးဝှက်မလို့ကိုး .... အခု သူတို့ ငါ့ကို မတွေ့အောင် ဘယ်မှာပုန်းမလဲ .... ငါ့ကိုတွေ့ရင်တော့ အရှင်ထားမှာ မဟုတ်ဘူး။ ဝိုင်းသတ်ကြမှာ သေချာတယ် .... "

သူက တွေးကာ ကြက်သီးထနေလေသည်။

ထိုဓားပြများမှာ အဖွဲ့နှစ်ဖွဲ့မှ ပင်လယ်ဓားပြများ ဖြစ်၏။



ဝိုးဖဲအနီရောင်ဝတ်စုံနှင့် လူမှာ အဖွဲ့တစ်ဖွဲ့၏ ခေါင်းဆောင် ဂူတင်စု ဖြစ်၏။

မျက်နှာဖြူဖပ်ဖြူရော်နှင့် လူမှာ .... ညီအစ်ကိုနှစ်ယောက်ဖြစ်၏။

အစ်ကို၏အမည်မှာ ဂူယန်ချင်ဖြစ်၏။

ညီ၏အမည်မှာ ဂူယန်ကျုံးဖြစ်သည်။

သူတို့ညီအစ်ကိုနှင့် ဂူတင်စု နှစ်ဖွဲ့ပေါင်းပြီး ဘဏ္ဍာတော်များ လုလာခြင်း ဖြစ်၏။

သူတို့ ပင်လယ်ဓားပြများမှာ တော်ရုံနှင့် ဘုရင့်ဘဏ္ဍာတော်များကို လုယူရန် မဝံ့ကြပါ။

လုယက်လျှင် ဘုရင့်တပ်သားများနှင့် ရင်ဆိုင်ရမည်ဖြစ်၏။

အောင်မြင်လာခဲ့လျှင်လည်း နောက်ကြောင်းမသေးပါ။

ဘုရင့်တပ်ဖွဲ့၏ လိုက်လံရှာဖွေမှုကို ခံရဦးမည်ဖြစ်၏။

ယခု သူတို့က တစ်ဖွဲ့ချင်းဆိုလျှင် မလုရဲပါ။

ထို့ကြောင့် နှစ်ဖွဲ့ပေါင်းကာ တိုက်ခိုက်ယူလာခြင်း ဖြစ်၏။

သို့သော် ရရှိလာသည့် ပစ္စည်းများအား ထုခွဲရန် မလွယ်ကူသေးပါ။

အချိန်အနည်းငယ်ကြာပြီးမှသာ တဖြည်းဖြည်းချင်း ထုခွဲရမည် ဖြစ်၏။

ထို့ကြောင့် သူတို့က လူသူကင်းမဲ့သည့် ဤကျွန်းကလေးပေါ်၌ လာရောက်မြှုပ်နှံကြခြင်း ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝှတင်စုသည် ငယ်သားများနှင့်အတူ ကျွန်းကိုပတ်၍ ရှာဖွေလိုက်၏။

ကျောက်တုံးများကြား၊ ချုံနွယ်များကြား၊ နေရာလပ်မှ မကျန်စေဘဲ သေချာစွာ ရှာဖွေလိုက်ကြလေသည်။

စင်ယောက်ကလည်း လှည့်ပတ်ရှောင်တိမ်းပါသည်။ သို့သော် ခက်နေသည်မှာ သည်ကျွန်းက သိပ်မကြီးခြင်း ဖြစ်ပါသည်။ ကျွန်းသေးသေးကို လူအင်အားများများနှင့် ဝိုက်စိပ်တိုက်ရှာဖွေသောအခါ စင်ယောက်ခမျာ ပုန်း၍မရဘဲ ဖြစ်သွားရှာသည်။

ထို့ကြောင့် သူသည် အအေးအတွင်းအားကို စုစည်းထားလိုက်လေသည်။

သူသည် အအေးလက်ဝါးသိုင်းပညာ၏ အဆင့်နှစ်ဆင့်ကို ရထားသဖြင့် သူ၏ အသားအရေသည် ချက်ချင်းလိုလို ပြာနှမ်းနှမ်းဖြစ်လာတော့သည်။

ပင်လယ်ဓားပြများမှာ စင်ယောက်အား တွေ့သောအခါ အံ့သြသွား၏။

သူတို့သည် ဤလို ရုပ်ထူးလူဆန်းမျိုးကို လုံးဝမတွေ့ဘူးပေ။

တချို့က ....

"လူမဟုတ်ဘူး .... ဘာကောင်ကြီးလဲ .... လူပြာကြီး ရှိပါ မလား ...."

"တော်တော်ထူးဆန်းတာပဲ ...."

အားလုံးတစ်ယောက်တစ်ပေါက်နှင့် ဝိုင်းပြောလိုက်ကြ၏။



စင်ယောက်မှာ ဂရုမစိုက်ပါ။

သူ့အား ဝေဖန်နေသည်ကို မကြားယောင်ဆောင်နေလိုက်၏။

ဓားပြများရပ်ပြီး ရှေ့မတက်ရဲပါ။

မကြာမီမှာ ဝှတင်စုမှာ ရောက်ရှိလာသည်။

ဝှတင်စုကိုယ်တိုင် စင်ယောက်ကိုကြည့်ပြီး အံ့သြသွားသည်။

သူက လူသတ်ရသည်ကို မရွံ့ခဲ့သောလူ ဖြစ်၏။

သို့သော် တစ်ကိုယ်လုံး ပြာနေသော စင်ယောက်အား တွေ့သောအခါ သတ်ရမှာ လက်ရွံ့သည်။ ဤလူမျိုးကိုလည်း သူ မတွေ့ဖူးခဲ့ပေ။

ဝှတင်စုက ချိုသာသောလေသံဖြင့် ....

"ဒီကမိတ်ဆွေက ဟိုးရှေးခေတ်က လူတစ်ယောက်ပဲလား"

ဟု မေးမြန်းလိုက်တော့သည်။

စင်ယောက်မှာ ထိုစကားကြောင့် ရယ်ချင်သွား၏။

သို့သော် ခပ်တည်တည်နှင့် ဖြီးရန် စဉ်းစားလိုက်၏။

သူက ချက်ချင်း ဘာမှ ပြန်မပြောဘဲ နေလိုက်၏။

အချို့ဓားပြများက စင်ယောက်ကိုကြည့်ကာ အနည်းငယ်စမ်းသပ်လိုက်ကြသည်။ သူတို့ကား ရှုးရှုးမိုက်မိုက်လူများဖြစ်၏။

"ရှမ်း .... ရှမ်း .... ရှမ်း ...."

ထို့ကြောင့် စင်ယောက်အား အလစ်ဝင်ရောက်တိုက်ခိုက်ကြ၏။

"အား .... အား ...."

www.burmeseclassic.com

www.burmeseclassic.com



ဝင်ရောက်တိုက်ခိုက်သော ဓားပြသုံးယောက် လက်ထဲမှ ဓားများ လွတ်ကျသွားကာ နာကျင်စွာ အော်လိုက်ကြ၏။

ဂူတင်စုမှာ အံ့သြသွား၏။

စင်ယောက် လှုပ်ရှားမှုကိုလည်း သူ မတွေ့လိုက်ပါချေ။

ထို့ကြောင့် တွေဝေသွား၏။

သူ၏ လူများအား လှည့်ကာ မာန်မလဲလိုက်၏။

"မင်းတို့ သတ္တိကောင်းလှချည်လား .... ဒါဟာ ဟိုးရှေးခေတ်က လူကွ .... နားလည်လား .... မင်းတို့ သေချင်နေလို့လား .... "

ငယ်သားများမှာ နောက်သို့ ဆုတ်သွားကြ၏။

ဂူတင်စုက အရိုအသေပေးလိုက်ပြီး ....

"ကျုပ်ရဲ့ ငယ်သားတွေ မလေးမစားလုပ်တာကို ခွင့်လွှတ်ပါ ခင်ဗျာ .... ခင်ဗျားရဲ့အမည်ကို သိပါရစေ .... "

ဟု ချိုသာစွာ ပြောလိုက်၏။

စင်ယောက်က စကားမပြော၍မရမှန်း နားလည်လိုက်၏။

ထို့ကြောင့် သူက အသံသြသြလုပ်ကာ ပြောလိုက်၏။

"ငါ့နာမည် စင်ချပ် .... ဒီနှစ်ဆိုရင် အသက်က တစ်ရာ့နှစ်နှစ်ရှိပြီ .... "

ဂူတင်စုက အံ့သြသွား၏။

စင်ယောက်က ဆက်၍ဖြီးလိုက်၏။

"ငါကျင့်တဲ့ပညာက တိဗက်က သိုင်းပညာတစ်မျိုးပဲ .... ဘယ်တော့မှ မအိုဘူး .... မနာဘူး .... ငါ ဒီကျွန်းပေါ်မှာ နေလာတာကြာ



ပြီ .... မင်းတို့က ငါ့ကို ဘာလို့ အနှောင့်အယှက် လာပေးတာလဲ .... သေချင်နေလို့လား .... "

ဂူတင်စုမှာ ထိတ်လန့်သွား၏။

ထိုစဉ် ဂူယန်ချင်နှင့် ဂူယန်ကျုံးက ရောက်လာ၏။

သူတို့နှစ်ဦး၏ သိုင်းပညာမှာ မဆိုးပါ။

ဂူတင်စုဘက် သာလွန်၏။

သူတို့က စင်ယောက်ကိုကြည့်ရာ အသက်နှစ်ဆယ် မပြည့်သေးဟု ခန့်မှန်းမိ၏။

ထို့ကြောင့် စင်ယောက် စကားကို မယုံကြည်ကြချေ။ သို့သော် သူတို့သည် သိုင်းပညာ အနည်းအကျဉ်း တတ်ထားသဖြင့် တိဗက်သိုင်းပညာဟူသော စကားကြောင့်လည်း အနည်းငယ်လက်တွန့်မိကြ၏။

ထို့ကြောင့် စင်ယောက်အား သေချာစွာကြည့်ကြသည်။ စစ်ဆေးကြသည်။

စင်ယောက်၏ ပုံသဏ္ဌာန်မှာ တောသားမအူမလည်ပုံစံပင်။ မြို့ကြီးသားပုံစံလည်းမဟုတ်။

သိုင်းပညာရှင်တစ်ယောက်၏ ပုံသဏ္ဌာန်လည်းမရှိ။

ထို့ကြောင့် သူတို့က တိဗက်သိုင်းပညာဆိုသော စကားကို မေ့ပစ်လိုက်ကြသည်။

ဂူယန်ချင်က ရှေ့တက်လာပြီး ချိုသာစွာ ပြောသည်။

"ကျုပ်တို့က ပင်လယ်ဓားပြတွေပါ .... ဒါပေမယ့် သိုင်းပညာကို စိတ်ဝင်စားပါတယ် .... ဒီတော့ ခင်ဗျားရဲ့ သိုင်းပညာကို ဗဟုသုတ

www.burmeseclassic.com

www.burmeseclassic.com



အဖြစ် တွေ့ပါရစေ .... ”

စင်ယောက်မှာ ထိတ်လန့်သွား၏။

သူသည် ဟူရှန်ဖုံထံမှ အနည်းအကျဉ်းသာ တတ်ခဲ့သေး၏။

မည်သို့ ယှဉ်ပြိုင်ရမည်နည်း။

သို့သော် ဟန်ကိုယ့်ဖို့ဆိုသည့် စကားအတိုင်း ဟန်မပျက်စေဘဲ ....

“အင်း .... နားမလည်တဲ့ ခွေးတွေပဲ .... ငါ နှစ်ခုနှစ်ဆယ်ကျော် ဒီမှာနေလာတာ .... ဘယ်သူမှ မနှောင့်ယှက်ရဲဘူး .... ဒီနေ့ကျမှပဲ အနှောင့်အယှက်တွေ့တယ် .... မင်းတို့က ငါ့ကို စိန်ခေါ်ရဲတယ်ဆိုတော့ မဆိုးပါဘူး .... ကဲ .... မယုံကြည်တဲ့လူ အကုန်လာခဲ့ .... ငါ့ သိုင်းပညာကို တွေ့ရစေမယ် .... ”

ဂူတင်စုက ဂူယန်ချင်အား လှမ်းပြောလိုက်၏။

ဟော့ .... သူ့ကို မထိတာကောင်းမယ် .... တို့ ဒီမှာ ပစ္စည်းမြှုပ်လို့ မဖြစ်ဘူး .... ပြန်ကြတာပဲ ကောင်းမယ် .... ”

ဂူယန်ချင်က ခေါင်းခါယမ်းလိုက်၏။

ထို့နောက် သူ၏ညီဘက်သို့ မျက်ရိပ်ပြလိုက်ပြီး ခါးမှ ကျာပွတ်ကို ဆွဲဖြုတ်လိုက်၏။

တစ်ဆက်တည်း စင်ယောက်အား လှမ်း၍ ရိုက်ချလိုက်လေသည်။

စင်ယောက်မှာ သတိထားနေ၏။

ထို့ကြောင့် ကျာပွတ်ရိုက်ချလာသောအခါ အမြန်ဖမ်းပြီး —



နောက်သို့ ပြန်တွန်းထုတ်လိုက်လေသည်။

“ဝုန်း .... ”

ဂူယန်ချင်မှာ စင်ယောက်၏ အတွင်းအားကို ရင်မဆိုင်နိုင်ပါ။

နောက်သို့ လွင့်စဉ်သွားတော့သည်။ နှစ်ယောက်စလုံး လူးလဲထလာသည်။

စင်ယောက်၏ပညာမှာ အဆင့်မြင့်သေးပါ။

သို့သော် ဤပင်လယ်ဓားပြနှစ်ယောက်တက်တော့ သာပါသေးသည်။

ယခု .... သူက သိုင်းကွက်တစ်ကွက်တည်းနှင့် အနိုင်ရလိုက်၍ သဘောကျသွားသည်။

အားရပါးရ ရယ်မောလိုက်ပြီး ပြောလိုက်သည်။

“အင်း .... ငါ့အကြောင်း သိပြီလား .... ဘယ်သူက စမ်းကြည့်ချင်သေးသလဲ .... ဒါ ပဏာမပဲ ရှိသေးတယ် .... နောက်တစ်ကြိမ်စမ်းလို့ ဒဏ်ရာအနာတရ ရရင်တော့ ငါ့ကို အဆိုးမဆိုကြနဲ့ .... ”

ဂူယန်ချင်နှင့် ဂူယန်ကျူးတို့မှာ အမှန်တကယ်ပင် ထိတ်လန့်သွားကြသည်။ ထိုလူသာ ဆက်တိုက်လျှင် သူတို့ သေကောင်းသေလိမ့်မည်။

ထို့ကြောင့် စင်ယောက်အား တောင်းပန်ကြတော့သည်။

“ခင်ဗျားပညာကို မယှဉ်ဝံ့ပါဘူး .... ခင်ဗျားအသက် တင်သုံးဆယ်နှစ်နှစ်ရှိပြီဆိုတာလည်း ယုံပါပြီ .... ခင်ဗျား ဒီကျွန်းပေါ်မှာ တစ်ယောက်တည်း နေတာလား .... ”

www.burmeseclassic.com



"ဟုတ်တယ် ...."

"တစ်ယောက်တည်း အဖော်မဲ့နေတာ ပျင်းစရာကောင်းပါ တယ် .... ကျုပ်တို့ လှေပေါ်မှာလာပြီး ခေါင်းဆောင်လုပ်ပါလား — ကျုပ်တို့ကို ဦးဆောင် ...."

ထိုစကားကို ကမ်းလှမ်းသူမှာ ဂူတင်စုဖြစ်ပါသည်။

ဂူတင်စုမှာ လူကဲခတ်မည့်ပါ။

စင်ယောက်မှာ အသက်(၁၃၂)နှစ်ဆိုသည့် စကားကို မယုံ ကြည်ပါ။

သို့သော် စင်ယောက်၏ သိုင်းပညာ တော်သည်ကိုမူ သိလိုက် ၏။

ထို့ကြောင့် သူက စင်ယောက်အား ခေါင်းဆောင်တင်ပြီး သူတို့က နောက်ကွယ်က ကြိုးဆွဲပြီး အခြားပင်လယ်ဓားပြဂိုဏ်းများ ကို ဖြိုခွဲမည်ဟု စဉ်းစားလိုက်ခြင်း ဖြစ်ပါသည်။

သို့သော် စင်ယောက်မှာမူ အကြီးအကျယ် တွေးနေရသည်။

စောစောက သူက ဂူယန်ချင်ကို အနိုင်ရခြင်းမှာ မဆန်းပါ။

ဂူယန်ချင်တို့က သူ့အား မဝံ့မရဲနှင့် တိုက်ခိုက်သောကြောင့် သူက လွယ်ကူစွာ အနိုင်ရခဲ့ခြင်း ဖြစ်ပါသည်။

အကယ်၍ ပင်လယ်ဓားပြအားလုံး သူ့ကို ဝိုင်းတိုက်ပါက သူ မည်သို့မျှ ခုခံနိုင်မည် မဟုတ်ပါ။

သူ သေရမည်သာ ဖြစ်၏။

ယခု ဂူတင်စုက အခွင့်အရေးပေး ကမ်းလှမ်းလာသော



သူသည် လက်ခံသင့် မခံသင့် စဉ်းစားရတော့သည်။

မတ်တတ်ရပ်လိုက်ပြီး ....

"မင်းက ငါ့ကို ခေါင်းဆောင်နေရာပေးတယ် ဟုတ်လား"

ဟု ပြန်မေးလိုက်သည်။

ဂူတင်စုက ....

"ဟုတ်ပါတယ် ခင်ဗျာ .... "

စင်ယောက်က ....

"ငါလည်း ဒီမှာနေလာတာကြာပြီဆိုတော့ ပျင်းနေပြီ .... အပြင် လောကရဲ့ အဖြစ်အပျက်တွေကိုလည်း မကြားတာကြာပြီ .... ဒီတော့ အပြင်လောကထွက်ဖို့ ကြံနေတာနဲ့ အတော်ပဲ .... ငါ မင်းတို့ ခေါင်း ဆောင်အဖြစ် လက်ခံလိုက်တယ် .... "

ဂူတင်စုမှာ စင်ယောက်က လက်ခံသည်ဟု ဆိုသောအခါ ဝမ်း သာသွား၏။

သူ၏ အကွက်ထဲဝင်လာပြီ မဟုတ်ပါလော။

ဂူတင်စုက ဝမ်းသာသလောက် ဂူယန်ချင်တို့ ညီအစ်ကိုမှာမူ မျက်နှာပျက်သွားကြလေသည်။ ဝမ်းမသာနိုင်ကြပါ။ အကြောင်းမှာ ဂူတင်စုသည် သူတို့ထက် အတွေ့အကြုံများပြီး သူတို့ကို တစ်ပတ်ရိုက် နိုင်ကြောင်း သိထားကြသောကြောင့် ဖြစ်ပါသည်။

ဂူတင်စုသည် စင်ယောက်ကို သိမ်းသွင်းပြီး ပင်လယ်ဓားပြ[illegible] လုပ်မည်ဟု ကြံတင်ရိပ်မိကြသည်။ ထိုအခါ သူတို့ရှေ့ရေး မကောင်း နိုင်တော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



ယခု ပစ္စည်းများလည်း ဝေစုရရန်ပင် လမ်းမရှိတော့ဟု တွေးမိကြသည်။

သို့သော် ပါးစပ်ကမူ ....

"ငူတင်စု .... ခင်ဗျားတို့ ခေါင်းဆောင်ကောင်းတစ်ယောက်ရတာကို ကျုပ်တို့ ဝမ်းသာပါတယ် .... "

ဟု ပြောလိုက်ရလေသည်။

ငူတင်စုက စင်ယောက်အား အရိုသေပေးလိုက်ပြီး ....

"ကဲ .... ခင်ဗျားဟာ ဒီနေ့ကစပြီး ကျုပ်တို့အဖွဲ့ရဲ့ခေါင်းဆောင်ဖြစ်ပါပြီ .... "

ထို့နောက် ငူယန်ချင်ဘက်လှည့်ကာ ....

"အခု ပစ္စည်းတွေ မြှုပ်တော့မလား .... "

ဟု မေးလိုက်၏။

စင်ယောက်က ထိုပင်လယ်ဓားပြအား ဤကျွန်းပေါ်၌ ကြာကြာမနေစေချင်ပါ။

မတော်တဆ သူ့ဆရာကို တွေ့မြင်သွားနိုင်ပေသည်။

ထို့ကြောင့် သူက ဤကျွန်းမှ အမြန်ခွာလို၏။

သူက လက်ကာပြပြီး ....

"ဒီကျွန်းမှာ ပစ္စည်းမြှုပ်မနေနဲ့ .... လှေပေါ်သာ ပြန်တင်ကြ တို့အားလုံး ပြန်သယ်သွားကြမယ် .... ဒီကျွန်းထက် လုံခြုံတဲ့ကျွန်းတွေ အများကြီးရှိတယ် .... "

ငူယန်ချင်တို့ညီအစ်ကိုမှာ မကန့်ကွက်ရဲပါ။



သေတ္တာများကို လှေပေါ်ပြန်တင်လိုက်ကြရသည်။

ထို့နောက် ငူတင်စုက စင်ယောက်အားခေါ်ကာ လှေပေါ်တက်လာခဲ့၏။

စင်ယောက်ခမျာ ဟူရှန့်ဖုံနှင့်အတူ ကျွန်းကလေးပေါ်၌ ဖြစ်သလို စားခဲ့ရသည်မှာ အတော်ကြာခဲ့လေပြီ။ ထို့ကြောင့် ယခု ပင်လယ်ဓားပြများ ကျွေးမွေးသည့် အစားအသောက်များမှာ သူ့အဖို့ နတ်သုဒ္ဓါသဖွယ် ဖြစ်နေလေတော့ရာ အဆမတန်စားသောက်ပြီး စည်းစိမ်ယစ်နေလေတော့၏။

မကြာမီ ငူတင်စုသည် ခေါင်းဆောင်ကြီး၏ အခန်းထဲသို့ ရောက်ရှိလာသည်။

ထို့နောက် စင်ယောက်အား ပြုံးပြလိုက်ပြီး ....

"ကျုပ်က ခင်ဗျားကို ခေါင်းဆောင်တင်တာ ဘယ်လိုသဘောနဲ့ တင်တာလဲဆိုတာ သိသလား .... "

စင်ယောက်က ခေါင်းခါယမ်းကာ ....

"မင်း ဘာအကြံနဲ့ တင်တယ်ဆိုတာ ငါဘယ်သိမလဲ .... သိစရာလည်း မလိုဘူး .... ငါက ဘာမှဂရုစိုက်တဲ့ကောင် မဟုတ်ဘူးကွ"

ငူတင်စုက ရယ်မောလိုက်ပြီး ....

"အမှန်အတိုင်းတော့ ပြောလိုက်ဦးမယ် .... တကယ်တော့ ခင်ဗျားဟာ အသက်တစ်ရာသုံးဆယ့်နှစ်နှစ်ရှိတယ်ဆိုတာ မဟုတ်မှန်း ကျုပ်နားလည်ပါတယ် .... ခင်ဗျားကို ခေါင်းဆောင်တင်တာက ကိစ္စတစ်ခု ဆောင်ရွက်ဖို့ပဲ .... "

www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်ချင်လို့လဲ .... "

ဝူတင်စုက ....

"ဝုယန်ချင်တို့ ညီအစ်ကိုကို ဖြိုခွဲပစ်ဖို့ပဲဗျ .... "

"မင်းနဲ့အတူ ပူးပေါင်းနေတဲ့ လူတွေကို မင်းက သစ္စာဖောက်တော့မလို့လား .... "

ဝူတင်စုက ....

"ဟုတ်တယ် .... ဒါပေမယ့် ကျုပ်တို့ လောကအဖို့ ဒါဟာ အဆန်းမဟုတ်ပါဘူး .... "

"သူတို့ကို ဖြိုခွဲစရာအကြောင်းရှိလို့လား .... "

"သူတို့မရှိရင် ဝေစုပေးစရာ မလိုတော့ဘူးပေါ့ဗျာ .... ဘုရင့်ရတနာတွေကို ကျုပ်တို့ ခိုးပြတိုက်လာတာဗျ .... "

စင်ယောက်မှာ ဝူတင်စု၏ စိတ်ဓာတ်ကို ရွံရှာသွားချေ၏။

ဝူတင်စုမှာမူ စင်ယောက်၏ စိတ်ဓာတ်ကို မသိချေ။

"ဒီတော့ မနက်ဖြန်ကျရင် အကြောင်းမရှိ အကြောင်းရှာပြီး ဝူယန်ချင်တို့ ညီအစ်ကိုကို ခင်ဗျား သုတ်သင်လိုက်ပါ .... "

ဝူတင်စုပြောသော လေသံက အမိန့်သံ ဖြစ်နေသည်။

စင်ယောက်က ဒေါသထွက်သွား၏။

ဝူတင်စုသည် သူ့အား လူသတ်သမား ပါးကွက်သားအဖြစ် ခိုင်းရန် ကြံစည်ထားကြောင်း သူ သိလိုက်လေပြီ။

ထို့ကြောင့် သူသည် ချက်ချင်း ခုန်ထကာ မိန္ဓာလက်သည်း သိုင်းကွက်ဖြင့် ဝူတင်စုအား လှမ်းချုပ်ထားလိုက်လေတော့သည်။



စင်ယောက် အသုံးပြုသော သိုင်းကွက်မှာ ရိုးစင်း၏။

သို့သော် ရှောင်တိမ်းကြည့်သောအခါ မလွယ်ကူကြောင်း သိလိုက်ရ၏။

ဝူတင်စုမှာ သိုင်းကွက်တစ်ကွက်တည်းနှင့်ပင် စင်ယောက် လက်တွင်းသို့ ကျရောက်သွားလေတော့သည်။

ဝူတင်စု၏ ခန္ဓာကိုယ်မှာ ပျော့ခွေသွား၏။

ရုန်းကန်၍လည်း မရဖြစ်သွားသည်။

စင်ယောက်က ရယ်မောလိုက်ပြီး ....

"မင်းက ငါ့ကို ဘာကောင်ထင်လို့လဲ .... မင်းတို့ လုပ်ခိုင်းတာကို လုပ်မယ်လို့ ထင်လို့လား .... မင်းက ငါ့ကိုလာပြီး အနိုင်ကျင့်ချင်နေတာကိုး .... "

ထိုအချိန် လှေကုန်းပတ်ပေါ်မှ အသံများ ဆူညံစွာ ထွက်ပေါ်လာသည်။ စင်ယောက်က လန့်သွားသည်။

ထို့ကြောင့် ဝူတင်စုကို လျှော့ပေးလိုက်ကာ ....

"မင်း အပြင်ထွက်ကြည့်စမ်း .... ဘာတွေ ဖြစ်နေသလဲလို့၊ ငါ့ကို ပမာမခန့်နဲ့ အမိန့်ပေးလား စေခိုင်းလား လုပ်လို့ကတော့ မင်း အသေပဲ .... "

ဝူတင်စုမှာ တံခါးဝဆီသို့ လွှင့်ထွက်သွားသည်။

ဝူတင်စုမှာ အပြင်သို့ ရောက်လာ၏။

အပြင်သို့ ရောက်သည်နှင့် သူ၏မျက်နှာမှာ သွေးဆုတ်သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ ရှေ့ဘက်ပင်လယ်တွင် တိုက်လှေရှစ်စင်းက ရင်ပေါင်တန်းလျက် ရွက်တိုက်လာသည်ကို တွေ့လိုက်ရသောကြောင့် ဖြစ်ပါသည်။

တိုက်လှေများပေါ်၌ အနီရောင်အလံရှိ၏။

ထိုအလံ၏ အမှတ်အသားအရ ယခုလာနေသော လှေများမှာ သူတို့ကဲ့သို့ ပင်လယ်ဓားပြများ၏ လှေဖြစ်ကြောင်း သိလိုက်ရသဖြင့် သူ အတော်အတန် စိတ်ချမ်းသာမှု ရသွားသည်။

ထိုလှေရှစ်စင်းမှာ သူတို့ထံသို့ ဦးတည်လာလေသည်။

လှေပေါ်၌ လေးကိုင်ထားသော ပင်လယ်ဓားပြများ တန်းစီရပ်နေသည်ကိုလည်း တွေ့လိုက်ရ၏။

ဂူတင်စုက သူ၏ရှေ့ မလှမ်းမကမ်းမှ ငယ်သားတစ်ဦးအား လှမ်းမေးလိုက်၏။

"ဘယ်ကကောင်တွေလဲဟေ့ ...."

ငယ်သားက ဂူတင်စုအား အရိုအသေပေးကာ ....

"မွန်ညီနောင်သုံးဖော်ပါ ဆရာကြီး ...."

ထိုအဖြေကြားလိုက်ရသောအခါမှ ဂူတင်စုခမျာ အကြီးအကျယ် မျက်နှာပျက်ရတော့သည်။

မွန်ညီနောင်သုံးဖော်မှာ တိုင်ဝမ်၌ ကြီးပြင်းလာခဲ့သော ညီအစ်ကိုများဖြစ်ကြ၏။

သူတို့၏ သိုင်းပညာမှာ ထက်မြက်လှ၏။

ပင်လယ်ဓားပြ အုပ်စုများအကြား ကျော်ကြားလာခဲ့သည်မှာ



လည်း ဆယ်နှစ်နီးပါး ရှိနေခဲ့လေပြီ။ ယခုပင်ကြည့်ပါ။ သူတို့ စီးနင်းလာသည့် ရွက်လှေများသည်ပင် ရှစ်စင်းတိတိ ရှိနေလေပြီ။

သူတို့သည် လွန်စွာ အင်အားကောင်း၏။

သူတို့၏ သိုင်းပညာမှာ ထက်မြက်လှ၏။

ပင်လယ်ဓားပြ အုပ်စုများအကြား ကျော်ကြားလာခဲ့သည်မှာလည်း ဆယ်နှစ်နီးပါး ရှိနေခဲ့လေပြီ။ ယခုပင်ကြည့်ပါ။ သူတို့ စီးနင်းလာသည့် ရွက်လှေများသည်ပင် ရှစ်စင်းတိတိ ရှိနေလေပြီ။

သူတို့သည် လွန်စွာအင်အားကောင်း၏။

သူတို့၏ အဖွဲ့သားများမှာလည်း တိုက်ရည်ခိုက်ရည်ကောင်း၏။

သတ္တိရှိကြ၏။

ဘုရင့်လှေများပင် မွန်ဂိုညီနောင်သုံးဖော်နှင့် ထိပ်တိုက်မတိုးရဲကြပေ။ ဘုရင့်တိုက်လှေများပင် ကြောက်ရသည်ဆိုတော့ သာမန်ဓားပြလှေများမှာ ပြောဖွယ်ရာမရှိတော့ပေ။

ဂူတင်စုအဖို့ မွန်ဂိုညီနောင်သုံးဖော်သည် ကြီးစွာသောခလုတ်ကန်သင်းကြီး ဖြစ်နေသည်။ ထိုသုံးဖော်ကို ရှင်းလင်းလိုသော်လည်း အခြေအနေက မပေးချေ။

ယခု အခြေအနေသုံးဖော်သည် ကြီးစွာသောခလုတ်ကန်သင်းကြီး ဖြစ်နေသည်။ ထိုသုံးဖော်ကို ရှင်းလင်းလိုသော်လည်း အခြေအနေက မပေးချေ။

ယခု အခြေအနေအရပင် ....

သူတို့က တိုက်လှေရှစ်စင်း၊ မိမိတို့က လေးစင်းသာ ရှိနေ၏။

www.burmeseclassic.com

www.burmeseclassic.com



အင်အားမှာ ထက်ဝက်မျှ ကွာခြားနေ၏။

သို့သော် ရှောင်လွှဲ၍ မရတော့ချေ။

ရင်ဆိုင်ရတော့မည်သာ ဖြစ်၏။

သူတို့က လှေကို ရင်ပေါင်တန်းလိုက်၏။

ထိုစဉ် မွန်ဂိုညီနောင်သုံးဖော်၏ လှေမှာ အနီးသို့ ရောက်လာ၏။

အကြီးမှာ မွန်လူလုံဖြစ်၏။

အလတ်မှာ မွန်လူဖုဖြစ်ပြီး၊ အငယ်မှာ မွန်လူစန်းဖြစ်၏။

မွန်ညီနောင်သုံးဖော်သည် အဘယ်ကြောင့် သူတို့ ကျက်စားသည့် ပင်လယ်ပြင်ထဲသို့ ရောက်လာခဲ့ရသနည်း။ ဤမေးခွန်းကို ကြာရှည်မစဉ်းစားရပါ။ မွန်လူယုံ၏ လှေဆီမှ လှမ်းအော်ပြောသံကြောင့် မွန်ညီနောင်များ သူတို့ ကျက်စားသည့် ရေပြင်ထဲ ရောက်လာသည့် အကြောင်းရင်းကို သိလိုက်ရတော့သည်။

မွန်လူလုံက သူတို့၏ လှေကို ဂူတင်စုတို့ လှေရှေ့၌ ပိတ်၍ရပ်လိုက်သည်။

"အားလုံး နားထောင်ပါ .... ကျုပ်တို့နဲ့ ခင်ဗျားတို့ဟာ ဘဝတူတွေပါ .... အခုတလော ကျုပ်တို့က လုပ်ငန်းမရှိတော့ ရိက္ခာပြတ်နေတယ် .... ခင်ဗျားတို့ကတော့ ပွဲပေါက်တစ်ခု ရခဲ့တယ်လို့ ကြားတယ်၊ ဒီတော့ ကျုပ်တို့ကို ဈေးဗူးခဲ့ကြပါ .... "

ဂူတင်စုက သိလိုက်၏။

အပေါ်ယံကြားကောင်းအောင် ပြောနေခြင်းသာ ဖြစ်၏။



အမှန်စင်စစ် သူတို့ တိုက်ယူရရှိလာသော ဘုရင့်ဘဏ္ဍာတော်များကို မိုက်ကြေးလာခွဲခြင်းပင် ဖြစ်တော့သည်။

ဂူတင်စု ပြန်အော်ပြောရသည်။

"တို့လည်း အလုပ်အကိုင် မကောင်းပါဘူး .... တို့မှာ အသက်နဲ့ရင်းပြီး ရလာတဲ့ ရွှေငွေနည်းနည်းပဲရှိတယ် .... ဒါကြောင့် မဈေးဗူးနိုင်တာ ခွင့်လွှတ်ပါ .... "

မွန်လူလုံက ထိုစကားကြားသောအခါ ရယ်မောလေတော့သည်။

ပြီးမှ ....

"ဘာဖြစ်လို့ အချင်းချင်းတွေ လိမ်ပြောရတာလဲ .... ခင်ဗျားတို့ ဘုရင့်ဘဏ္ဍာတွေ ရလာတယ် မဟုတ်လား .... ကျုပ်တို့ ကြားပြီးပါပြီ .... ဒီသတင်းဟာ လိမ်ညာလို့ရတာမျိုးလည်း မဟုတ်ပါဘူး .... ဘာပဲဖြစ်ဖြစ် ပင်လယ်ဓားပြညီနောင်ချင်း မျှဝေခွဲခြမ်းဖို့တော့ သင့်ပါတယ် .... "

ဂူတင်စုက ....

"မပေးခဲ့ရင်ကော .... "

မွန်လူလုံက ....

"မပေးရင် သွေးထွက်သံယိုဖြစ်ဖို့ သေချာပါတယ် .... "

ထိုစကားကြားသောအခါ ဂူတင်စုမှာ ဒေါသထွက်သွားလေသည်။

ဂူယန်ချင်က ....

www.burmeseclassic.com

www.burmeseclassic.com



“မင်းတို့က တကယ့်အရိုင်းအစိုင်းတွေပဲ .... ခေါက်တူသား ဘာလို့ စားချင်ရတာလဲ .... ”

ဟု အော်ပြောလိုက်၏။

မွန်ညီနောင်မှာ သူတို့က တိုင်ဝမ်ဇာတိဖြစ်၏။

ထို့ကြောင့် အရိုင်းအစိုင်းဟု ပြောခံရသောအခါ အလွန်စိတ်ဆိုးကြသည်။

အလတ်မွန်လူဖုက ....

“မင်းတို့ လူကို မဆဲနဲ့ .... သတ္တိရှိရင် ငါနဲ့ချမယ် .... ”

ဟု အော်ဟစ်ရင်း ဂူတင်စုတို့လှေပေါ်သို့ ခုန်တက်လာလေသည်။

သူ၏ ကိုယ်ဖော့ပညာမှာ မဆိုးပါ။

ဂူတင်စုတို့ လှေပေါ်သို့ ညင်သာစွာ ကျရောက်လာ၏။

မွန်လူလုံ၏ လက်နက်မှာ သံထည်ဖြင့် ပြုလုပ်ထားသော လှော်တက်ဖြစ်၏။

အလေးချိန်ပိသော ငါးဆယ်ခန့်ရှိ၏။

သူတို့က ခွန်အားကြီးသူဖြစ်သောကြောင့်သာ ဤသံလှော်တက်ကို လက်နက်အဖြစ် အသုံးပြုနိုင်ခြင်း ဖြစ်သည်။

မွန်လူလုံမှာ လှေပေါ်ရောက်သည်နှင့် ဖြတ်ကာ ပြန်လည်တိုက်ခိုက်သည်။

တစ်ခဏချင်းပင် သိုင်းကွက်ငါးကွက်ခန့် ယှဉ်ပြိုင်လိုက်ကြ၏

ဝူယန်ချင်မှာ လျင်မြန်သောကြောင့်သာ မွန်လူဖု၏ လှော်



တက်စာ မထိခဲ့ခြင်း ဖြစ်သည်။

ထိုစဉ် မွန်လူစန်းကလည်း လှေပေါ်သို့ ခုန်တက်လာ၏။

သူ၏လက်နက်မှာကြေးဖြင့်ပြုလုပ်ထားသောတနှစ်လက်ဖြစ်၏။

သူက ဝူယန်ချင်အား တိုက်ခိုက်မည်အပြု ဝူယန်ကျုံးက ဟန့်တားတိုက်ခိုက်လိုက်လေသည်။

ဝူယန်ကျုံးမှာ စုတ်တံသိုင်းသမားဖြစ်၏။

သူက စုတ်တံဖြင့် မွန်လူစန်း၏ သွေးကြောများကို ဦးတည်တိုက်ခိုက်သည်။ ဤသို့သော အခြေအနေမှာ အနုလက္ခဏာပြသော အခြေအနေ ဖြစ်ပါသည်။

ဂူတင်စုသည် ထိုအခြေအနေကို မကြိုက်ပါ။

“မွန်လူယုံ .... ဒီလိုရန်ဖြစ်တာ မကောင်းပါဘူး .... အေးအေးဆေးဆေး ဆွေးနွေးတာ ကောင်းပါတယ် .... ”

“မင်းလည်း သေတာပဲ ကောင်းတယ် .... ဘာမှ ပြောမနေနဲ့”

မွန်လူလုံက ဒါပဲပြောသည်။

မွန်လူလုံသည် လှေပေါ်သို့ ခုန်တက်မလာပါ။

သို့သော် သူ့ထံမှ လက်နက်တစ်ခုသည် ဝှီးခနဲ ရောက်ရှိလာသည်။

သူ၏လက်နက်မှာ ကျောက်ဆူးကို သံကြိုးတပ်ထားခြင်းဖြစ်၏။

သူ၏ ကျောက်ဆူးမှာ လှေကိုငြိမ်သက်အောင် ကျောက်ချသော ကျောက်ဆူးမဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ထိုကဲ့သို့ ပုံသဏ္ဍာန်မျိုး စိမ်ပြုလုပ်ထားသော ကျောက်ဆူးလက်နက်သာ ဖြစ်ပါသည်။

ထိုအုပ်စုထဲတွင် ဂူတင်စုမှာ သိုင်းပညာအနိမ့်ဆုံး ဖြစ်ပါသည်။

သို့သော် အတွေ့အကြုံမှာမူ အတော်ကလေး ရင့်ကျက်သည်။

ပရိယာယ်ဝေစုစ်လည်းများသည်။

မွန်ညီနောင်သုံးဦး၌ အတော်ဆုံးလူမှာ မွန်လူလုံပင် ဖြစ်ပါ၏။

သူ့အနေနှင့် မွန်လူလုံနှင့် မယှဉ်သာကြောင်း ဂူတင်စု သဘောပေါက်ထားသည်။

ထို့ကြောင့် သူက ပြန်မတိုက်ခိုက်ပါ။

ပြေးလွှားရှောင်တိမ်း၍သာ နေလေသည်။

မွန်လူလုံကလည်း ကျောက်ဆူးနှင့်သာ ပစ်လွှင့်တိုက်ခိုက်နေသည်။

ကျောက်ဆူးလက်နက်မှာ ဂူတင်စုအား မထိဘဲရှိနေသည်။ ဂူတင်စု အရှောင်အတိမ်း ကောင်းနေသည်။

လှေနံရံများ၊ လှေဘောင်များကိုသာ ထိမှန်သည်။

ဂူတင်စုမှာ သူ့အား မယှဉ်ရဲကြောင်းကို မွန်လူလုံရိပ်မိသိရှိသွားသည်။

ထို့ကြောင့် သူက ဖိပြီးတိုက်ခိုက်လာသည်။

ကျောက်ဆူးကို ပစ်လွှင့်ပြီး သူကိုယ်တိုင် လှေပေါ်ခုန်တက်လာသည်။

ဂူတင်စုမှာ အခြေအနေမကောင်းတော့ကြောင်း သိလိုက်၏။



ထို့ကြောင့် စင်ယောက်ရှိနေသော အခန်းတွင်းသို့ ပြေးဝင်ရတော့သည်။

ထို့ကြောင့် စင်ယောက်ရှိနေသော အခန်းတွင်းသို့ ပြေးဝင်ရတော့သည်။

ကျောက်ဆူးသည် အခန်းတံခါးကို လာရောက်ထိမှန်သည်။

"ဝုန်း .... "

အခန်းတံခါးမှာ ကျိုးပဲ့သွား၏။

မွန်လူလုံမှာ နောက်မှ ပြေးလိုက်လာ၏။ ယုန်အပြေး ခွေးအလိုက်နှယ်တကား။

ဂူတင်စုသည် ပြေးလွှားရင်း အသံကုန် ဟစ်အော်တော့၏။

"ခေါင်းဆောင်ကြီး .... ကယ်ပါဦး .... ကျွန်တော်တို့ ဒုက္ခတွေ့နေပြီ .... ကယ်ပါဦး .... "

စင်ယောက်မှာ အထဲ၌ထိုင်နေ၏။

သူက အပြင်၌တိုက်ခိုက်နေသံများကို ကြား၏။

တမင်မထွက်ဘဲ နေနေခြင်းဖြစ်သည်။

ပင်လယ်ဓားပြ အချင်းချင်းတိုက်ပွဲ၌ သူက မည်သည့်ဘက်မျှ ကူညီလိုစိတ် မရှိချေ။

ဂူတင်စုက သူ့အား ကတုံးပေါ် ထိပ်ကွက်လုပ်ခြင်းကိုလည်း သူ ဒေါသထွက်နေခဲ့သောကြောင့် ဖြစ်သည်။

သို့သော် ယခု မနေသာတော့ပါ။

ဂူတင်စုမှာ အခန်းထဲ ရောက်လာပြီး ....

www.burmeseclassic.com

www.burmeseclassic.com



"ကယ်ပါ .... ကယ်ပါ .... "

တစာစာ အကူအညီတောင်းနေပြီ မဟုတ်ပါလား။

ရန်သူကလည်း အထဲသို့ ဝင်လာနေပြီ မဟုတ်ပါလား။

ထို့ကြောင့် သူက အတွင်းအားကို စုစည်းလိုက်၏။ အအေးလက်ဝါးသိုင်း၏ အခြေခံအတွင်းအားသာ ဖြစ်ပါသည်။

မွန်လူလုံမှာ အခန်းထဲဝင်လာ၏။

အခန်းထဲရောက်သောအခါ တစ်ကိုယ်လုံး ပြာနေသော စင်ယောက်ကို တွေ့သောအခါ အံ့အားသင့်သွား၏။ သူ ဆက်မတိုက်တော့ဘဲ လှမ်းမေးသည်။

"မင်း ဘယ်သူလဲ .... "

"ဟား .... ဟား .... ဟား .... "

စင်ယောက်က တဟားဟားနှင့် ရယ်မောလိုက်လေ၏။

"ငါက .... ငါပဲ .... "

ဘာ .... ဘယ်သူ .... "

"မင်းတော်တော်ရှည်တဲ့ကောင်ပဲ .... ငါ့ဒေါသမထွက်ခင် မင်းအမြန်ဆုံးထွက်သွားစမ်း .... "

စင်ယောက်သည် ဟူရှန်ဖုံနှင့် လက်ပွန်းတတီး နေခဲ့ရသဖြင့် ဟူရှန်ဖုံ၏ လေအချို့ကို ရရှိထားသည်။

သူသည် မွန်လူလုံကို အေးတိအေးစက်လေသံဖြင့် မောင်းထုတ်လိုက်သည်။

မွန်လူလုံက ဒေါသထွက်သွား၏။



"လေကြီးတဲ့အကောင် ကြည့်ရှောင်ပေတော့ .... "

မွန်လူလုံသည် ကျောက်ဆူးလက်နက်ဖြင့် ပစ်ပေါက်တိုက်ခိုက်လာလေတော့၏။

စင်ယောက်မှာ ဟူရှန်ဖုံ၏ ပညာကို ယုံကြည်ပြီးဖြစ်၏။

ထို့ကြောင့် သူက စိုးစဉ်းမျှ မတုန်လှုပ်ပါ။

အတွင်းအားကို လက်ဝါး၌ စုစည်းပြီး .... ပစ်လွှင့်လာသောကျောက်ဆူးကို ပြန်ရိုက်ချလိုက်၏။ နောင်တော် နောက်ကြောင်း ပြန်ပြေးလာခြင်းအတွက် လွန်စွာထိတ်လန့်သွား၏။

သူတို့၏ ရန်သူများကို ခပ်ကြမ်းကြမ်း တွန်းလှန်လိုက်ပြီး မွန်လူလုံအား သွားရောက်ဆီးကြိုလိုက်ကြရ၏။

"နောင်တော် .... ဘာ .... ဘာဖြစ်တာလဲ .... "

မွန်လူလုံ ဟောဟဲလိုက်နေ၏။ သူသည် နောက်ဘက်သို့ အမောတကော လက်ညှိုးထိုးပြနေ၏။

သူ့ညီတော်နှစ်ဦးသည် လှေဝမ်းထဲမှ ထွက်လာသည့် ပြာနှမ်းနှမ်း လူထူးလူဆန်းအား ငေးမောကြည့်မိကြ၏။

စင်ယောက်သည် တစ်လှမ်းချင်း လျှောက်လာနေသည်။

မွန်လူစန်းမှာ လွန်စွာရင်ထိတ်နေ၏။

တိုက်ပွဲက ရှောင်လွှဲ၍ မရတော့ချေ။ ထိပ်တိုက်တွေ့နေလေပြီ။

သူသည် သူ၏ လက်နက်တူနှစ်လက်ကို အသင့်ပြင်ထားလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူ့လက်နက်များ မမြောက်ရသေးမီ စင်ယောက်က သူတို့အနီးသို့ ရောက်ရှိလာ၏။

မွန်လူစန်း၏ တံတောင်ကို ချုပ်မိသွားသည်။

မွန်လူစန်း၏လက်မှာ ထုံကျဉ်သွားပြီး တူလက်နက်လည်း လွတ်ကျသွားသည်။

မွန်လူလုံမှာ သူ၏ညီ အဖြစ်အပျက်ကို တွေ့သောအခါ ပို၍ တုန်လှုပ်သွားလေတော့၏။

စင်ယောက် လက်တစ်ချက်ဆန့်ရုံနှင့် သူ၏ညီမှာ အဖမ်းခံလိုက်ရလေသည်။

ထို့ကြောင့် သူ့အနေဖြင့် စင်ယောက်နှင့် ရင်ဆိုင်ယှဉ်ပြိုင်ရန် သတ္တိမရှိတော့ချေ။

သူသည် စင်ယောက်ရှေ့၌ ဒူးထောက်ထိုင်ချလိုက်ပြီး ....

"ကျုပ် .... ကျုပ်တို့အသက်ကို ချမ်းသာပေးပါ ခင်ဗျာ .... ကျုပ်တို့ ခင်ဗျားကို မယှဉ်ရဲတော့ပါဘူး .... "

စင်ယောက်သည် ဒူးထောက်တောင်းပန်နေသော မွန်လူလုံကို ငုံ့ကြည့်လိုက်၏။

မွန်လူလုံ လွန်စွာကြောက်နေပြီဖြစ်ကြောင်း သူ သိလိုက်၏။

ပင်လယ်ဓားပြဆိုသူများကို စင်ယောက်သည် လွန်စွာအထင်သေးသွား၏။

ထို့ကြောင့် သူက သဘောကျစွာ ပြုံးလိုက်ပြီး ....

"မင်းတို့ကို သတ်ချင်ရင် လွယ်လွယ်ကလေးပါ .... ငါမေးလိုက်



ဦးမယ် .... မင်းတို့ ပစ္စည်းလိုချင်ကြသေးသလား .... "

မွန်လူလုံက ....

"မင်း .... မယူဝံ့တော့ပါဘူးဗျာ .... "

ဂူတင်စုသည် အခန်းထဲမှ မရဲတရဲ ထွက်လာသည်။

စင်ယောက် သိုင်းပညာ လွန်စွာထက်ကြောင်း သူ သိလိုက်ရပြီ။

အဘယ်ကြောင့်ဆိုသော် သူ ရှို့နေသည်။ မွန်ညီနောင်သည် စင်ယောက်ရှေ့၌ ဒူးထောက်နေပြီ မဟုတ်ပါလော။

သူသည် အခွင့်အရေးရခိုက် စင်ယောက်အား မိကျောင်းမင်း ရေခင်းပြလာသည်။

"သူတို့ကို ဒီအတိုင်း မလွှတ်ပေးနဲ့ .... ကျုပ်တို့လက်အောက်ကို ဝင်ခိုင်းလိုက် .... "

စင်ယောကက ဂူတင်စုအား စူးရှစွာကြည့်လိုက်၏။

"မင်း ပါးစပ်ပိတ်ထားစမ်း .... "

စင်ယောက်သည် ဂူတင်စုကို ခပ်စောစောကတည်းကပင် ဒေါသထွက်နေသည့်အလျောက မျက်နှာထားဖြင့် အော်ဟစ်ငေါက်ငမ်းလိုက်သည်။

ဂူယန်ချင်းတို့ညီအစ်ကိုနှစ်ယောက်၏ သဘောဆန္ဒသည်လည်း ဂူတင်စုနှင့် တူညီသည်။

စင်ယောက်အနေဖြင့်မွန်ညီနောင်တို့ကိုသိမ်းသွင်းစေချင်သည်။

သို့မှသာ သူတို့ ပင်လယ်ဓားပြအုပ်စုသည် ထိပ်သီးအုပ်စုဖြစ်လာမည် မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဤကိစ္စမှာ သူတို့အဆုံးအဖြတ်မဟုတ်။ စင်ယောက်၏ အဆုံးအဖြတ်သာ ဖြစ်လေတော့သည်။



## အခန်း(၅၇)

## ဆေရာတစ်ဆူဖြစ်လာခြင်း

ဂူတင်စုသည် လူအများရှေ့၌ အော်ငေါက်ခံလိုက်ရသောကြောင့် အတော်ပင် ရှက်သွားသည်။

စင်ယောက်ကမူ လွှန်စွာနာကျင်သွား၏။ ဂူတင်စုသည် သူ့ကို ရုပ်သေးရုပ်အဖြစ် သဘောထားနေသည်။

ယခု မည်သူကျား မည်သူနဂါးမှန်း သိသွားလေပြီ။

သူသည် ဂူတင်စုအား မုန်းတီးရွံ့ရှာစွာ တစ်ချက်ကြည့်ပြီး မွန်လူလုံတို့ဘက်သို့ လှည့်၍မေးလိုက်၏။

စင်ယောက်က ....

“မင်းတို့ ငါ့ပညာကို ကျေနပ်ရဲ့လား .... ထပ်ပြီး ယှဉ်ချင်ကြသေးသလား .... ”

မွန်လူလုံနှင့် မွန်လူစန်းက ပြိုင်တူပင် ဖြေကြ၏။

“ကျေနပ်ပါတယ် .... ကျေနပ်ပါတယ် .... ”

မွန်လူလုံက ထပ်မံဖြည့်စွက်ပြော၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့ မယှဉ်ဝံ့ပါဘူးဗျာ .... ခင်ဗျားက ကျုပ်တို့ထက် အပြတ်အသတ် ပညာသာပါတယ် .... "

"ကောင်းပြီ .... "

"မင်းတို့ မယှဉ်ဝံ့တော့ဘူးဆိုရင် ငါ့စကားနားထောင် .... "

"ဟုတ်ကဲ့ .... ဟုတ်ကဲ့ .... နားထောင်ပါမယ် .... "

"နောက်တစ်လလောက်မှာ ပင်လယ်စားပြအဖွဲ့အသီးသီးကို စုရုံးလာခဲ့ .... စန်တူအော့ ပင်လယ်ကွေ့ ကမ်းခြေအသစ် ဆိပ်ကမ်းမှာ အစည်းအဝေးလုပ်မယ် .... ကြားရဲ့လား .... တရုတ်ပြက္ခဒိန် တစ်လနဲ့ ခြောက်ရက်နေ့လောက်ပေါ့ .... "

မွန်ညီနောင်က ခေါင်းညိတ်လိုက်၏။

"ကောင်းပါပြီ .... ကျွန်တော်တို့ လာခဲ့ပါ့မယ် .... "

"မင်းတို့ ကတိတည်ကြနော် .... "

"စိတ်ချပါ .... ကျုပ်တို့ ဘယ်တုန်းကမှ ကတိမပျက်ခဲ့ပါဘူး ရောက်အောင် လာခဲ့ပါ့မယ် .... မရောက်ရောက်အောင် လာခဲ့ပါ့မယ်"

စင်ယောက်က လက်ကို ခါယမ်းပြီး ထွက်ခွာခွင့် ပြုလိုက်လေ၏။

"ဒါဆိုရင် သွားကြတော့ .... "

မွန်ညီနောင်တို့သည် နောက်ဆုတ်ပြီး သူတို့လှေပေါ်သို့ ခုန်တက်သွား၏။

ထို့နောက် ချက်ချင်းပင် ဆုတ်ခွာသွားကြလေတော့သည်။



ရွက်လှေကြီးရှစ်စင်းသည် စင်ယောက်တို့အား ကျောပေးထွက်ခွာသွားကြလေပြီ။

အခြေအနေ အေးချမ်းသွားပြီ ဖြစ်၏။

ဂူညီနောင်မှာ ပထမပိုင်းက စင်ယောက်အား မလေးစားခဲ့ကြချေ။

ယခုပွဲတွင် စင်ယောက်၏ အစွမ်းအစကို တွေ့မြင်လိုက်ရပြီဖြစ်သောကြောင့် မလေးမစား မရှိကြတော့ပေ။ စင်ယောက်ထံ၌ ခေါင်းဆောင်နိုင်သည့် အရည်အချင်းရှိသည်ဟု သူတို့ သတ်မှတ်လိုက်ကြလေပြီ။

စင်ယောက်က ဂူယန်ချင်ရှေ့သို့ လျှောက်လာပြီး မေးလိုက်၏။

"မင်းတို့ စောစောက ပစ္စည်းဝှက်မယ့် ကျွန်းက ဘာကျွန်းလို့ ခေါ်သလဲ .... "

ဂူချင်က ....

"ဒီကျွန်းဟာ နန့်ကျုံစန် ကျွန်းစုက ကျွန်းတစ်ကျွန်းပါ"

စင်ယောက်က မှတ်သားထားလိုက်၏။ သူသည် ကျွန်းကို သိသော်လည်း နာမည်ကိုတော့ မသိပေ။

ပြီးမှ သူက ....

"မင်းတို့ ဝိုက်ကားနှစ်ခုဟာ ပူပေါင်းလက်စနဲ့ ဆက်ပြီး ပူးပေါင်းပါ .... ရှေ့မှာ ပူးပေါင်းဖို့ ပိုလိုအပ်လာနေပြီ .... "

"ဒါဆိုရင် ပူးပေါင်းလိုက်ပါ .... "

www.burmeseclassic.com



"ဟုတ်ကဲ့ .... ဘယ်သူခေါင်းဆောင်လုပ်မယ်ဆိုတာလည်း ခင်ဗျားကပဲ အမိန့်ရှိပါ .... ကျွန်တော်တို့ မူးပေါင်းပါမယ် .... "

ဝူတင်စုသည် ထိုစကားကြောင့် ဝမ်းသာသွား၏။

စင်ယောက်အား ဤလေ့များပေါ်သို့ ခေါင်းဆောင်ကြီးအဖြစ် ခေါ်လာသူမှာ သူတို့ဖြစ်၍ ပင်လယ်ဓားပြနှစ်ဖွဲ့၏ ခေါင်းဆောင်အဖြစ် သူ့ကို ခေါင်းဆောင်တင်လိမ့်မည်ဟု ယုံကြည်သည်။

သူသာ နှစ်ဖွဲ့စလုံး၏ ခေါင်းဆောင်ဖြစ်လျှင် သူ၏ စိတ်ကူးယဉ် အိပ်မက်တို့ အကောင်အထည်ဖော်နိုင်တော့မည် မဟုတ်ပါလော။

သူသည် စိတ်ဝင်စားစွာဖြင့် စင်ယောက် ဆက်ပြောမည့် စကားကို နားစွင့်နေ၏။

စင်ယောက်က ....

"မင်းတို့ ညီအစ်ကိုနဲ့ ဝူတင်စုကို ငါ ယှဉ်ကြည့်ပြီးပြီ .... မင်းတို့ ညီအစ်ကိုရဲ့ သိုင်းပညာဟာ မွန်လူလုံတို့ ညီအစ်ကိုကိုတော့ မနိုင်ဘူး။ ဒါပေမယ့် မင်းတို့က ခေါင်းဆောင်ပီသစွာ ပြန်တိုက်ခိုက်တယ် .... ဝူတင်စုကတော့ ထွက်ပြေးတယ် .... ခေါင်းဆောင်မပီသဘူး .... ဒီတော့ မင်းတို့ ညီအစ်ကိုပဲ ခေါင်းဆောင်လုပ်ပေတော့ .... "

ဝူတင်စုသည် အကြီးအကျယ် စိတ်ပျက်သွား၏။

စင်ယောက်ကိုလည်း လွန်စွာဒေါသဖြစ်သည်။

"ငါ တင်ထားတဲ့မြောက်က ငါ့ကို ပြန်ချောက်တယ် .... "

ဤစကားသည် ဝူတင်စု၏ နှုတ်မှထွက်သည့်စကား မဟုတ်ပါ။ စိတ်ထဲမှကျိတ်၍ ပြောလိုက်သည့်စကား ဖြစ်ပါသည်။



ဝူတင်စုမှာ တွေးရင်း ဒေါသများ တရိပ်ရိပ်တက်လာလေ၏။ သို့သော် ထိုဒေါသများကို မျက်နှာပေါ် ဖော်မပြပါ။

သူက ငွယန်ချင်အား ချီးကျူးဂုဏ်ပြုခြင်းပင် ပြုလုပ်လိုက်သေး၏။

ခင်ဗျားတို့ ခေါင်းဆောင်ဖြစ်တာကို ကျုပ် ကျေနပ်ပါတယ်၊ အဓိကကတော့ ကျုပ်တို့ ပင်လယ်ဓားပြနှစ်ဖွဲ့ ကျော်ကြားထင်ရှားဖို့ ပါပဲဗျာ .... "

စင်ယောက်က လက်ခုပ်တီးပြီး ....

"အားလုံးနားထောင်ကြ .... အခုချိန်ကစပြီး အဖွဲ့နှစ်ဖွဲ့စလုံးရဲ့ ခေါင်းဆောင်ဟာ ငွယန်ချင်တို့ ညီအစ်ကိုပဲ .... နှစ်ဖွဲ့စလုံးက အဖွဲ့သားတွေဟာ စည်းလုံးပါ .... မိသားစုစိတ်ဓာတ်မွေးပါ .... အေးအတူ ပူအမျှ ခံစားကြပါ .... ဒါဆိုရင် ဒီအဖွဲ့ဟာ မကြာခင် နာမည်ကျော်ကြား ထင်ရှားလာလိမ့်မယ် .... "

ငွယန်ချင်က ....

"အမိန့်အတိုင်းပါပဲ .... "

သူ၏ စကားအဆုံး၌ ယင်သားများက တခဲနက် ဩဘာပေးလိုက်ကြလေသည်။

လက်ခုပ်သံများမှာ တော်တော်နှင့် မစဲပါ။

ပင်လယ်ထဲမှသည် မိုးကောင်းကင်ထဲသို့ပင် လျှံထွက်သွားခဲ့လေသည်။

ထိုမှ နောက်ပိုင်းတွင် ဝူတင်စုတစ်ယောက်မှာ ငေးငေးငိုင်ငိုင်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာတော့သည်။

သူ၏အတွေးများမှာ ချာချာလည်နေ၏။

သူ၏အကြံအစည်များအားလုံး ပျက်စီးသွားခဲ့ပြီ မဟုတ်ပါလား။

သူ့စိတ်ကူးယဉ် အိပ်မက်များ ပျက်စီးသွားခဲ့ပြီ မဟုတ်ပါလား။

သူက စင်ယောက်အား ဘန်းပြကာ ပင်လယ်ဓားပြအဖွဲ့အစည်းအားလုံးကို စုစည်းကြိုးကိုင်ရန် စဉ်းစားထား၏။ ယခု စင်ယောက်က ပြန်လည်ကြိုးကိုင်သွားခဲ့လေပြီ။ သူ့ကိုပင် ဖယ်ရှားရှင်းလင်းပစ်ခဲ့သည်။

သူ၏ ဒေါသရိပ်များ တရိပ်ရိပ် တက်လာ၏။

သို့သော် ဒေါသထွက်ကြောင်း မသိစေရပါ။ စင်ယောက်ကို သူ မယှဉ်နိုင်သဖြင့် မကျေနပ်ကြောင်း မပြောဝံ့ပါ။

အကယ်၍ စင်ယောက်က တိုက်ခိုက်လာလျှင် မည်သို့ရှိမည်နည်း။

ဝူတင်စုမှာ အံကြိတ်ပြီး စဉ်းစားနေ၏။

မကြာမီ အကြံတစ်ခု ရလာလေတော့သည်။ စင်ယောက်တို့ သတိမပြုနိုင်မီ သူ့လူယုံများကိုခေါ်ပြီး လှေဝမ်းထဲသို့ သွားလေတော့၏။

စင်ယောက်သည် တံငါသည်သား၊ တောသားဖြစ်သော်လည်း သူ့ကိုယ်သူ ယုံကြည်မှု အတော်အတန်ရနေပြီဖြစ်၍ ဝူတင်စု၏ အတွင်းစိတ်ကို ရိပ်စားမိသည်။ ထို့ကြောင့် မသိမသာ အကဲခတ်နေသည်။

သိပ်မကြာပါ။

ဝူတင်စုလူစု ပြန်ထွက်လာလေသည်။



သူတို့သည် ဟန်မပျက်ဘဲ ရောနှောရယ်မောနေကြသည်။ ထိုအရယ်အပြုံးများနောက်၌ ကြောက်စဖွယ် ကောက်ကျစ်မှုတစ်ခုရှိမည်ကို စင်ယောက် ခန့်မှန်းတွေးတောမိပေသည်။

ထိုနေ့ညနေ၌ လှေကြီးလေးစင်းပေါ်၌ အောင်ပွဲကြီး ကျင်းပကြ၏။

မွန်ညီနောင်တို့အပေါ် အောင်ပွဲခံနိုင်ခြင်းနှင့် ပင်လယ်ဓားပြနှစ်ဖွဲ့ ပေါင်းနိုင်ခြင်း၏ အောင်ပွဲဖြစ်သည်။

ဝူယန်ချင်၊ ဝူယန်ကျူးနှင့် စင်ယောက်တို့မှာ စားပွဲတစ်လုံး၌ ထိုင်နေ၏။

ဝူတင်စုတစ်ယောက် ရောက်မလာသေးချေ။ သူ့ကို စောင့်နေကြရသည်။

အတန်ကြာသော် ဝူတင်စုနှင့် သူ၏ ကိုယ်ရံတော်များသည် ရွှေရောင်အိုးတစ်လုံးကို မ,လာလေသည်။

ထို့နောက် စင်ယောက်တို့ စားပွဲဆီသို့ လျှောက်လာပြီး အရက်အိုးကို စားပွဲပေါ်တင်လိုက်၏။

"ကျွန်တော့်မှာ .... နှစ်ချို့အရက်ကောင်းတစ်အိုးရှိတယ် .... ကျွန်တော် နှမြောပြီး မသောက်ရက်လို့ ချန်ထားတာပါ .... အခု ဒီဂုဏ်ပြုပွဲမှာတော့ ထုတ်ပြီးမတိုက်လို့ မဖြစ်တော့ဘူး .... ကျွန်တော်တို့ရဲ့ အောင်ပွဲက သိပ်ပြီးကြီးမားတယ် မဟုတ်လား .... "

ဝူယန်ချင်တို့ ညီအစ်ကိုသည် ထိုစကား ကြားသောအခါ ဝမ်းသာသွား၏။

www.burmeseclassic.com

www.burmeseclassic.com



သူတို့က ဂူတင်စု၏ စေတနာကို လေးစားသွားလေသည်။

ဂူတင်စုသည် သူ့ကိုယ်ကျိုးထက် စားပြအဖွဲ့ကြီးနှစ်ဖွဲ့၏ အကျိုးကို လိုလားသူ ဖြစ်ပါလော။

"ငါတို့အားလုံး ညီအစ်ကိုတွေပဲ .... အားမနာကြနဲ့ .... တစ်ယောက်တစ်ခွက် ပျော်ပျော်ပါးပါး သောက်ကြပါ .... ဒီအရက်လောက်ကောင်းတဲ့အရက်ကို နေပြည်တော်မှာ သွားရှာမှရမှာ .... "

ထို့နောက် သူက စင်ယောက်နှင့် ဂူယန်ချင်၊ ဂူယန်ကျုံးတို့ရှေ့၌ ခွက်ထဲသို့ အရက်ထည့်လိုက်၏။

ထို့နောက် သူကလည်းတစ်ခွက်ထည့်ကာ သောက်လိုက်သည်။

ဂူယန်ချင်နှင့် ဂူယန်ကျုံးတို့သည် ဂူတင်စုအပေါ်၌ လုံးဝ သံသယမရှိကြပေ။ ထို့အပြင် အရက်ကို သူကိုယ်တိုင် သောက်နေသေးသည် မဟုတ်ပါလော။

ထို့ကြောင့် ဘာမျှ မစဉ်းစားတော့ဘဲ .... အရက်ခွက်ကို ကိုင်မြှောက် ယူလိုက်၏။

စင်ယောက်က ဟန့်တားလိုက်၏။

"နေဦး .... မသောက်နဲ့ဦး .... "

စင်ယောက်၏ ဟန့်တားမှုကြောင့် ဂူညီနောင်တို့မှာ ကြောင်အမ်းအမ်း ဖြစ်သွားကြရသည်။ အဘယ့်ကြောင့် ဟန့်တားရပါသနည်း။ သူသည် မေးခွန်းထုတ်သော မျက်လုံးများဖြင့် စင်ယောက်ကို ပြန်ကြည့်ကြသည်။

စင်ယောက်က လက်ကာပြလိုက်၏။



စင်ယောက်သည် ဂူတင်စုအား အမြဲတမ်း အကဲခတ်နေသူဖြစ်၏။

ထို့ကြောင့် သူတို့အရက်ခွက်ထဲသို့ အရက်ထည့်သောအခါ ဂူတင်စု၏ လက်သည်းများကြားမှ အမှုန်ကလေးများ ကျလာကြောင်း သူ တွေ့ရှိပြီးခဲ့လေပြီ။

ထို့ကြောင့် သူအနေဖြင့် ဟန့်တားလိုက်ရခြင်းဖြစ်သည်။

စင်ယောက် ပို၍ သေချာစေရန် ဂူတင်စုအား စိုက်ကြည့် အကဲခတ်လိုက်၏။

ဂူတင်စုမှာ ရင်ထိတ်သွား၏။

သူ၏ အကြံအစည်အား ရိပ်မိသွားပြီလောဟု စိုးရိမ်သွားသည်။

စင်ယောက်က အေးစက်စွာ ပြောလိုက်၏။

"ဂူတင်စု .... အရက်ခွက်ချင်း လဲသောက်ရအောင် .... မင်းက ငါ့ခွက်ကိုသောက် .... ငါက မင်းခွက်ကိုသောက်မယ် .... ဘယ်လိုလဲ"

ဂူတင်စုမှာ အကြီးအကျယ် မျက်နှာပျက်သွားလေတော့၏။

သူ၏အကြံအစည်များကို စင်ယောက် သိရှိသွားခဲ့လေပြီ .... ။

အို .... ခိုးဝှက်လုပ်ကြံ၍ မအောင်မြင်လျှင် ပြောင်တိုက်ခိုက်ရုံပေါ့။

ထို့ကြောင့် သူသည် တိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

သို့သော် နောက်ကျသွားပြီ ဖြစ်၏။

စင်ယောက်က ဂူတင်စုအား လျှပ်တစ်ပြက် ဖမ်းချုပ်လိုက်သည်။

စင်ယောက်သည် ဂူတင်စုအား ဆုပ်ကိုင်ထိန်းသည်နှင့် ပါးစပ်ကို

www.burmeseclassic.com

www.burmeseclassic.com



ဟာအောင်လုပ်လိုက်သည်။

ထို့နောက် သူ၏အရက်ခွက်အား ဟာနေသော ပါးစပ်ထဲသို့ လောင်းချလိုက်လေ၏။

ဝူတင်စု ဘာမျှ မခုခံနိုင်ပါ။ ပါးစပ်ထဲအရက်မဝင်အောင် မပြုလုပ်နိုင်ပါ။

သူသည် ရှန်းကန်၍ပင်မရဘဲ ဖြစ်နေသည်။

ပါးစပ်ကိုလည်း ပိတ်၍မရပါ။

နောက်ဆုံး အရက်တစ်ခွက်လုံး ဝမ်းထဲသို့ ဝင်သွားလေတော့သည်။

ထိုအခါ စင်ယောက်က လွှတ်ပေးလိုက်တော့၏။

ဝူတင်စုသည် သူ၏လည်ပင်းကို ဆုပ်ကိုင်ရင်း ငါးရံ့ပြာလူးအော်ဟစ်မိလေ၏။

"ကယ်ကြပါဦး .... ငါ့လူတွေ လာကြပါဦး .... ငါ အဆိပ်ခတ်ခံရပြီ .... "

ဝူတင်စုနှင့် သူ၏လူယုံများနှင့် စည်းဝါးရိုက်ထားကြသည်။

သူက လုပ်ကြံမှုအောင်မြင်သည်နှင့် သူ့အား အဖွဲ့သားများ ပုန်ကန်မှုမရှိစေရန်အတွက် အကာအကွယ်ပေးရန်ဖြစ်၏။

ယခု သူ၏အကြံအစည် မအောင်မြင်တော့ပါ။

သူကိုယ်တိုင်ပင် ပြန်၍ အဆိပ်ကို သောက်မိနေပြီဖြစ်၏။

သူများမကောင်းကြံ ကိုယ်သာခံဆိုသည့်စကားမှာ မှန်နေပြီ မဟုတ်ပါလော။



ပင်လယ်ဓားပြဂိုဏ်းသားများသည် ဝူတင်စုအလောင်းကိုဓောပင်လယ်ထဲပစ်ချလိုက်ကြလေတော့၏။

တိုက်လေ့များပေါ်၌ ပြန်လည်ငြိမ်သက်သွားလေပြီ။ ဝူတင်စု၏ရန် အေးငြိမ်းသွားပြီ မဟုတ်ပါလား။

သို့သော် လူတိုင်း၏ရင်ထဲ၌ တုန်လှုပ်နေ၏။

ဝူညီနောင်မှာ မိမိတို့သေဘေးမှ လက်မတင်လေး လွတ်လာသည့်အတွက် သက်ပြင်းချမိ၏။

စင်ယောက်ကိုလည်း အလွန်အမင်း ကျေးဇူးတင်သွားကြသည်။ သူတို့၏ အသက်သခင်ကျေးဇူးရှင် မဟုတ်ပါသလော။

သူတို့သည် စင်ယောက်ကို ဂါရဝပြုလိုက်ကြ၏။

"ဒီတစ်ခါလည်း ခင်ဗျားဟာ ကျုပ်တို့ရဲ့အသက်ကို ကယ်လိုက်တာပါပဲဗျာ .... "

စင်ယောက်သည် အလိုအလျောက် ဂုဏ်တက်နေသည်ကို လွန်စွာကျေနပ်နေ၏။ ယခင်ကဆိုလျှင် တံငါသည်သား သူ့ကို မည်သူမျှ အရေးမယူ အဖက်မလုပ်ကြချေ။

ဝူယန်ချင်က ....

"ခင်ဗျားဟာ ကျုပ်တို့ အသက်သခင်ပါ .... ဒါကြောင့် ကျုပ်တို့ခေါင်းဆောင်အဖြစ် တာဝန်ယူပါ ခင်ဗျာ .... ကျုပ်တို့ဟာ ခင်ဗျားနဲ့ ယှဉ်လိုက်ရင် သဲမှုန်သာသာပဲ ရှိပါတယ် .... "

စင်ယောက်က ခေါင်းခါလိုက်ပြီး ....

"ငါက သိပ်ပြီးပျင်းတဲ့ လူတစ်ယောက်ပါ .... ခေါင်းဆောင်မလုပ်ချင်ပါဘူး .... ငါ မင်းတို့ကို ခေါင်းဆောင်တာဝန်ပေးထားပြီးပြီကဲ .... ကဲ .... မင်းတို့ ငါ့ကိုခေါ်လာတဲ့ ကျွန်းကိုသာပြန်ပြီး ပို့ပေးပါ"

www.burmeseclassic.com

www.burmeseclassic.com



ဝူယန်ချင်တို့မှာ .... လွန်စွာအံ့အားသင့်သွားကြလေ၏။ စင်ယောက်သည် သူတို့၏ ခေါင်းဆောင်ကြီးအဖြစ် ဆောင်ရွက်မည်ဟု ထင်ထားခဲ့ကြသည် မဟုတ်ပါလား။

“ခင်ဗျားက အဲဒီကျွန်းကိုပြန်ပြီး ဘာလုပ်မှာလဲ .... ပစ္စည်းတွေ ပြန်မြှုပ်မလို့လား .... ”

စင်ယောက်က ....

“မဟုတ်ပါဘူး .... ကိစ္စတစ်ခုရှိလို့ပါ .... ”

ဝူယန်ချင်က ....

“ဘာကိစ္စလဲ .... ကျုပ်တို့ သိခွင့်ရှိနိုင်မလား .... သိခွင့်ရှိရင် သိပါရစေ .... ဘာရယ်မဟုတ်ပါဘူး .... ကူညီဖို့သက်သက်ပါ”

စင်ယောက်က တစ်ချက်စဉ်းစားလိုက်၏။

သူ့အား ဂူညီနောင်က ကျေးဇူးရှင်အဖြစ် အားကိုးနေကြပြီဖြစ်၏။

ထို့ကြောင့် ဂူညီနောင်အား ပြောပြသော်လည်း စိုးရိမ်စရာမရှိဟု ယူဆလိုက်သည်။

သူက သက်ပြင်းချရင်း ....

“အင်း .... မင်းတို့သိအောင် ပြောလို့ရပါတယ် .... ငါလည်း မအိပ်ချင်ပါဘူး .... ကျွန်းကိုပြန်ချင်တဲ့အကြောင်းကတော့ အဲဒီကျွန်းမှာ ငါ့ရဲ့ဆရာ ကျန်နေခဲ့လို့ပဲ .... ”

ဂူညီနောင်မှာ အံ့အားသင့်ပြီးရင်း သင့်နေကြရတော့၏။

စင်ယောက်က သူ့အသက်သည် တစ်ရာသုံးဆယ့်နှစ်နှစ်ရှိပြီဟု ပြောထားခဲ့သည် မဟုတ်ပါလော။

ယခု သူ၏ဆရာဆိုလျှင် မည်မျှရှိမည်နည်း။



ဂူညီနောင်တို့က အံ့ဩစွာ မေးကြ၏။

“ခင်ဗျားမှာ ဆရာရှိသေးတယ် ဟုတ်လား .... သိပ်အံ့ဩစရာကောင်းတာပဲ .... ကျွန်းပေါ်မှာ ခင်ဗျားတစ်ယောက်တည်းတွေ့လို့ လူထူးလူဆန်းလို့ အောက်မေ့နေခဲ့တာ .... ”

“ဟား .... ဟား .... ဟား .... ဒါ မထူးဆန်းပါဘူး .... ”

“ခင်ဗျားအသက်တောင် အရမ်းကြီးနေပြီ .... ခင်ဗျား ဆရာဆိုရင် အသက်က နည်းမှာမဟုတ်ဘူးနော် .... ”

စင်ယောက်က မထိန်းနိုင်ဘဲ ရယ်မောလိုက်ပြီး ....

“အေး .... ငါ့ဆရာအသက်က တစ်ရာ့ခုနစ်ဆယ် မကတော့ဘူးကွ .... ငါ့ထက် အသက်အများကြီးကြီးတယ် .... ”

ဝူယန်ကျူးက မေး၏။

“ခင်ဗျားဆရာနာမည်ကကော ဘယ်သူတဲ့လဲ .... ”

စင်ယောက်က ကျေနပ်စွာရယ်မောရင်း ....

“ငါ့ဆရာနာမည်ပြောလိုက်ရင် မင်းတို့ လန့်သွားနိုင်တယ် .... မင်းတို့လာတုန်းက ငါ့ဆရာက ကျွန်းပေါ်မှာ မြေမြှုပ်ပြီး သိုင်းပညာကျင့်နေတယ် .... ဒါကြောင့် မင်းတို့ မတွေ့ခဲ့တာဘဲ .... ကဲ .... ကဲ၊ လှေတွေကိုသာ ကျွန်းကို ပြန်လှည့်ခိုင်းလိုက်ပါ .... ”

“မြေမြှုပ်ပြီး သိုင်းပညာလေ့ကျင့်တယ် ဟုတ်လား .... ”

ဂူညီနောင်မှာ လန့်ပြီးရင်း လန့်နေရှာလေတော့၏။

စင်ယောက်မှာ အချိန်ကို တွက်ဆလိုက်၏။

သူတို့ ပြန်လှည့်သည့်ခရီးနှင့် ထိုကျွန်း ပြန်ရောက်ချိန်၌ သုံးရက်ရှိမည် ဖြစ်၏။ သူ့ဆရာထံ အချိန်မီပြန်ရောက်လျှင် သူ့အတွက်ရော သူ့ဆရာအတွက်ပါ ကောင်းမည်ဟု ယူဆလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာ့ထံမှ ပညာနည်းနည်းပါးပါးကလေး ရလိုက်ရုံဖြင့် ပင်လယ်ဓားပြများ၏ခေါင်းဆောင် လုပ်နိုင်ခဲ့လျှင် ပညာအများကြီးရပါက အဘယ်မှာလျှင် ဆိုဖွယ်ရာရှိပါတော့မည်နည်း။

ထို့ကြောင့် သူသည် ဆရာ့ထံ အမြန်ပြန်ချင်နေသည်။

ငှယန်ချင်တို့မှာ စင်ယောက်စကားကို မပယ်ရှားဝံ့ပါ။

လှေများကို နောက်ကြောင်းပြန်လှည့်ရန် အမိန့်ပေးလိုက်၏။

"တို့လှေတွေ နောက်ပြန်လှည့် .... ရတနာမြှုပ်မယ့်ကျွန်းကို ပြန်သွားကြမယ် .... "

ငှယန်ချင်၏အော်သံသည် ဟိန်း၍ထွက်လာ၏။ တိုက်လှေလေးစင်းသည် ရေကြောင်း လေကြောင်း ကောင်းကောင်းမိလျက် ဟူရန်ဖုံ့ရှိရာကျွန်းသို့ တရိပ်ရိပ် ရွက်လွှင့်ပြန်လာကြလေသတည်း။

စာစဉ်(၄)ပြီး၏။

စာစဉ်(၅)ကိုဆက်လက်ဖတ်ရှုပါရန်။

တက္ကသိုလ်နေလင်းအောင်

www.burmeseclassic.com